# ဗိုလ်မှူးမိုးဟိန်းနှင့်
# ကရင့်တော်လှန်ရေး

မန်းအိုင်ရှောင်း(ရောမြေ)



# ဗိုလ်မှူးမိုးဟိန်းနှင့် ကရင့်တော်လှန်ရေး

မန်းအိုင်ရှောင်း(ရောမြေ)

# မာတိကာ


လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာန၏ အမှာစာ ၁

စာရေးသူ၏ အမှာစာ ၃

၁။ ငယ်စဉ်ဘဝ ၅

၂။ အငယ်ဆုံးတော်လှန်ရေးသမား ၈

၃။ ပတ္တမြားလက်စွပ် ၁၀

၄။ ကရင့်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ ကရင့်ပြည်သူ့ ပြောက်ကျားတပ်မတော်။ ၁၂

၅။ သံလျင်ကို ဝင်ရောက်စီးနင်းခြင်း ၁၄

၆။ မိကျောင်းခြံတိုက်ပွဲ ၁၅

၇။ တာတပေါ်စစ်ဆင်ရေး ၁၆

၈။ မောလေးတိုက်ပွဲ ၁၇

၉။ စစ်ဆင်ရေးကာလ အခြားတိုက်ပွဲများ ၁၈

၁၀။ တိုက်တိုင်းအောင်၊ တိုက်ပွဲကျော် ၁၉

၁၁။ ဝါးတောကျင်ဖိုတိုက်ပွဲ ၂၂

၁၂။ သဇင်ရေကျော်တိုက်ပွဲ ၂၃

၁၃။ ဗဟိုလုံခြုံရေးတာဝန် ၂၄

၁၄။ အမုန်းစကား ၂၇

၁၅။ KNUP (Karen National United Party) နှင့် KRC (Karen Revolutionary Council) အကွဲအပြဲ ၂၈

၁၆။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် မဒညတ(အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု) ၃၀

၁၇။ ABKO (All Burma Karen Organisation) ဗမာနိုင်ငံလုံး ဆိုင်ရာ ကရင်အဖွဲ့အစည်း ၃၃

၁၈။ သဘောထားကွဲလွဲမှုကြောင့် KNUP အတွင်း အကွဲအပြဲ ၃၅

၁၉။ နယ်မြေလုပွဲ ၃၈

| | | |
|---|---|---|
| ၂၀။ | အမှတ် (၃)ခရိုင် ရွေးကောက်ပွဲ | ၄၃ |
| ၂၁။ | ကေအဲန်ယူပါတီနှင့် မြောက်ပိုင်းခရီးစဉ် | ၄၇ |
| ၂၂။ | ဖြတ်လေးဖြတ် ပိတ်ဝိုင်းစစ်ဆင်ရေး | ၅၄ |
| ၂၃။ | အမျိုးသားလွတ်မြောက်ရေး၊ လူတန်းစားလွတ်မြောက်ရေး | ၅၆ |
| ၂၄။ | တိုက်တိုင်းအောင်ပူးတွဲစစ်ကြောင်း | ၅၉ |
| ၂၅။ | အငတ်ဘေးဒဏ် | ၆၁ |
| ၂၆။ | မြစ်ဝကျွန်းပေါ် ကိုပြန်ဆင်းပါ | ၆၄ |
| ၂၇။ | နေရစ်တော့မြစ်ဝကျွန်းပေါ် | ၆၆ |
| ၂၈။ | စစ်တောင်းမြစ်ဖြတ်ကူးတိုက်ပွဲ | ၆၉ |
| ၂၉။ | လက်နက်အပ်ပါ | ၇၃ |
| ၃၀။ | အမျိုးသားချင်း ပြန်လည်ပေါင်းစည်း | ၇၄ |
| ၃၁။ | တပ်ရင်း (၁၄) ဖွဲ့စည်းခြင်း | ၇၆ |
| ၃၂။ | ဗီယက်နမ်စစ်ပွဲသို့ | ၇၈ |
| ၃၃။ | မော်ဖိုးကေတိုက်ပွဲ | ၈၁ |
| ၃၄။ | ဖလူးတိုက်ပွဲ | ၈၃ |
| ၃၅။ | တပ်မဟာ (၆)၊ ဒူးပလာယာခရိုင်သို့ အလည်တစ်ခေါက် | ၈၉ |
| | ဗိုလ်မှူးမိုးဟိန်းအထုပ္ပတ္တိအကျဉ်း | ၉၅ |

Independence Karen Historical Research Association (IKHRA)

# လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာန၏
# အမှာစာ

မပြီးဆုံးသေးသော ကရင့်တော်လှန်ရေးသည် ဆယ်စုနှစ်ပေါင်းများစွာ ကြာညောင်းလာခဲ့သည်နှင့်အမျှ ကြွေလွင့်ခဲ့ရသော မျိုးချစ် အာဇာနည်များမှာလည်း အထောင်ထောင် အသောင်းသောင်း ရှိခဲ့ပြီ။ ထိုသို့ များမြောင်လှစွာသော မျိုးချစ်တော်လှန်ရေးသမားများ၊ ကရင့်အာဇာနည်အပေါင်းတို့အား တစ်ဦးချင်း လိုက်လံမှတ်တမ်းတင် ဖော်ထုတ်နိုင်ရန်မှာ လွယ်ကူသောကိစ္စမဟုတ်။

သို့သော် AKO အဖွဲ့ဝင် **မန်းအိုင်ရှောင်း(ရောမြေ)**က ကရင့်တော်လှန်ရေး ခေါင်းဆောင်တစ်ဦးဖြစ်သူ **ဗိုလ်မှူးမိုးဟိန်း**၏ အတ္ထုပ္ပတ္တိကို တာဝန်ယူရေးသားပြီး ထုတ်ဝေရန်အတွက် အမှာစာတစ်စောင် တောင်းခံလာသဖြင့် လွတ်လပ်သော ကရင့်သမိုင်းသုတေသနအသင်းအနေနှင့် အတိုင်းမသိ လွန်စွာဝမ်းမြောက်ရပါသည်။ တာဝန်ယူထုတ်ဝေမည့် **AKO ဩစတေးလျကရင်**အသင်းအားလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် သူ၏လုပ်ဖော်ကိုင်ဘက်များကလည်း ပြီးစီးအောင်မြင်သည်အထိ ဖြည့်စွက်ခြင်း၊ အကြံပြုပေးခြင်းဖြင့် ဝိုင်းဝန်းကူညီခဲ့ခြင်းကြောင့်သာ စာအုပ်ထုတ်ဝေနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အမှန်တကယ် အချိန်ယူ အားစိုက် ခွန်စိုက်ရေးသားခြင်းမှစ၍ ထုတ်ဝေနိုင်သည်အထိ ကြိုးပမ်းခဲ့သူ မန်းအိုင်ရှောင်း(ရောမြေ)ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဗိုလ်မှူးမိုးဟိန်း၏ ငယ်စဉ်ဘဝ၊ ပြင်းထန်သော လူမျိုးရေးပဋိပက္ခ၊ လူမှုရေးခွဲခြားဖိနှိပ်အုပ်ချုပ်မှုစနစ်ကြောင့် ပညာသင်ကြားရမည့်ကျောင်းသားအရွယ် ၁၃ နှစ်သားမှာပင် လက်နက်ကိုင်တော်လှန်ရေးထဲသို့ ရောက်ခဲ့ရကြောင်းသိရပါသည်။ ထို့ကြောင့် အခြေခံစစ်ပညာနှင့် လက်နက်ကိုင်တိုက်ခိုက်မှုဆိုင်ရာ နည်းနာများကို ရန်သူ၏ထိုးစစ်ကြီးများအတွင်း၌ လက်တွေ့သင်ကြားခြင်း၊ ကိုယ်တိုင်ကျင့်သုံးခြင်းဖြင့် နှစ်အနည်းငယ်အတွင်း စစ်ရေးခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာသည်မှာ ချီးကျူးစရာကောင်းပါသည်။

**၁၉၅၃ ခုနှစ်**တွင် စတင်ချမှတ်ခဲ့သော နိုင်ငံရေး ဒုတိယလမ်းစဉ်၊ စစ်ရေး နိုင်ငံရေး သင်တန်းများကို အကြိမ်ကြိမ် တက်ရောက်ခဲ့ကြောင်းကို လည်း သိခဲ့ရပါသည်။ ထို့ကြောင့် သူ၏တော်လှန်ရေးသက်တမ်းတစ်လျှောက် မြစ်ဝကျွန်းပေါ် တိုင်း၊ ပဲခူးရိုးမတိုင်း၊ အရှေ့တိုင်းတို့၌ ကေအဲန်ယူပါတီ၏ ဗဟို လုံခြုံရေးတပ်ဖွဲ့များကို ကွပ်ကဲရန် ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံခဲ့ရသူ လည်း ဖြစ်သည်။

ကေအဲန်ယူပါတီအတွင်း နိုင်ငံရေးအယူအဆ ကွဲပြားမှုများအပေါ် ခွဲထွက်မှုများ၊ ပြန်လည်ဆန့်ကျင်တိုက်ခိုက်မှုများတွင် ကေအဲန်ယူပါတီ၏ နိုင်ငံရေးသဘောတရား လမ်းညွှန်မှုအပေါ် အခိုင်အမာရပ်တည်ခဲ့သူ၊ ဗဟို လုံခြုံမှုကိုလည်း အထူးဂရုပြုခဲ့သူတစ်ဦး ဖြစ်ခဲ့သည်။

ထို့အပြင် တပ်ပေါင်းစုဆိုင်ရာ စစ်ရေးပူးတွဲလုပ်ငန်းများတွင် မဟာ မိတ်များ၏ ယုံကြည်အားထားမှုကိုရခဲ့သူ တပ်မှူးကောင်းတစ်ယောက် ဖြစ် ကြောင်းကိုလည်း သိရှိရသည်။

**၁၉၇၅ ခုနှစ်** KNUP ကို ဖျက်သိမ်းပြီး KNU အတွင်း ပူးပေါင်း လုပ် ဆောင်ရာတွင် နိုင်ငံရေးအယူအဆများ ကွဲပြားခြင်း၊ အထင်အမြင် လွဲမှားမှု များ ရှိခဲ့သော်လည်း ခေါင်းဆောင်များ၏ ရှေ့ဆောင်မှုကို အကြွင်းမဲ့ နာခံခဲ့ပြီး အဆင်ပြေပြေနှင့် ရင်ဆိုင်ခဲ့သူတစ်ဦး ဖြစ်ပါသည်။

ဤစာအုပ်သည် ဗိုလ်မှူးမိုးဟိန်း၏ ပြည့်စုံသော ဘဝဖြတ်သန်းမှု မဟုတ်သော်လည်း တော်လှန်ရေးဖြစ်စဉ်၊ တော်လှန်ရေး၏ လှိုင်းတံပိုး အနိမ့် အမြင့်၊ တော်လှန်ရေးအတွင်း ဘဝရုန်းကန်မှုကို တစေ့တစောင်း ဖော်ပြနိုင် မည်ဟု ယုံကြည်ပါသည်။

တာဝန်ခံ
လွတ်လပ်သော ကရင့်သမိုင်း သုတေသနအသင်း
၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်

# စာရေးသူ၏အမှာစာ

ဤစာအုပ်ကို ရေးသားရသည့် အဓိကအကြောင်းအရင်း ရည်ရွယ်ချက်မှာ ကရင်တို့၏တော်လှန်ရေးနှင့် ပတ်သက်သော သိသင့်သိထိုက်သည်တို့ကို မျိုးဆက်သစ်လူငယ်များအတွက် ဗဟုသုတအဖြစ် ကျန်ခဲ့စေချင်သောကြောင့်ဖြစ်သည်။

ဗိုလ်မှူးမိုးဟိန်းအကြောင်း ရေးရင်း စဉ်းစားမိသည်မှာ ၂၆ နှစ်နီးပါး မေ့ပျောက်လုဖြစ်နေကြသော ကေအန်ယူပါတီ (KNUP - Karen National United Party)၏ သမိုင်းအကျဉ်းကို ပြန်လည်ဖော်ထုတ်ရန် အရေးကြီးသည် ဟူသည့် အချက်ပင် ဖြစ်ပါသည်။

ကေအန်ယူပါတီနှင့်အတူ မွေးဖွားလာသော ကရင့်လွတ်မြောက်ရေးတပ်မတော် (KPLA - Karen People Libration Army) နှင့် (KPGF - Karen People Guerrilla Forces) တို့၏သမိုင်းကိုပါ တစ်ဆက်စပ်တည်း ဖော်ပြရေးသားပေးလိုက်ပါသည်။


ယခုကဲ့သို့ စာအုပ်ရေးသားခြင်း၊ ထုတ်ဝေခြင်း ကိစ္စအဝဝတို့ကို အဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကူညီပေးကြသော Australian Karen Organisation (Queensland နှင့် New South Wales Branch) တို့မှ AKO ဝိုင်းတော်သားများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် အထူးသဖြင့် ဗိုလ်မှူးမိုးဟိန်း၏ ရေးသားချက်အားလုံးကို စ လယ် ဆုံး တည်းဖြတ်ပေးသူ အကြံပေးသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ...

မန်းအိုင်ရှောင်း(ရောမြေ)

## ၁။ ငယ်စဉ်ဘဝ

**ဗိုလ်မိုးဟိန်း**၏ ငယ်စဉ်ဘဝမှာ **တွံ့တေး**မြို့နယ် **ကြံချပ်**ကျေးရွာမှ စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထိုရွာကလေးသည် ဆိပ်ကြီး၊ ခနောင်တို၊ ပုပ္ပား၊ မော်တော၊ ကော့မှူး၊ ကရင်ချောင်း၊ သဘင်ကြီး၊ မိကလတ်၊ ကွမ်းခြံကုန်း အစရှိသော ကျေးရွာတို့နှင့် ဆက်စပ်လျက်ရှိပါသည်။ အိမ်ခြေ **၁၃၀** ခန့် ရှိပြီး လူဦးရေအားဖြင့် **၇၅၀-၈၀၀** ခန့်ရှိသည်။ မိရိုးဖလာယုံကြည်မှု၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ စသဖြင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ကြသည်။ လယ်ယာ၊ ဥယျာဉ်ခြံ၊ ကိုင်းလုပ်ငန်းဖြင့် ရိုးသားကြိုးစားစွာ အသက်ရှင် ရပ်တည်ကြသူများ ဖြစ်ကြပါသည်။

ဗိုလ်မိုးဟိန်းကို မိခင် **နန့်ငွေရီ**၊ ဖခင် **မန်းသာအေး**တို့မှ မွေးဖွားခဲ့ပါသည်။ အမေဘက်က အဘိုး၊ အဘွားများမှာ ပန်းတနော်၊ ဆယ့်နှစ်ရွာ **ပေပင်တောင်**ဘက်မှဖြစ်ပြီး အဖေဘက်ကမူ ညောင်တုန်းဘက်မှ ဖြစ်ပါသည်။ မွေးချင်း ဆယ်ယောက်အနက် ရှစ်ယောက်မြောက်သား ဖြစ်ပါသည်။ မွေးချင်းများမှာ **သာမောင်၊ သာလှ၊ အောင်သိန်း၊ မစိန်မြိုင်၊ ပန်းညို၊ မအုန်းလှိုင်၊ မအပုံ၊ မိုးဟိန်း၊ လွန်းကြိုင်၊ မြသန်း**တို့ ဖြစ်သည်။ **၁၉၄၇ ခုနှစ် နိုဝင်ဘာ ၁၇ (မြန်မာသက္ကရာဇ် ၁၃၀၂ ခုနှစ် တန်ဆောင်မုန်း လပြည့်)** နေ့တွင် ဖွားမြင်သော သူ့ကို **သံဖြူချောင်း**ကျေးရွာ ကျောင်းထိုင်ဆရာတော်က **မိုးဟိန်း** ဟု အမည်ပေးခဲ့သည်။ သူ့ကို အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းသည့် လပြည့်နေ့တွင် မွေးဖွားခဲ့သည်ကို အကြောင်းပြု၍ ဤနာမည် မှည့်ပေးခဲ့ခြင်း ဖြစ်ပါသည်။ အိမ်အမည် (Nick Name) မှာ **သန်းရှိန်** ဖြစ်ပါသည်။ ၅ နှစ်သားအရွယ်တွင် ဘုန်းကြီးကျောင်းတွင် စာရေး၊ စာဖတ် စတင်


IRRAWADDY
PEGU
TWANTE CANAL
BHIKU CHAUNG
RIVER
MA-UBIN
KYAIKLAT
PYAPON

သင်ကြားခဲ့သည်။ ထိုစဉ်က မကြာခဏ တိုက်ပွဲဖြစ်နေခဲ့သည့် ကာလဖြစ်၍ မိုးဟိန်းသည် အမြဲ ရှောင်ရင်း တိမ်းရင်းဖြင့် ကျေးရွာ မူလတန်းကျောင်းမှာပင် အရေးအဖတ် တတ်ရုံမျှ ပညာသင်ခဲ့ရပါသည်။

သူ့မိခင်၏ ပြောပြချက်အရ ဒုတိယကမ္ဘာစစ်မတိုင်မီ ဖခင်၏ဖခင် **ဦးသက်ပြင်း**၊ မိခင်၏အစ်ကို **ဦးသက်စိန်**တို့သည် ဗမာရွာ **တိန်ချောင်း**အရပ်တွင် အရောင်းအဝယ်ကိစ္စနှင့်စကားများကြရာမှ ရွာသား (၁၃)ဦးကို ခုတ်သတ်ခဲ့သည်။ အင်္ဂလိပ်ရဲတို့ လာရောက်ဖမ်းဆီးပြီး တစ်ကျွန်းပို့ရန် ရဲစခန်းတွင်း ချုပ်နှောင်ထားစဉ် အဘိုးနှင့် ဘကြီးသည် ပုလိပ်အစောင့် (၂)ယောက်ကို သတ်၍ ရှမ်းပြည်ဘက်ကို ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ပုလိပ်တို့က မိုးဟိန်း၏မိခင်ကို လာရောက်မေးမြန်း ရိုက်နှက်စစ်ဆေးကြရာ သွေးအတောင့်လိုက် အန်ကျသည်ထိပင်။ ထိုအချိန်မှစ၍ အဘိုးနှင့် ဘကြီးတို့၏ သတင်းကို စိုးစဉ်းမျှ မကြားရတော့ကြောင်း သူ့မိခင်မှ ပြန်ပြောင်းပြောပြခဲ့လေသည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန် မွေးဖွားလာသောသူ့ကို မိသားစုက ခက်ခဲစွာ ကျွေးမွေးပြုစုခဲ့ရသည်ဟု ဦးလေးများက ပြန်ပြောကြသည်။ ကြံချပ်ရွာ တစ်ဖက်ကမ်းရှိ ဗမာရွာမှ ရွာသူကြီး ဦးဖိုးသာသည် ရောင်းဝယ်ရေး၊ လူမှုရေး ကိစ္စတို့မှာ မကျေမချမ်းဖြစ်သည့်အခါတိုင်း နစ်လုံးပြူးသေနတ်ဖြင့် ကြံချပ်ရွာဘက်ကို ပစ်ခတ်လေ့ရှိသည်။ ထိုအခါ ကြံချပ်ရွာသားများက လောက်လွှဲ၊ ဒူးလေးများဖြင့် ပြန်လည်ပစ်ခတ်သည့်အတွက် ကရင်၊ ဗမာ အဓိကရုဏ်းဖြစ်လာတော့သည်။

ဤသို့နှင့် **မလက်တို၊ ကြည်ဆိပ်** ဗမာရွာကြီးနစ်ရွာနှင့် ရန်ကုန်အရှေ့ဘက်ခြမ်းရှိ **ကလီထော်**ရွာကြီးတို့ မီးလောင်ပြာကျခဲ့ရသည်။ ဗမာနှင့် ရင်းနှီးသော ကရင်များက ထွက်ပြေးတိမ်းရှောင်လာလျှင် ဗမာတွေက ဝှက်ထားပေးခဲ့သလို၊ အသက်လုပြေးရသည့်ကရင်များကို ခင်မင်ရင်းစွဲရှိသည့် ဗမာများက ဝှက်ထားပေးခဲ့ရတဲ့ အဖြစ်များရှိခဲ့ကြောင်း သူ့ဦးလေးများထံမှ မိုးဟိန်း ကြားသိခဲ့ရပါသည်။

## ၂။ အငယ်ဆုံးတော်လှန်ရေးသမား

ဒုတိယကမ္ဘာစစ် စတင်ချိန်တွင် သန်းရှိန်(ခေါ်)မိုးဟိန်းမှာ (၂)နှစ် အရွယ်သာသာ ရှိပါသေးသည်။ ဂျပန်ခေတ်တစ်လျှောက်တွင် သူသည် သိတတ်စ ဖြစ်လာပြီမို့ စစ်၏အနိဋ္ဌာရုံများကို ကြုံကြိုက်ခဲ့ရပြီး ကောင်းစွာ ခံစားမှတ်မိခဲ့လေသည်။

တော်လှန်ရေးစတင်ချိန်တွင် သူ့အစ်ကို၊ ဆွေမျိုးများနှင့် ရွာသားများက ဝါးချွန်များ၊ ဒူးလေးများနှင့် စစ်သင်တန်း ဆင်းနေသည်ကို တွေ့ခဲ့ရသည်။ အစိုးရတပ်နှင့် ကရင်တို့ တိုက်ခိုက်ကြရင်း သူ၏အစ်ကို **သာမောင်** နှင့် **အောင်သိန်း**တို့ ကျဆုံးသွားခဲ့ပြန်သည်။ ဤသို့ဖြင့် မိုးဟိန်းသည် အသက် (၁၃)နှစ်အရွယ် **၁၉၅၃ ခုနှစ်**တွင် တော်လှန်ရေးထဲ စတင်ဝင်ရောက်လာခဲ့သည်။ ကြံချပ်ရွာအနီး ရွာသစ်ကုန်းရွာတွင် ခေတ္တစခန်းချထားသော **တပ်ရင်း (၁၀)** တပ်ရင်းမှူးထံတွင် တော်လှန်ရေးလုပ်ရန် စာရင်းသွင်းသည့်အခါ



၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက် (၈-၄-၂၀၁၈)နေ့တွင် အသက် ၁၀၀ ပြည့်ခဲ့ပြီဖြစ်သော တောကြီးတန်းတပ်ရင်း ၁၀ (10 Delta Rifle)၏ ဒုတပ်ခွဲမှူး ဗိုလ်ဖုန်းမို (ခ) ဗိုလ်စိုးစံ။ (၂၀၂၁ခုနှစ် နိုဝင်ဘာလတွင် ရိုက်ထားသော ဓာတ်ပုံဖြစ်သည်)

တပ်ခွဲမှူး **ဗိုလ်သာဒွန်း**က အသက်ငယ်သေး၍ ကျောင်းပြန်နေရန် အကြံပေးသော်လည်း မိုးဟိန်းက "ကျောင်းနေ မပျော်၊ တော်လှန်ရေးသာ လုပ်လိုပါသည်" ဟု တောင်းဆိုခဲ့သည်။ နောက်ဆုံး တပ်ခွဲမှူးက "ဘယ်နှစ်နှစ် လုပ်မလဲ" ဟု မေးလေလျှင် "၅ နှစ် လုပ်မည်" ဟု ကတိဖြင့် **တပ်ခွဲမှူး ဗိုလ်သာဒွန်း** နှင့် **ဒုတပ်ခွဲမှူး ဗိုလ်ဖုန်းမို**တို့မှ လက်ခံခဲ့သောကြောင့် ဗိုလ်မိုးဟိန်းသည် အငယ်ဆုံးတော်လှန်ရေးသမား ဖြစ်လာခဲ့တော့သည်။

(၆) လ အကြာတွင် တပ်ကြပ်တာဝန်ပေးအပ်ခံရပြီး တစ်နှစ်အကြာတွင် တပ်စုမှူးဖြစ်လာခဲ့ပါသည်။ **၁၉၅၃ ခုနှစ်**မှ **၁၉၅၇ ခုနှစ်**အထိ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းနယ်မြေတို့တွင် လှည့်လည်လှုပ်ရှား တိုက်ခိုက်ခဲ့သည်။ **တွံတေး တောကြီးတန်း**တစ်နေရာတွင် **တပ်ရင်း (၁၀) တပ်ရင်းရုံး**ကို စိုက်သည်။ အလံနီကွန်မြူနစ်ပါတီလည်း တောကြီးတန်းတွင် ရုံးစိုက်နေရာ ကရင်နှင့် အလံနီကွန်မြူနစ်ပါတီတို့သည် "ဘုံရန်သူအား အတူပူးတွဲတိုက်ခိုက်မည်" ဟု သဘောတူလက်ခံထားခဲ့ကြသည်။ ရံဖန်ရံခါ ရန်သူကို ပူးတွဲ တိုက်ခိုက်ကြသည်။ ရံဖန်ရံခါ မတူသော တိုက်ကွင်း၊ တိုက်ကွက်တို့ဖြင့် သီးခြားလွတ်လပ်စွာ လှုပ်ရှားခဲ့ကြပါသည်။

အလံနီပါတီတပ်မှ ရဲဘော် **လှေနိုက်ကြီး**၊ ရဲနီမယ် **မပုကြီး** တို့သည် တွံတေးမြို့ထဲရှိ ရဲစခန်း၊ မြို့နားရှိ တပ်စု- တပ်စွဲ ဖုတ်စခန်း၊ ဘန်ကာတို့ကို တိုက်ခိုက်ရာတွင် လက်သံပြောင်ခဲ့သည်။ ရန်သူ့လက်နက်တွေလည်း ရခဲ့သည်။ "သေရဲ၊ သတ်ရဲ၊ အနိုင်ယူရဲသည်" ဆိုသည်မှာ အလံနီပါတီ၏ တိုက်ပွဲဆောင်ပုဒ် ဖြစ်ပါသည်။ ရန်သူ့စခန်းကို ပူးတွဲတိုက်ခိုက်ကြသည့်အခါ အချိတ်အဆက်ရှိရှိ တိုက်ခိုက်နိုင်သည်များရှိသကဲ့သို့ အချို့တိုက်ပွဲများတွင် ချိန်ကိုက်မှု၊ အစီအစဉ်လွဲမှားမှုများကြောင့် အထိနာ ဆုတ်ခွာရမှု၊ လက်လွှတ်ဆုံးရှုံးရမှုများလည်း ရှိခဲ့ပါသည်။ များသောအားဖြင့် နားလည်မှုရှိခြင်း၊ သတ္တိရှိခြင်း၊ အနစ်နာခံခြင်းတို့ကြောင့် အောင်မြင်မှုများရရှိခဲ့သည်ဟု ဆိုရပေမည်။

**၁၉၄၅-၁၉၅၂ ကော်သူးလေအစိုးရအဖွဲ့**၏ အုပ်ချုပ်ရေးစနစ်မှာ ဗြိတိသျှအစိုးရအဖွဲ့မှ မြန်မာပြည်ကိုအုပ်ချုပ်သည့် CAS (Civil Affairs

Service (Burma) စစ်အုပ်ချုပ်ရေးပုံစံအတိုင်း **CAS (K) Civil Affairs Service (Kawthoolei)** ဟူ၍ စစ်အုပ်ချုပ်ရေးပုံစံအတိုင်း အုပ်ချုပ်နေသောကာလ ဖြစ်ပါသည်။

## ၃။ ပတ္တမြားလက်စွပ်

တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း နယ်မြေတို့တွင် ပြောက်ကျားစစ်အသွင်ဖြင့် လှုပ်ရှားတိုက်ခိုက်ကြစဉ်ကာလ၌ ကြံချပ်ရွာမှ ဗိုလ်မိုးဟိန်း၏ ဆွေမျိုးများ၊ သူငယ်ချင်းများသည် လယ်လုပ်ငန်းပြီးစီးပြီးချိန်တွင် အပျော်တမ်း တိုက်ခိုက်ရေးသမားများအဖြစ် ဝင်ရောက်လာကြပါသည်။ ဒဏ်ရာရသူ၊ အသက် စွန့်လွှတ်ရသူ အနည်းငယ်ရှိခဲ့သည်။ ထိုသူတို့သည် ရွာသို့ မပြန်တော့ဘဲ စစ်ကြောင်းနှင့်အတူ လိုက်ပါလာကြသည်။ ဗိုလ်မိုးဟိန်းသည် တိုက်ပွဲများတွင် အောင်ပွဲရလာသောကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် နာမည်ကျော်လာသည်။ ချစ်ခင်သူတွေ ပေါများလာခဲ့သည်။

တစ်နေ့၌ **ကျိုက်ထော်**ရွာမှ ပိုးကရင်စကားပြောတတ်သော တရုတ်ကြီးတစ်ယောက်သည် ဗိုလ်မိုးဟိန်းအား ပတ္တမြားလက်စွပ်တစ်ကွင်း လက်ဆောင်အဖြစ် ပေးခဲ့လေသည်။ ထိုလက်စွပ်မှာ သူ၏ကုန်စုံဆိုင်တွင် လာရောက်ပေါင်နှံထားသူ ကွယ်လွန်သွားသောကြောင့် လာ၍မရွေးနိုင်တော့သော အပေါင်ဆုံးပစ္စည်းဖြစ်ကြောင်း၊ ထိုလက်စွပ်မှာထူးခြားကြောင်း၊ ကျည်လွဲစေသော အဆောင်ကောင်းဖြစ်သည်ဟု ယုံကြည်သောကြောင့် ကောင်းမွန်စွာ ဝတ်ဆင်ထိန်းသိမ်းစေလိုကြောင်း မှာကြားလိုက်လေသည်။ ဗိုလ်မိုးဟိန်း၏ ဖခင်မှာ လက်ဖွဲ့၊ အဆောင်၊ ကျည်လွဲ စသည်တို့ကို ယုံကြည်မှုရှိသည့်အားလျော်စွာ သူ့အတွက် စုဆောင်းရှာဖွေပေးသည်လည်း ရှိခဲ့သည်။ ဗိုလ်မိုးဟိန်းမှာမူ ထိုသို့သဘောမျိုးမဟုတ်ဘဲ လက်စွပ်အဖြစ်သဘောထားကာ ဝတ်ဆင်ထားလိုက်ပါသည်။ နောက် လေး-ငါးနှစ်အတွင်း **တာတပေါ်စစ်ဆင်ရေး**တစ်လျှောက်တွင် ကျည်မထိဖူး၊ မည်သို့သောဒဏ်ရာမျှ မရဖူးသည်ကို သတိထားမိခဲ့သည်။

ဗိုလ်မိုးဟိန်းက သူ၏တိုက်ပွဲတော်လှန်ရေးအတွေ့အကြုံများကို သူမှတ်မိသမျှ ပြန်ပြောင်းပြောပြခဲ့ပါသည်။ အရှေ့တိုင်းကော်သူးလေတွင် လုံခြုံရေးအတွက် တာဝန်ယူခဲ့စဉ်ကာလက မြစ်ဝကျွန်းပေါ်မှ ခေါင်းဆောင်များနှင့် အရှေ့တိုင်းကော်သူးလေမှ ခေါင်းဆောင်များသည် တော်လှန်ရေးကိစ္စနှင့် ပတ်သက်ပြီး သဘောထားမတိုက်ဆိုင်ဘဲ ပဋိပက္ခဖြစ်ခဲ့တာမျိုးရှိခဲ့ကြသည်။ ဤသည်ကို ဗိုလ်မိုးဟိန်းက ရှက်လည်းရှက်၊ စိတ်လည်းမကောင်းချေ။

သို့နှင့် သူသည် မြစ်ဝကျွန်းပေါ်သို့လည်း ပြန်မဆင်းလိုတော့သည့်အတွက် သူ့ကိုယ်သူ Stand Gun နှင့် ပစ်သည်။ သို့သော်လည်း ကျည်မထွက်၊ အပေါ်သို့ထောင်ပစ်လေရာ အသံမြည်ဟည်းပြီး ကျည်ထွက်လေသည်။ ရဲဘော်များက ကသောကမျောရောက်လာပြီး မေးမြန်းကြရာ ဘာမှမဖြစ်ကြောင်းပြောပြီး ပြန်နိုင်းလိုက်ရသည်။ ဤသို့ဖြင့် နှစ်အတော်ကြာပြီးနောက် ကရင်အမျိုးသားအချင်းချင်း ပြန်လည်ပေါင်းစည်းပြီးသည့်ကာလ **တပ်မဟာ(၇) တပ်ရင်း(၂၁)**တွင် တာဝန်ထမ်းဆောင်ချိန်၌ **စောထူး** ဟုခေါ်သော အရာခံဗိုလ်တစ်ယောက်က တောင်းသည်နှင့် ထိုပတ္တာမြားလက်စွပ်ကို ပေးလိုက်လေသည်။ စောထူးသည် **မယ်ရာမူ**တွင် ကျဆုံးသွားလေရာ ထိုလက်စွပ် ဘယ်ရောက်သွားသလဲ မသိရတော့ချေ။

## ၄။ ကရင့်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ ကရင့်ပြည်သူ့ပြောက်ကျားတပ်မတော်။

**၁၉၅၃ ခုနှစ် ဇွန်လ (၄)ရက်**နေ့တွင် မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ **ဝိတ်ထောင်ရွာ** (မြဂိုးကြီး)တွင် ကွန်ဖရင့်တစ်ရပ်ကို ခေါ်ယူကျင်းပပြီး ပါတီ၊ တပ်မတော်၊ တပ်ပေါင်းစုဟူသော တော်လှန်ရေးအဆောက်အအုံ (၃)ရပ်ကို ဖွဲ့စည်းခဲ့သည်။ တပ်မတော်တွင်

(က)ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (KPLA)

(ခ) ပြောက်ကျားတပ်မတော် (KPGF)

(ဂ) အမျိုးသားကာကွယ်ရေးတပ်မတော် (KNDO)

တို့ကို ဖွဲ့စည်းခဲ့သည်။

မြစ်ဝကျွန်းပေါ် (KPLA)တပ်မဟာတွင် ဗိုလ်မှူးကြီးမြမောင်က တပ်မဟာမှူး ဖြစ်သည်။

KPLA တပ်ရင်း (၁) - တပ်ရင်းမှူး ဗိုလ်တင်ဦး (နောက်ပိုင်းတွင် ဗိုလ်ကျော်လှိုင် (ခ) မြပုခက်)

KPLA တပ်ရင်း (၂) - တပ်ရင်းမှူး ဗိုလ်သောင်းညွန့်

KPLA တပ်ရင်း (၃) - တပ်ရင်းမှူး ဗိုလ်ဝေးလေ တို့ဖြစ်သည်။

တစ်ဖန် KPLA တပ်ရင်း (၁)၊ တပ်ခွဲမှူးများမှာ-

တပ်ခွဲ (၁)- ဗိုလ်မောင်ဖံ

တပ်ခွဲ (၂)- ဗိုလ်ညာဏ်ခင်

တပ်ခွဲ (၃)- ဗိုလ်ရွှေသိန်း

တပ်ခွဲ (၄)- ဗိုလ်ဖိုးဒန် တို့ ဖြစ်သည်။

ကရင့်ပြောက်ကျားတပ်မတော် KPGF တပ်ရင်း၊ တပ်ခွဲတို့သည် သတ်မှတ်ခရိုင်တွင် လှုပ်ရှားတိုက်ခိုက်သည်။

အမှတ် (၁) ခရိုင် - ဇလွန်၊ ဓနုဖြူ၊ ညောင်တုန်း
KPGF တပ်ရင်းမှူး ဗိုလ်သန်းမြင့်

အမှတ် (၂) ခရိုင် - မြောင်းမြ၊ ဝါးခယ်မ၊ လပွတ္တာအရှေ့၊ မော်လမြိုင်ကျွန်း
KPGF တပ်ရင်းမှူး ဗိုလ်ကွက်ကော့

အမှတ် (၃) ခရိုင် - မအူပင်၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ တွံတေး
KPGF တပ်ရင်းမှူး ဗိုလ်မောင်ချစ်

အမှတ် (၄) ခရိုင် - ဇလွန်၊ ထူးကြီး၊ ဟင်္သာတ
KPGF တပ်ရင်းမှူး- ဗိုလ်သက်ဖော၊ ဗိုလ်ဖရန်စစ်၊ ဇေလိယ

အမှတ် (၅) ခရိုင် - ဖျာပုံမြို့နယ်အပါအဝင် လပွတ္တာအနောက်၊ ဒေးဒရဲ၊ ငွေသောင်ယံ၊
KPGF တပ်ရင်းမှူး ဗိုလ်ပြူး

အမှတ် (၇) ခရိုင် - ကျုံပျော်၊ ကျောင်းကုန်း၊ ဓနုဖြူအရှေ့ခြမ်း၊ ပန်းတနော်
KPGF တပ်ရင်းမှူး ဗိုလ်မှူးဖန်းရှောင်း (နောက်ပိုင်းတွင် ဗိုလ်သန်းရှိန်)

အမှတ် (၈)ခရိုင် - ငပုတော၊ သာပေါင်း၊ ပုသိမ်အရှေ့ခြမ်း၊ သင်္ဘောကျင်းမြို့နယ်၊
KPGF တပ်ရင်းမှူး ဗိုလ်မှူးဂျော်နီ၊ ဗိုလ်ကြီးအောင်သန်း

*မှတ်ချက် - KPLA တပ်ရင်း (၄)နှင့် အမှတ် (၆)ခရိုင် KPGF တပ်ရင်းနှင့် တပ်ခွဲကို ပဲခူးရိုးမအနောက်ဖက်ခြမ်းတွင် ထားရှိ လှုပ်ရှားတိုက်ခိုက်စေသည်။*

## ၅။ သံလျင်ကို ဝင်ရောက်စီးနင်းခြင်း

ဗိုလ်မိုးဟိန်းသည် သံလျင်တိုက်ပွဲတွင် **ဗိုလ်ကျော်လှိုင်**၏ ခေါင်းဆောင်မှုအောက်၌ ပါဝင်ခဲ့ပါသည်။ လူအစိတ်ခန့် ဆံ့သော လှေကြီးတစ်စီးကို သုံးလခန့်ကြို၍ ကြိုတင်စီစဉ်ခဲ့သည်။ လဆုတ်ရက်ကိုရွေးပြီး တိုက်မည့်နေ့တွင် နံနက်စောစောကတည်းက သံလျင်ချောင်းထဲရောက်အောင် အစီအစဉ်ဆွဲထားခဲ့ကြသည်။

တိုက်ပွဲနေ့တွင် နံနက် (၄) နာရီခန့်က စထွက်ခဲ့ကြရာ ဝေလီဝေလင်းအချိန်တွင် ရန်ကုန်မြစ်ဝကိုဖြတ်ပြီး သံလျင်ချောင်းအတွင်းသို့ ရောက်နှင့်နေလေပြီ။ အုံ့အုံ့ဆိုင်းဆိုင်းရှိသော ဓနိပင်အောက် ချောင်းကမ်းစပ်မှာ ခဏရပ်ပြီး မလှမ်းမကမ်းရှိ ကားလမ်းဘက်ကို လျှောက်လာခဲ့သည်။

ပတ်ဝန်းကျင်အနေအထားကို လေ့လာအကဲခတ်ရန်ဖြစ်ပါသည်။ နံနက် (၇)နာရီ ခန့်တွင် ကျောက်တန်းဘက်မှလာသော ကားသံကြားသော် ကားကိုထွက်တားကာ ဒရိုင်ဘာနှင့် စပယ်ယာကို ဖမ်းချုပ်၍ အစောင့်နှင့်ထားခဲ့ကြသည်။

ထိုကားဖြင့် ဗိုလ်ကျော်လှိုင် ခေါင်းဆောင်သော ဗိုလ်မိုးဟိန်းတို့တပ်စိတ်သည် ရန်သူ၏ယူနီဖောင်းများဝတ်လျက် ပုံမှားရိုက်ပြီး ပုလိပ်စခန်းကို လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်လိုက်သည်။ ပုလိပ်အချို့သေ၍ အချို့ထွက်ပြေးသွားကြသည်။

ထို့နောက် ငွေတိုက်ထဲရှိ သေတ္တာတစ်လုံးကို ဖောက်ကြည့်သော် အဝတ်အိတ်နှင့်ထည့်ထားသော ငါးမူး၊ တစ်မတ်၊ ဆယ်ပြား စသည့် ပိုက်ဆံအကြွေများကိုသာ တွေ့ရသည်။ ငွေတိုက်မှ သေတ္တာ (၃)လုံးနှင့်အတူ ပုလိပ်တို့၏သေနတ်များကို ကောက်ယူ ထမ်းထုတ်၊ ကားပေါ်တင်ပြီး အမြန် မောင်းထွက်ခဲ့ကြသည်။

လှေကြီးဆိုက်ထားသောနေရာရောက်လျှင် ကားသမားများအား

ကားပြန်ပေးပြီး သူတို့လာရာ ကျောက်တန်းဘက်သို့ ပြန်လွှတ်ပေးလိုက်သည်။ ထို့နောက် ဒလသို့ ကောင်းမွန်စွာ ပြန်ရောက်လာခဲ့သည်။ သံလျင်စီးနင်းမှုတိုက်ပွဲတွင် ဗိုလ်မိုးဟိန်းသည် တပ်ရင်း(၁၀) တပ်ကြပ်တာဝန်ဖြင့် ပါဝင်ခဲ့ခြင်းဖြစ်ပါသည်။

## ၆။ မိကျောင်းခြံတိုက်ပွဲ

**၁၉၅၆ ခုနှစ် ဆောင်းရာသီ**ကာလ၊ ရန်သူ့ရေတပ်မှ စစ်သင်္ဘောငယ်တစ်စီးသည် ရောဝတီမြစ်ကြောင်းအတိုင်း ကျိုက်လတ်မှ မအူပင်သို့ ဦးတည်ခုတ်မောင်းလာခဲ့သည်။ မအူပင်မြစ်ခွဲမှတစ်ဆင့် ရေစီးသန်ပြီး ရေနက်သော **ပံသပွတ်**ချောင်းထဲသို့ဝင်လာစဉ် ဗိုလ်မိုးဟိန်းတို့နှင့် လိုက်ပါလာသော အပျော်တမ်းတိုက်ခိုက်ရေးသမားတို့အနက်မှ တစ်ဦးဖြစ်သည့် **စောကျော်ညွန့်**သည် ကြောက်စိတ်မရှိ၊ အကာအကွယ်မယူဘဲ ကုန်းကမူတစ်ခုပေါ်မှ ရန်သူ့စစ်သင်္ဘောကို စတင်ပစ်ခတ်သည်။



ဗိုလ်ကျော်လှိုင်က မပစ်ရန် အော်ပြောစဉ်မှာပင် စောကျော်ညွန့်မှာ ကျည်ထိမှန်၍ လဲကျသွားသည်။ ဗိုလ်ကျော်လှိုင်လည်း သင်္ချိုင်းအုတ်ဂူတစ်ခုပေါ်တက်၍ စစ်သင်္ဘောကို ပစ်ခတ်ရတော့သည်။ ထိုစဉ် ဗိုလ်ကျော်လှိုင်၏ ညာဘက်ပေါင်ကို ရန်သူ့ကျည်ထိမှန်ကာ လက်လေးသစ်ခန့်ဝင်၍အရိုးကျိုးသွားလေတော့သည်။

KPLA တပ်ရင်း (၁) တပ်ရင်းမှူး ဗိုလ်ကျော်လှိုင် (ခ) မြပုခက်

ရဲဘော်များနှင့် ရွာသားတို့က ဗိုလ်ကျော်လှိုင်အား **ကုတ္တိုလ်စု**ရွာသို့ ထမ်းပို့ရပြီး ထိုမှတစ်ဆင့် ငှက်ပျောကျွန်း **ခတ္တိယ**ရွာတွင် လုံခြုံစွာထားကာ ဗိန္ဒောနည်းဖြင့်ပင် ဆေးကုကြရသည်။ တွံတေး တောကြီးတန်းမှ ဆရာဝန် တစ်ယောက်က သတ္တုချောင်းဖြင့် ပိုးပြီး အရိုးဆက် ကုသပေးခဲ့ရသည်။ ဒဏ်ရာပျောက်ကင်းသွားသော်လည်း ဗိုလ်ကျော်လှိုင်မှာမူ လမ်းကောင်း ကောင်းလျှောက်၍ မရတော့ပေ။

## ၇။ တာတပေါစစ်ဆင်ရေး

ကရင့်တော်လှန်ရေးစတင်၍ **(၆)နှစ်**အကြာတွင် ဖ.ဆ.ပ.လ အစိုးရ က ပြည်တော်သာစီမံကိန်းကို စတင်အကောင်အထည်ဖော်စဉ်ကာလ၌ လက်နက်ကိုင်အင်အားစုများ အလင်းဝင်ကြရန် ရေဒီယို၊ သတင်းစာများမှ တစ်ဆင့် နှိုးဆော်သည့် Campaign လုပ်ခဲ့ကြပါသည်။

**၁၉၅၈ ခုနှစ်** အိမ်စောင့်အစိုးရတက်လာစဉ် **အောင်စစ်သည်၊ မင်းရန်အောင်၊ ဆင်မင်း** အစရှိသော စစ်ဆင်ရေးတို့ဖြင့် ဧရာဝတီတိုင်း မြစ်ဝ ကျွန်းပေါ်နယ်မြေတွင် ကြည်း၊ ရေ၊ လေ အင်အားကို အသုံးပြုပြီး ထိုးစစ် ဆင်လာတော့သည်။ အစိုးရသည် လက်နက်ကိုင်အင်အားစုများကို **(၆)လ** အတွင်း ချေမှုန်းရန်စီစဉ်သော်လည်း တကယ့်လက်တွေ့တွင် အောင်မြင်မှု မရချေ။ အစိုးရစစ်တပ်မှာ အတော်အထိနာလာသည့်အတွက် စစ်ဆင်ရေးကို တစ်နှစ်ထပ်တိုးခဲ့ကြသည်။ ကရင်ဘက်မှ **အမှတ် (၁)**နှင့် **အမှတ် (၃)**ခရိုင် တို့တွင် အစိုးရစစ်တပ်ထိုးစစ်ကို ရိုက်ချိုးနိုင်ခဲ့သည်။

"တာတပေါစစ်ဆင်ရေး" တိုက်ပွဲတစ်ခုလုံး **KPLA တပ်ရင်း (၁)၊ တပ်ရင်းမှူး ဗိုလ်မှူးကျော်လှိုင်**၏ စီစဉ်ကွပ်ကဲမှုအောက်တွင် တိုက်ခိုက်ခဲ့ကြ ပါသည်။

တပ်ရင်း (၁)၏အောက်တွင် တပ်ခွဲ (၄)ခုရှိသည်။ တပ်ခွဲ (၁)၏ တပ်ခွဲမှူးမှာ **ဗိုလ်မောင်ချစ်**၊ ဒု-ခွဲမှူးမှာ **ဗိုလ်မိုးဟိန်း**ဖြစ်ပါသည်။ တပ်ခွဲ (၂)မှူး

မှာ **ဗိုလ်ဉာဏ်ခင်**၊ တပ်ခွဲ (၃)မှူးမှာ **ဗိုလ်ရွှေသိန်း**၊ တပ်ခွဲ (၄)မှူးမှာ **ဗိုလ်ဖိုးဒန်** တို့ ဖြစ်ကြပါသည်။

## ၈။ မောလေးတိုက်ပွဲ

အစိုးရဘက်မှ စစ်ဆင်ရေးအမည်အမျိုးမျိုးဖြင့် ထိုးစစ်ဆင်လာချိန်တွင် ဗိုလ်မှူးကျော်လှိုင် ခေါင်းဆောင်သည့် **မောလေး**တိုက်ပွဲမှာ တိုက်ပွဲကြီးတစ်ခုဖြစ်သည်။ တိုက်ပွဲခွင်သည် ညောင်တုန်းမြို့နယ် ပန်းလှိုင်မြစ်တစ်လျှောက်ဖြစ်သည်။ **ထိန်ကုန်း**ရွာနေ **ဆားမင်း**ဆိုသော ရွာသားတစ်ယောက်ကို မိမိတို့ ကရင့်တပ်ဖွဲ့ရှိသည့်နေရာကို လာရောက်တိုက်ခိုက်ပါရန် စာပို့ခိုင်းလိုက်သည်။ (၃)နာရီလောက်အကြာတွင် ရန်သူတပ် ရောက်လာပြီး ဗိုလ်မိုးဟိန်းတို့ ရှိမည့်နေရာသို့ မော်တာများဖြင့် အတော်ကြာကြာပစ်ခတ်ပါသည်။ ထို့နောက် ရန်သူတပ်စုတစ်စုခန့် တက်လာရာ မိမိဘက်က နေရာယူ စောင့်ဆိုင်းနေသော အင်အား (၆၀)က ထိုရန်သူအားလုံးကို ချေမှုန်းနိုင်ပြီး လက်နက် (၃၀)လက်ကို ရရှိလိုက်သည်။ တစ်နာရီခန့် အကြာတွင် ရန်သူ့လေယာဉ်က တိုက်ပွဲဖြစ်သည့်ခွင်ထဲသို့ ဗုံးများကြဲချရာ ရန်သူအလောင်းများပေါ်သို့ ကျရောက်ခြင်းကြောင့် အလောင်းများ အရိုးတခြား၊ အသားတခြား တစ်စစီ စင်ထွက်ကုန်တော့သည်။ မိမိတို့ဘက်မှ ထိခိုက်မှုမရှိခဲ့ချေ။

ရန်သူက တိုက်ပွဲရပ်နားချိန်တွင် မိမိဘက်မှလည်း ထမင်းကို ကပျာကယာ လုစားရသည်။ သောက်စရာရေ အနီးအနားမှာ မရှိသည့်အတွက် တချို့ရဲဘော်များသည် ကိုယ့်သေးကိုယ်ပြန်သောက်ကြရသည်။ တိုက်ပွဲဖြစ်ချိန်သည် **၁၃၁၈ ခု၊ တန်ခူးလဆန်း** ဖြစ်သည်။ နောက်နာရီဝက်သာသာ၊ တစ်နာရီခန့်တွင် ရန်သူက အမြောက်၊ မော်တာများဖြင့် အဆက်မပြတ် ပစ်ခတ်ပါတော့သည်။ မိမိတို့ဘက်မှလည်း တောစပ်၊ တောတန်းကျောဘက်တွင် နောက်ထပ်သတ်ကွင်းတစ်ခု ပြင်ပြီး တိုက်ခိုက်ရာ နောက်ထပ် ရှေ့ဆင့်နောက်ဆင့် တက်လာသော ရန်သူတပ်ခွဲကို တိုက်ထုတ်နိုင်လိုက်သည်။

တိုက်ပွဲမှာ တစ်နေ့လုံးတိုက်ရသည့် တိုက်ပွဲဖြစ်သည်။

ညနေ (၅)နာရီကျော်လောက်တွင် ဝဲပျံပစ်ခတ်နေသော ဟယ်လီကော်ပတာတစ်စီးကိုလည်း ပစ်ချနိုင်ခဲ့ရာ ဒေါင်းစပါးကွင်းထဲကျပြီး မီးလောင်ပျက်စီးသွားသည်။ ည (၉)နာရီခန့်တွင် တိုက်ပွဲခွင်မှ အောင်မြင်စွာ ထွက်ခွာနိုင်ခဲ့သည်။ မောလေးတိုက်ပွဲမှာ ရန်သူ (၁၀၀)ခန့် ကျဆုံးပြီး လက်နက် (၆၀) ကျော် ရရှိခဲ့သည်။ မိမိဘက်မှ (၅)ယာက် ကျဆုံးပြီး (၅)ယောက် ဒဏ်ရာ ရရှိသည်။

## ၉။ စစ်ဆင်ရေးကာလ အခြားတိုက်ပွဲများ။

ပန်းလှိုင်မြစ်ဖျား **သုံးထပ်တော**နယ်မြေရှိ **ဒညင်းဆိပ်**ရွာတွင် ဗိုလ်မှူးကျော်လှိုင်သည် မိမိတပ်ဖွဲ့နှင့်အတူ စခန်းချနေလေရာ ရန်သူက သတင်းရသဖြင့် အလစ်အငိုက် ဝင်တိုက်သည်။ ဘရင်းနစ်လက် ဆုံးရှုံးပြီး ဗိုလ်မှူးကျော်လှိုင်လည်း ဒဏ်ရာအနည်းငယ်ရသည်။ ရွာအနီးတွင်တိုက်ပွဲဖြစ်သည့်အတွက် ရွာသားများလည်း လွတ်ရာလွတ်ကြောင်း ထွက်ပြေးတိမ်းရှောင်ကြစဉ် ဗိုလ်ကျော်လှိုင်သည် အရပ်ဝတ် အမျိုးသားတစ်ယောက်ဟန်ဆောင်၍ အမျိုးသမီးတစ်ယောက်က တွဲထုတ်သွားသည်။ မလှမ်းမကမ်းမှ ရန်သူတစ်ယောက်ကတွေ့ပြီး မေးရာ သူမယောကျ်ားပါဟု ပြောလိုက်သည်။ သို့ဖြင့် ဗိုလ်မှူးကျော်လှိုင်မှာ ရန်သူဖမ်းဆီးခြင်းမှ လွတ်မြောက်သွားတော့သည်။ (ထိုတိုက်ပွဲတွင် ဗိုလ်မိုးဟိန်း မပါဝင်ခဲ့ပေ)။

**တာတပေါစစ်ဆင်ရေး**ကာလ ညောင်တုန်းမြို့နယ်တွင်း **ပါလက်၊ ကြက်တူရွေးခြံ**တိုက်ပွဲ၊ **ကျောင်းရွာ**တိုက်ပွဲ၊ **သုံးထပ်တော**တိုက်ပွဲ၊ **စာဖြူစု** တိုက်ပွဲ၊ **မိုးမခ**တိုက်ပွဲတို့သည် အစိုးရဘက်မှ ကြည်းတပ်တစ်ခုတည်းကိုသာ အသုံးပြုသော်လည်း ထိုတိုက်ပွဲတို့သည် တိုက်ပွဲကြီးများပင်ဖြစ်သည်။ တာတပေါစစ်ဆင်ရေးမရုတ်သိမ်းမီ **ညောင်ချောင်း၊ အရွဲမြောင်း** တိုက်ပွဲသည် ပြင်ဆင်လေ့ကျင့်ပြီးတိုက်ရသော ကတုတ် (ဝါ) ဘန်ကာ တို့ကို အလစ်

အငိုက် စီးနင်းရသော တိုက်ပွဲကြီး၊ တိုက်ပွဲကြမ်းဖြစ်ကာ လက်နက် (၉၀) ကျော် ရရှိသော တိုက်ပွဲပင်ဖြစ်သည်။ ပန်းလှိုင်မြစ်နှင့်ဆက်စပ်နေသော **သဇင်ရေကျော်**ကွင်းတစ်ဝိုက် တိုက်ပွဲသည် မိုးရာသီဖြစ်နေ၍ တိုက်ရသည်မှာ အတော်ခက်ခဲခဲ့ပါသည်။ ထမင်းကိုနပ်ကျော် စားရသည်။ တစ်ရက် နှစ်ရက် ထမင်းငတ်တာလည်း ရှိသည်။ နေ့ဘက်တွင် ရန်သူက တိုက်ရေယာဉ်ပေါ်မှ ပစ်၊ မိမိတို့က ကိုင်းပင်၊ ကျူပင်ကြားရှိ လှေထဲမှာပင်နေသည့်သူနှင့်၊ တချို့မှာလည်း ရေထဲဆင်းပြီး လှေအောက်မှာ အကာအကွယ်ယူကြသည်။ ညမိုးချုပ်ချိန်တွင် ကျူပင်၊ ကိုင်းပင်၊ ညံပင် အခြောက်များဖြင့် မီးမွေးပြီး ဟန်းကောချိုင့်ဖြင့် ထမင်းချက်စားရသည်။ တိုက်ပွဲသည် (၁၀) ရက်ခန့် ကြာခဲ့သည်။ ရန်သူ ပြန်ဆုတ်သွားမှ အခြား လှုပ်ရှားနယ်မြေများဖြစ်သည့် ဓနုဖြူ၊ အဖျောက်၊ ဇကာကြီးနှင့် ဟင်္သာတနယ်များတွင် ခရိုင်ပြောက်ကျား တပ်ဖွဲ့များ၊ တပ်ရင်း (၁) တပ်ခွဲများနှင့် ပူးပေါင်းတိုက်ခိုက်သောကြောင့် အောင်မြင်မှုများ ရရှိပါသည်။

## ၁၀။ တိုက်တိုင်းအောင်၊ တိုက်ပွဲကျော်

**၁၉၅၈-၁၉၆၁ ခုနှစ်** တာတပေါထိုးစစ်ကာလတစ်လျှောက်လုံး ခြေထောက်မကောင်း၊ လမ်း မလျှောက်နိုင်သည့်အတွက် ဗိုလ်မှူးကျော်လှိုင်သည် အရပ်မြင့်သော သူ့ရဲဘော် လေး-ငါးယောက်ကို ပုခက်ဖြင့် ထမ်းခိုင်းသည်။ ပုခက်ထဲတွင် လိုက်ပါလာစဉ် ဘရင်းမတ်(၃) ကျည် (၂)ကပ်ကို သူ့လက်ထဲမှာ အမြဲကိုင်ဆောင်ထားလျက် တိုက်ပွဲများကို ဦးစီးကွပ်ကဲ တိုက်ခိုက်သည်။ ပုခက်ထမ်းပေးသော သူ့ရဲဘော်များ၏ ပခုံးတွင် အသားမာ လိုက်နေသည်။ ဤသို့ဖြင့် **မြပုခက်**ဟု နာမည်တွင်လာခဲ့သည်။

တစ်နှစ်ခွဲခန့်အကြာတွင် သူ့ရဲဘော်များကို သနားလာသဖြင့် နွား တစ်ရှဉ်း(ဖြူ-နီ)စီးပြီး သွားလာလှုပ်ရှားသည်။ ပုခက်ထမ်းရဲဘော်များသည် နွားကျောင်းသားများ ဖြစ်ကြပြန်သည်။ ပုခက်စီးလိုက်၊ နွားစီးလိုက်ဖြင့် အမျိုးသား ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲကို တိုက်နေသည့် တပ်မှူးမှာ ဗိုလ်မှူးကျော်

လှိုင်တစ်ယောက်သာ ရှိပေလိမ့်မည်။ ခြေထောက် မကောင်းသည့်အတွက် ချုံခိုတိုက်ပွဲမျိုးကို တိုက်လေ့မရှိ။ တိုက်မည့်တိုက်ပွဲကို သေချာစွာ စီစဉ် ရေးဆွဲသည်။ တိုက်ကွက်ကို အသေအချာလေ့လာသည်။ အထပ်ထပ် အခါခါ လေ့ကျင့်ပြီးမှ တိုက်သည်။ အင်အားများသည့်ရန်သူကို စိန်ခေါ်ပြီးမှ တိုက်သည်။ တပ်စိတ်မှူး၊ တပ်စုမှူး၊ တပ်ခွဲမှူးတွေက အရည်အချင်းရှိပြီး လက်ကျ ညီနေကြသဖြင့် တိုက်တိုင်းအောင်တပ်ရင်းအဖြစ် ကျော်ကြားလာခဲ့ပါသည်။

ဗိုလ်မှူးကျော်လှိုင်သည် ခြေထောက်ကောင်းခဲ့စဉ်ကာလက တိုက်ပွဲ အတော်များများတွင် နာမည်ကောင်းနှင့် ကျော်ကြားသူတစ်ယောက် ဖြစ်သည်။ ထို့ကြောင့်လည်း တပ်မှူးများတက်ရောက်သော **လေ့ဆွဲကွန်ဖရင့်** (ပန်းတနော်) ညီလာခံအစည်းအဝေးတွင် **ဗိုလ်ချုပ်ကော်ထူး** (ခ) **ဗိုလ်ချုပ် ကျော်မြသန်း**က ဗိုလ်မှူးကျော်လှိုင်၏ တိုက်ပွဲနည်းဗျူဟာ၊ စစ်ပရိယာယ် များကို ဆန်းစစ်သုံးသပ်ပြီး မိမိတို့၏ ခရိုင်၊ မြို့နယ်များတွင် အတုယူ အကောင်အထည်ဖော်ရန် တပ်မှူးများကို တိုက်တွန်းခဲ့သည်။ ဗိုလ်မှူးကျော် လှိုင်ကိုလည်း ထို လေ့ဆွဲကွန်ဖရင့်တွင် ချီးကျူးဂုဏ်ပြုခဲ့သည်။

ဗိုလ်မှူးကျော်လှိုင်သည် ခြေထောက်မကောင်းသော်လည်း နောက် မှာနေပြီး အမိန့်ပေးညွှန်ကြားနေတတ်သူ မဟုတ်။ အမြဲတမ်း ရှေ့ဘက် ရောက်လာပြီး တိုက်ကွင်း၊ တိုက်ကွက်ကို သေချာစွာပြင်ဆင်သည်။ ရဲဘော် များကို နေရာချပေးသည်။ ကျင်းကို နက်နက်တူးခိုင်းသည်။ ရဲဘော်များ နမော်နမဲ့နှင့် ကျင်းကို တိမ်တိမ်တူးသည်ကိုတွေ့လျှင် သူ အလွန်စိတ်ဆိုး သည်။ "စောစောသေချင်ရင် ကျင်းတိမ်တိမ်တူးကြပေါ့ကွာ" ဟုဆိုပြီး ထွက် သွားသည့်အခါလည်း ရှိသည်။ တစ်ခါတလေ ရှေ့ဘက် ထိပ်တိုက်နေရာကို ကုံးကုံးကွကွ ထော့နဲ့ထော့နဲ့ဖြင့်ရောက်လာပြီး ကြပ်မတ်ညွှန်ကြားနေတတ် သည်။ သူ့ထက် (၄)နှစ်ခန့်ငယ်ပြီး ခင်မင်သည့် ဗိုလ်မိုးဟိန်းက "အားဝယ် (အစ်ကို)ရယ်... ကျနော်တို့ အကောင်းဆုံး တိုက်မှာပါ" ဟု ပြောရာ "မင်းတို့ ကို ရန်သူက ဘက်နက်နဲ့ တက်ထိုးမှာ စိုးရိမ်လို့ပါကွာ" ဆိုပြီး ပြန်လှည့်ထွက် သွားသည့်အခါလည်း ရှိသည်။

ရှေ့ဘက် ထိပ်တိုက်နေရာကနေ ကွပ်ကဲပြီး မိမိရဲဘော်များနှင့်အတူ တိုက်ချင်သော်လည်း သူ့တပ်ခွဲမှူးတွေက အနောက်ဖက်မှာပဲနေရန် မေတ္တာရပ်ခံကြသည်။ သူကွပ်ကဲသော တိုက်ပွဲတိုင်းသည် ရဲဘော် အသေအပျောက်နည်းသည်။ သူ့ရဲဘော်တွေအားလုံးက သူ့ကိုချစ်သည်။ ကြောက်သည်။ ရိုသေကြသည်။ ခံယူချက်ကောင်းပြီး စည်းကမ်းကြီးသည်။ ရဲဘော်တွေကို ရည်းစားတစ်ယောက်သာ ထားခိုင်းသည်။ ရည်းစားတစ်ယောက်ကို စာ (၂)ခါသာ ပေးရသည်။ ဟိုက မကြိုက်ရင် နောက်ထပ်အသစ်တစ်ယောက် ရှာခိုင်းသည်။ ပြောစကားနားမထောင်၊ လမ်းမယူသည့်ရဲဘော်ကို သူသတ်ချင် သတ်လိုက်သည်။

သူ့ကို ပုခက်ရှေ့မှာ ထမ်းထားရသူက **ဗိုလ်ရွှေဖိုး**နှင့် နောက်က ထမ်းသူမှာ **နယ်လ်ဆင်** ဖြစ်သည်။ နှစ်ယောက်စလုံးမှာ အရပ်မြင့်ကြသည်။ **မိုးမခ**တိုက်ပွဲသွားစဉ် နေကလည်းပူသဖြင့် ခပ်မြန်မြန် မသွားရကောင်းလား ဆိုကာ စိတ်တိုနေသော ဗိုလ်မှူးကျော်လှိုင်က ဗိုလ်ရွှေဖိုး၏ ခါးနှင့် နောက်ကျောပြင်ကို တုတ်ကောက်နှင့်ထိုးရာ ဗိုလ်ရွှေဖိုးက သေနတ်ကို မောင်းဆွဲတင်လိုက်သည်။ မလှမ်းမကမ်းက လိုက်သွားကြသော အကြပ်၊ ရဲဘော်များက မေတ္တာရပ်ခံပြီး ဝိုင်းထိန်းလိုက်ကြရသည်။ ဗိုလ်ရွှေဖိုးသည် အရှေ့တိုင်းကော်သူးလေအထိပါလာပြီး မြစ်ဝကျွန်းပေါ် ကို ပြန်ဆင်းသည့်အခါ **ညောင်လေးပင်**တိုက်ပွဲတွင် **ဗိုလ်မင်းသိန်း**နှင့်အတူ ကျဆုံးသွားခဲ့သည်။ ဒုက္ခိတဘဝနှင့် စစ်တိုက်နေရသော ဗိုလ်မှူးကျော်လှိုင်သည် ဘယ်သောအခါမှ စိတ်ဓာတ်မကျပါ။ စစ်တိုက်ရမည်ဆိုလျှင် အမြဲတက်ကြွလန်းဆန်းနေတတ်သည်။ **ဗိုလ်ချုပ်မြမောင်**က သူ့ကိုသနားသဖြင့် "ဗိုလ်ကျော်လှိုင်ရယ်၊ နင့် ဒုက္ခက မသေးလှဘူးကွ၊ သေနတ်အဟောင်းတစ်လက်ယူပြီး အလင်းဝင်၊ အနားယူလိုက်ပါ" ဟု အကြံပေးမိလေရာ ဗိုလ်မှူးကျော်လှိုင်ခမျာ မျက်ရည်ကျခဲ့ရသည်။ သူတစ်ခါမှ မမေ့ပါ။

## ၁၁။ ဝါးတောကျောင်ဖိုတိုက်ပွဲ

ညောင်တုန်းမြို့နယ်အတွင်းရှိ **ဝါးတောကျောင်ဖို** တိုက်ပွဲသည် ဗိုလ်မှူး ကျော်လှိုင်ကိုယ်တိုင် စီစဉ်ပြင်ဆင်ပြီး တိုက်သည့်တိုက်ပွဲမဟုတ်ပါ။ တွေ့ဆုံ တိုက်ပွဲကြီးတစ်ခုသာဖြစ်သည်။ ထိုတွေ့ဆုံတိုက်ပွဲတွင် မိမိဘက်မှ တိုက်ပွဲ အတွေ့အကြုံများသည့် တပ်စုမှူး၊ တပ်ခွဲမှူးများက လျှပ်တစ်ပြက် အနီးကပ် ဝင်ပူးပြီးတိုက်ခဲ့သဖြင့် ရန်သူအကျအဆုံးများသည်။ မိမိဘက်မှလည်း အောင် နိုင်ဖို့အတွက် ထိုက်သင့်သည့်အရင်းအနှီးကို ပေးခဲ့ရသည်။ လျှင်သည်၊ မြန် သည်၊ ရဲသည် ဆိုသည်မှာ အောင်နိုင်ခြင်းတစ်ခုပင်ဖြစ်သည်။

ရန်သူသည် အကျများသဖြင့် ပြန်ဆုတ်ပြီး မော်တာ လေး-ငါး လက်ဖြင့် အဆက်မပြတ် ပစ်ခတ်သည့်အတွက် ဗိုလ်မှူးကျော်လှိုင်စီးသော နွားနစ်ကောင်မှာ ကျည်ထိပြီး သေကုန်ကြသည်။ ရန်သူ့လက်နက် (၅၀) ကျော်နှင့် (၃)လက်မ မော်တာ (၂)လက်ကို ကောက်ပြီး တိုက်ပွဲခွင်မှ ရှောင် ထွက်လိုက်သည်။ ဝါးတောကျောင်ဖိုတိုက်ပွဲသည် တာတပေါ် စစ်ဆင်ရေး၏ နောက်ဆုံးတိုက်ပွဲလည်း ဖြစ်သည်။ **၁၉၆၁ ခုနှစ်** နှစ်လယ်ခန့်တွင် ဗိုလ်မှူး ကျော်လှိုင်ကို တိုင်းမှ ခေတ္တအနားပေးလိုက်သည်။ KPLA တပ်ရင်း (၁) တပ်ရင်းမှူးအဖြစ် **ဗိုလ်မှူးမြသိန်း**အား တာဝန်ပေးလိုက်သည်။ ဗိုလ်မှူးမြသိန်း သည် တိုက်ရည်ခိုက်ရည် ရှိသည်။ တပ်ကို ခေတ္တထိန်းထားရန်ဖြစ်သည်။ တာတပေါ်စစ်ဆင်ရေးတစ်ခုလုံးတွင် ရန်သူဘက်မှ ကြည်း၊ ရေ၊ လေ အင် အား **(၈၀၀၀)- (၁၀၀၀၀)** ခန့် အထိ အသုံးပြုခဲ့သည်။ မိမိဘက်မှတိုက်ပွဲဝင် အင်အားစု **(၁၀၀၀)**ခန့်ရှိပြီး စစ်ဆင်ရေးကာလအပြီးတွင် **(၈၀၀)**လောက် သာ ကျန်သည်။ လက်နက်ချသူ နည်းပြီး အများစုမှာတိုက်ပွဲအတွင်း ကျဆုံးခဲ့ ကြသည်။

## ၁၂။ သဇင်ရေကျော်တိုက်ပွဲ

KPLA တပ်ရင်း (၁) တပ်ရင်းမှူး ဗိုလ်မှူးကျော်လှိုင်ကို ခေတ္တ အနားပေးထားစဉ် ဗိုလ်မိုးဟိန်းမှာ ဒု-ရင်းမှူးဖြစ်သည်။ ဗဟိုလုံခြုံရေးကို မသွားမီကာလအထိ **ဗိုလ်မှူးမြသိန်း**တပ်ဖွဲ့နှင့်အတူ (၁)ခရိုင်၊ (၃)ခရိုင် နယ်မြေအတွင်း လှည့်လည်တိုက်ခိုက်ခဲ့သည်။ ဗိုလ်မိုးဟိန်း အရှေ့ကော်သူးလေ ဗဟိုလုံခြုံရေးတာဝန်ကို ထမ်းဆောင်နေစဉ်တွင် ဗိုလ်မှူးကျော်လှိုင်၏ ဒဏ်ရာ သက်သာပျောက်ကင်းလာသည်။ တောင်ဝှေးကို အသုံးပြုပြီး ထော့နဲ့ ထော့နဲ့ ဖြင့် ဖြည်းဖြည်းချင်း လျှောက်လှမ်းနိုင်ခဲ့သည်။ ဝေးဝေးသွားလျှင် ခဏခဏ နားရသည်။ ဟိုအရင်ကကဲ့သို့ ထိုးစစ်များ၊ တိုက်ပွဲကြီးများ မရှိတော့သည့် အတွက် မိမိတပ်ဖွဲ့နှင့်အတူ တိုက်ပွဲငယ်များတွင် ကွပ်ကဲရှေ့ဆောင်သည်။ ရဲဘော်၊ အကြပ်၊ တပ်စုမှူး၊ တပ်ခွဲမှူးများမှာလည်း တိုက်ပွဲရည် ပြည့်ဝပြီးသား ဖြစ်သဖြင့် သက်သောင့်သက်သာစွာဖြင့် လှုပ်ရှားနိုင်သည်။

ညောင်တုန်းမြို့နယ် ပန်းလှိုင်မြစ်တစ်လျှောက် လှည့်လည် တိုက်ခိုက်စဉ် **သဇင်ရေကျော်**ရွာဘက် လမ်းတည့်သဖြင့် ရွာနှင့် မိုင်ဝက်ခန့်တွင် တပ်ချသည်။ ဗိုလ်မှူးကျော်လှိုင်အပါအဝင် ခုနစ်ယောက်အဖွဲ့သည် ရွာအနား ရောက်လာကာ ထမင်းထုပ်ပို့ပေးဖို့ မှာကြားခဲ့သည်။ အချိန်အတန်ကြာ၍ ဘာမှရောက်မလာသည့်အတွက် ဗိုလ်မှူးကျော်လှိုင် စိတ်ဆိုးဒေါသဖြစ်ချိန်တွင် ရွာသားအချို့ထွက်လာပြီး ပြုံးပြုံးပြာပြာနှင့် ထမင်းလာရောက် သုံးဆောင်ကြပါရန် ဖိတ်ခေါ်သည်။ ခဏအကြာတွင် ရွာထဲမှ သေနတ်သံများ ပေါ်ထွက်လာတော့သည်။ ရန်သူသည် အိမ်ခေါင်မြင့်သည့် အိမ်တချို့တွင် နေရာယူပြီး အိမ်ခေါင်မိုးကိုဖောက်လျက် ထုပ်တန်း၊ ယောက်တန်း အပေါ်စီးမှ တက်ပစ်သည့်အတွက် ဗိုလ်မှူးကျော်လှိုင် ကျဆုံးသွားခဲ့သည်။ တပ်ကြပ်ကြီး **စောကလိုထူး**လည်း ကျဆုံးသွားပြီး နှစ်ယောက်မှာ လွတ်မြောက်လာခဲ့သည်။

တာတပေါ်စစ်ဆင်ရေးမတိုင်မီ ဗိုလ်မှူးကျော်လှိုင်၏ ညာဘက် ခြေထောက်ကျိုးသဖြင့် ကုသပြီး သက်သာလာချိန်တွင် အိမ်ထောင်ကျသည်။

သူ့မင်္ဂလာဆောင်တွင် ဘဲငန်းကြီးနှစ်ကောင်ဖြင့် ဧည့်ခံပွဲပြီးမြောက်ခဲ့သည်။ ဗိုလ်မှူးကျော်လှိုင်သည် စကောကရင်မိဘနှစ်ပါးမှ မွေးဖွားလာပြီး ကရင်ဘာသာစကားကို ကောင်းမွန်စွာပြောဆိုနိုင်သူဖြစ်သည်။ မွေးချင်းမောင်နှမဘယ်နှစ်ယောက်ရှိသည်ကို မသိရသော်လည်း သားနှင့်သမီး ထွန်းကားခဲ့သည်။ သူ့အစ်ကိုက သူ့နောက်အမြဲလိုက်ပြီး ကူညီစောင့်ရှောက်ချိန်မှာပင် မြွေကိုက်၍ သေဆုံးသွားခဲ့သည်။ ဗိုလ်မှူးကျော်လှိုင်သည် တည်ကြည်ခန့်ညားသော ဥပမိရုပ်ပိုင်ရှင်ဖြစ်သည်။ စစ်ပရိယာယ် ကြွယ်သည်။ တိုက်ရဲသည်။ သေရဲသည်။ အနိုင်ယူရဲသည်။ အောင်ပွဲ ဆိုသည်မှာ တိုက်ရဲသူတွေအတွက်ဖြစ်သည် ဆိုခြင်းကို ခံယူသဘောပေါက်သော မြစ်ဝကျွန်းပေါ်ပြည်သူတွေ ချစ်ခင်လေးစားသည့် ဂန္ထဝင်သူရဲကောင်းတစ်ဦး ဖြစ်ပါသည်။


## ၁၃။ ဗဟိုလုံခြုံရေးတာဝန်

ဗဟိုလုံခြုံရေးတာဝန်အတွက် အရှေ့တိုင်းကော်သူးလေသို့မသွားမီ မအူပင် အနောက်ခြမ်း **ရုံးထောင့်၊ ပတ္တော်၊** ညောင်တုန်းမြို့နယ် **ပန်းလှိုင်မြစ်**တစ်လျှောက် တပ်ခွဲနှစ်ခွဲနှင့်အတူ လှည့်လည်တိုက်ခိုက်သည်။ ပန်းလှိုင်မြစ်အနောက်ဖက်ခြမ်းရှိ **လက်ကျားကြီး**ရွာနားမှ တိုက်ပွဲသည် အလွန်ပြင်းထန်ခဲ့သည်။ ရွာသူရွာသားများက ရဲဘော်တချို့ကို အိမ်ထဲမှာနေစေပြီး ရန်သူအိမ်ထဲဝင်လာမှပစ်ရန် စီစဉ်သည်။ ရန်သူသည် ရွာထဲကို မဝင်လာဘဲ ရွာပြင်ဘက်မှာစောင့်နေသော မိမိတို့တပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်သည်။ မအူပင်မှ **ခလရ (၆)၊ တပ်ရင်း (၂၀)၊ တပ်ရင်း (၂၇)**တို့နှင့် တိုက်ပွဲပြင်းထန်ခဲ့ပြီး ခလရ (၆) မှာ ပြုတ်လုနီးပါးဖြစ်ခဲ့သည်။ တစ်ခါတစ်ရံမှာတော့ **ဗိုလ်မှူးမြင့်သိန်း၊ ဗိုလ်ကြီးချစ်လေးမောင်**တို့နှင့် ပူးတွဲတိုက်ရသည့်အခါလည်း ရှိသည်။ **ဗိုလ်မောင်ချစ်**ကျန်းမာရေး သိပ်မကောင်းသည့်အခါ သူ့တပ်ဖွဲ့ကို မကိုင်နိုင်လျှင် ဗိုလ်မိုးဟိန်းကပင် ထိုတပ်ဖွဲ့နှင့်အတူ ဦးစီးပြီးတိုက်ခိုက်ရသည်။ **ကနောင်**ရွာဘက်တွင် ရန်သူလာမည့်သတင်းရခဲ့စဉ်က ဗိုလ်မိုးဟိန်းသည် ရဲဘော်များကို နေရာချပေးစဉ် မြွေကိုက်ခံခဲ့ရသဖြင့် (၃)ရက်ခန့် မေ့မြောပြီး သတိမရဘဲဖြစ်ခဲ့ရ

သည်။ တိုက်ပွဲမဖြစ်ခဲ့သော်လည်း တိုက်ကွက်ကနေ ခွာပြီး ဗိဇ္ဇောနည်းဖြင့် ကုသပေးသဖြင့် ဗိုလ်မိုးဟိန်းမှာ သတိရ ကျန်းမာလာခဲ့သည်။

မြစ်ဝကျွန်းပေါ်တိုင်းမှူး **ဗိုလ်ချုပ်မြမောင်**က ဗိုလ်မိုးဟိန်းကို ဗဟိုလုံခြုံရေးတာဝန်ကိုပေးစဉ် (၁)ခရိုင်နှင့် (၃)ခရိုင်တပ် တချို့ကိုပေါင်းပြီး လှိုင်မြစ်ကို ဖြတ်ကာ ပဲခူးရိုးမအနောက်ဖက်ခြမ်းရှိ **စလူကွင်း**ကို ရောက်သည်။ ရှေ့ဆက်သွားသည့်အခါ **ကော်လာဝါး**ရွာမှာ **ဗိုလ်ချုပ်ကျင်ဖေ**နှင့် တွေ့ခဲ့သည်။ နှစ်ရက်ခန့်နားပြီး ပဲခူးရိုးမ အရှေ့ဘက်ခြမ်းဘက်သို့ ဆက်သွားရာ တောင်ငူခရိုင်ဘက်ကို ရောက်သည်။ တောင်ငူခရိုင်တွင် GHQ, SHQ ရုံးကို ထားရှိပြီး **ဗိုလ်ချုပ်ကော်ထူး၊ ဗိုလ်မှူးလှထူး** (AG)၊ **ဗိုလ်မှူးတာမလာဘော** (မှတ်တမ်းမှူး)၊ ရုံးတာဝန်ခံ **အားစီ(မဲအေစိန်)**နှင့် **ဗိုလ်မှူးသန်းလွင်**၊ SHQ တွင် ဥက္ကဋ္ဌ **မန်းဘဇန်၊ စောဘသင်စိန်၊ စောသန်းအောင်**နှင့် **စောမောင်မောင်** တို့ ဖြစ်သည်။ ထိုနှစ်တွင် နိုင်ငံရေးသင်တန်းကို **မန်းဘဇန်၊ ဗိုလ်ချုပ်ကော်ထူး** (ကျော်မြသန်း)တို့က တာဝန်ယူပို့ချပြီး စစ်သင်တန်းကို **ဗိုလ်စိုးငေ၊ ဗိုလ်မှူးတာမလာဘော**တို့က တာဝန်ယူကြသည်။ ဗိုလ်မိုးဟိန်းကိုယ်တိုင် ထိုသင်တန်းကို တက်ရောက်ခဲ့သည်။

ဗဟိုလုံခြုံရေးတာဝန်ကို ထမ်းဆောင်စဉ် **ဇရပ်ကြီး**ဘက်မှလာသော ရန်သူအင်အား (၁၀၀)ကျော်နှင့် **ဘုန်းမတီး** ဟုခေါ်သည့် ဗမာရွာနားတွင် တိုက်ပွဲဖြစ်ရာ ရန်သူ (၃၀)ကျော် ကျဆုံးသည်။ ထိုတိုက်ပွဲတွင် လက်နက်မရရှိခဲ့ပါ။ မိမိတို့နှင့် ပူးတွဲတိုက်ခိုက်သော ထန်းတပင်မြို့နယ်မှ ဗကပတပ်ဖွဲ့ တာဝန်ခံ **ဗိုလ်နေထွန်း** ထွက်ပြေးရာ ဗိုလ်မိုးဟိန်းကိုယ်တိုင် လိုက်ဖမ်းပြီး သေနတ်ဖြင့်တေ့ကာ ခေါ်ခဲ့သည်။ ဌာနချုပ်ရုံးတစ်ဝိုက်နယ်မြေတွင် တစ်နှစ်ကျော်ခန့် ရန်သူမလာတော့၍ တိုက်ပွဲလည်း တစ်နှစ်ကျော်လောက် မဖြစ်တော့ပါ။



ဥက္ကဋ္ဌကြီးမန်းဘဇန်



ဗိုလ်ချုပ်မြမောင်(မန်းသုခနပ်)



ဗိုလ်ချုပ်ကျင်ဖေ



ဗိုလ်ကြီးချစ်လေးမောင်

## ၁၄။ အမုန်းစကား

တော်လှန်ရေးထဲရောက်လာပြီး ဗိုလ်မိုးဟိန်း စစ်တိုက်လာသည်မှာ (၁၂)နှစ်ကျော်ခဲ့ချေပြီ။ မည်သည့်စစ်သင်တန်းမှ မတက်ခဲ့ရပေ။ ထို့အတူ နိုင်ငံရေးသင်တန်းလည်း မတက်ခဲ့ရပေ။ ဗိုလ်မိုးဟိန်းထက် စောရောက်နေသော တပ်ဗိုလ်၊ တပ်မှူးများ၏ သွန်သင်၊ လမ်းပြ၊ စီစဉ်ကွပ်ကဲမှုဖြင့်သာ တိုက်ပွဲအတွေ့အကြုံရလာခဲ့ခြင်း ဖြစ်သည်။ ဗဟိုလုံခြုံရေးတာဝန်ကို ထမ်းဆောင်စဉ် နိုင်ငံရေးသင်တန်းကို တက်ရောက်နားထောင်ခွင့်ရသည့် အပြင်၊ စစ်သင်တန်းကိုပါ ကြည့်ရှုလေ့လာခွင့်ရခဲ့သည့်အတွက် ဝမ်းသာပီတိဖြစ်မိလေသည်။

တစ်နေ့တွင် သူ၏ဝမ်းသာပီတိဖြစ်မှုကို ဖျက်ဆီးမည့်ကိစ္စတစ်ခု မထင်မှတ်ဘဲ ကြုံတွေ့လိုက်ရသည်။ တောင်ငူခရိုင်အတွင်းရှိ ဗဟိုရုံးစိုက်ရာ နယ်မြေအတွင်း လုံခြုံရေးအတွက် လှည့်လည်သွားလာစဉ် **ကမော်ကလို ရော်လို**ရွာသို့ ဗိုလ်မြနှင့် သူ့တပ်ဖွဲ့များ ရောက်လာပြီး KNUP ခေါင်းဆောင်များ၊ တပ်ဖွဲ့များအားလုံး မြစ်ဝကျွန်းပေါ် ဘက်သို့ ပြန်သွားကြပါရန် ဗိုလ်မြက အရေးဆို မှာကြားလိုက်သည်။

မည်သည့်အတွက်ကြောင့် ထိုသို့မှာကြားသည်ကို ဗိုလ်မိုးဟိန်း မသိတော့၊ သူအတော်ပင် စိတ်ဆိုးဒေါသဖြစ်မိသည်။ ထို့ကြောင့် ဗိုလ်မိုးဟိန်းက "ခင်ဗျားတို့ အခုရောက်နေတဲ့ရွာကနေ ရှေ့မတိုးနဲ့၊ ရှေ့တိုးလာရင် ကရင်အချင်းချင်းလည်း ပစ်ရမှာပဲ"ဟု ဗိုလ်မြနှင့်အတူ လိုက်ပါလာသော ဗိုလ်မှူးဘောနေကို ပြောခိုင်းလိုက်သည်။ ထို့နောက် ဗိုလ်မြတို့ ပြန်သွားကြသည်။

နောက်နှစ်ရက်ခန့်အကြာသည့်အခါ ဗိုလ်မိုးဟိန်းက ဗိုလ်ချုပ် ကော်ထူးကို ဗိုလ်မြလာသွားသည့်အကြောင်း၊ အမုန်းစကားများ ပြောသွားကြောင်း ပြောပြရာ ဗိုလ်ချုပ်ကော်ထူးက "အရှေ့တိုင်းကော်သူးလေမှာ ဒုတိယလမ်းစဉ်ကို ခုထိ ချလို့မရသေးဘူး။ ဒါကြောင့်လည်း ဗဟိုဌာနချုပ်ကနေ အရှေ့တိုင်းဘက်ကို တက်လာရတာပဲ။ သူတို့ဟာ(အရှေ့တိုင်း ခေါင်းဆောင်များ) ဒုတိယလမ်းစဉ်ဖြစ်တဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေး (ဝါ)

အမျိုးသားဒီမိုကရေစီတော်လှန်ရေးဟာ ကွန်မြူနစ်လမ်းစဉ်လို့ ရှုမြင်ကြတယ်” ဟု ပြောခဲ့သည်။

## ၁၅။ KNUP (Karen National United Party) နှင့် KRC (Karen Revolutionary Council) အကွဲအပြဲ

**၁၉၆၃ ခုနှစ်** နှစ်ဆန်းပိုင်းကျင်းပသော **ကဆောဝါး**ညီလာခံတွင် အရှေ့တိုင်းကော်သူးလေ၊ ပဲခူးရိုးမတိုင်း၊ မြစ်ဝကျွန်းပေါ်တိုင်းတို့မှ ခရိုင်၊ မြို့နယ်ကိုယ်စားလှယ်များ၊ တပ်မဟာ/တပ်ရင်းတို့မှ တပ်ဗိုလ်၊ တပ်မှူး၊ အကြပ် နှင့် တပ်သားတချို့တို့ စုံညီစွာတက်ရောက်ကြသည်။ ထိုညီလာခံတွင် **KRC** ဥက္ကဋ္ဌ **မှူးဆိုးကော်ကဆာ**နှင့် တပ်မဟာ (၁)အဖွဲ့က ကရင့် တော်လှန်ရေး၏ ဒုတိယလမ်းစဉ်မှာ ကွန်မြူနစ်လမ်းစဉ်သာဖြစ်ကြောင်း ပြောဆိုပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေးနှင့် တော်လှန်ရေးတွင် အလုပ်သမားလူတန်းစားရှေ့ဆောင်မှုကို ဖျက်သိမ်းပေးရန် တောင်းဆိုလာသည်။

မှူးဆိုးကော်ကဆာအနေဖြင့် ဒုတိယလမ်းစဉ်ကို ချမှတ်ခဲ့စဉ်က နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေး၊ အလုပ်သမားလူတန်းစားရှေ့ဆောင်ရေးကို လက်ခံခဲ့သူဖြစ်သည်သာမက KRC ကိုလည်း SHQ (Governing Body) သဘောမျိုးအနေဖြင့် တင်ပြလာခဲ့သည်။ ထိုစဉ်က အမျိုးသားညီညွတ်ရေးကို ထိခိုက်နိုင်ခြင်းမရှိဟု အများစုက နားလည်သဘောပေါက်ပေးခဲ့သည်ကို မေ့လျော့ခဲ့သည်။

အင်္ဂလိပ်နယ်ချဲ့မှ လွတ်လပ်ရေးကြေညာပြီးနောက် တိုင်းရင်းသားပေါင်းစုံ နေထိုင်သော တိုင်းပြည်သည် ကိုလိုနီတစ်ပိုင်း၊ ပဒေသရာဇ် တစ်ပိုင်းနိုင်ငံ ဖြစ်လာခဲ့သည်။ နိုင်ငံရေးအရ လွတ်လပ်ပြီး၊ စီးပွားရေးအရ အင်္ဂလိပ်နယ်ချဲ့က ချုပ်ကိုင်ထားဆဲဖြစ်၍ တော်လှန်ရေးပါတီအသီးသီးက နယ်ချဲ့

ဆန့်ကျင်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေးဟု ကြွေးကြော်တိုက်ပွဲဝင်ရခြင်း ဖြစ်သည်။

စစ်အေးခေတ်ကာလ **၁၉၅၅ ခုနှစ်**တွင် ရုရှားကွန်မြူနစ်ပါတီ၏ အကြိမ် (၂၀) မြောက် ညီလာခံမှ ချမှတ်သော နိုင်ငံတကာရှိ အဖိနှိပ်ခံပြည်သူတို့ဆင်နွှဲသည့် လွတ်မြောက်ရေးတိုက်ပွဲ၊ လွတ်လပ်ရေးတိုက်ပွဲသည် တိုက်ပွဲ (၂)ရပ် (ဝါ) အလားအလာ (၂)ရပ်ဖြင့် အောင်ပွဲခံနိုင်ကြောင်း ကမ္ဘာသို့ ထုတ်ပြန်ကြေညာခဲ့ပြီသည်။

နယ်ချဲ့ဆန့်ကျင်ရေးဆိုသည်မှာ အမျိုးသားလွတ်မြောက်ရေးဖြစ်ပြီး ပဒေသရာဇ်ဆန့်ကျင်ရေးဆိုသည်မှာ အတန်းအစား(လူတန်းစား) လွတ်မြောက်ရေးဖြစ်သည်။ အမျိုးသားလွတ်မြောက်ရေး၊ လူတန်းစားလွတ်မြောက်ရေးတိုက်ပွဲသည် ဥပဒေတွင်းတိုက်ပွဲနှင့်သော်လည်းကောင်း၊ လက်နက်ကိုင်တိုက်ပွဲနှင့်သော်လည်းကောင်း အောင်ပွဲခံနိုင်သည်။ **၁၉၅၈-၆၁ ခုနှစ်** ကာလအတွင်း ဖဆပလအစိုးရ၏ **တာတပေါစစ်ဆင်ရေး**ထိုးစစ်ကို တော်လှန်သောပါတီအသီးသီးက ရိုက်ချိုးလိုက်နိုင်သည်မှာ ထင်ရှားသော သဓကဖြစ်သည် ဟူသည့်အချက်များကို **ကဆောဝါး**ညီလာခံတက်ရောက်လာသော ကိုယ်စားလှယ်များအား **ဗိုလ်ချုပ်ကော်ထူး(ကျော်မြသန်း)၊ ဗိုလ်ချုပ် ကျင်ဖေ၊ ဗိုလ်ချုပ်မြမောင်၊ ဗိုလ်ချုပ်တာအယ် (တင်ဦး)၊ ဗိုလ်မှူးမျိုးသွေး၊ ဆရာ စကောလယ်တော**တို့က ရုရှားကွန်မြူနစ်ပါတီမှ ကြေညာခဲ့သော အလားအလာ (၂) ရပ်နှင့်အတူ ရှင်းပြဆွေးနွေးခဲ့သည်။

အလားအလာ (၂)ရပ်နှင့်ပတ်သက်၍ KNUP အတွင်းတွင် အမြင်သဘောထားအားဖြင့် အစု လေးစု ကွဲနေသည်။ ဥပဒေဘောင်အတွင်းတိုက်ပွဲကို ထောက်ခံသောအစု၊ လက်နက်ကိုင် တိုက်ပွဲကို ထောက်ခံသောအစု၊ ဘာမှမထောက်ခံ ဘာမှမကန့်ကွက်ဘူး ဆိုသည့် ကျိုးကြည့် ကြောင်ကြည့် အစုနှင့် လုံးဝကန့်ကွက်သော(နားမလည် မလေ့လာ) အစုတို့ ဖြစ်သည်။ အလားအလာ (၂)ရပ်ကို ဘာမျှမစဉ်းစားဘဲ အထက်ဖော်ပြပါ အချက် (၃)ချက်ကို ဖျက်သိမ်းရန် တင်ပြသည့်အစုမှာ မှူးဆိုးကော်ကဆာ ဦးဆောင်



၁၉၆၃ ကဆောဝါးကွန်ဂရက်

ရှေ့တန်း- စောဘော်လ်ဒွင်ကြီး၊ စောမျိုးသွေး၊ မန်းလားဖန်း၊ စောမောင်မောင်၊ စောစံလင်း၊ မန်းဘစော

နောက်တန်း - စောဘသင်စိန်၊ စောမီးသ၊ စောသန်းအောင်၊ မန်းအုန်းဖေညွှန့်၊ စောလှမောင်။ မန်းဘဇန်၊ စောတင်ဦး (တာအယ်)၊ စကောလယ်တော၊ စောထိုကြည်၊ စောကျော်မြသန်း(ဗိုလ်ချုပ်ကော်ထူး)၊ မန်းမြမောင်၊ ဗိုလ်ကျင်ဖေ(ကိုးဒိ)



၁၉၆၃ တော်လှန်ရေးကောင်စီနှင့် တွေ့ဆုံဆွေးနွေးရန်သွားရောက်သောကိုယ်စားလှယ်အဖွဲ့

ဝဲမှယာ- စောတာမလာဘော၊ စောစံလင်း၊ စကောလယ်တော၊ မန်းဘဇန်၊ ဗိုလ်ကျင်ဖေ(ကိုးဒိ)၊ စောမော်ရယ်၊ ဗိုလ်သန်းအောင်၊ ဗိုလ်ကျော်အေး

သောအဖွဲ့ဖြစ်ပြီး အနည်းစုဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူး ဦးဆောင်သောအစုမှာ အများစုကြီးဖြစ်နေတော့သည်။

ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုအရ အနည်းစုသည် အများစု၏ ဆုံးဖြတ်ချက်ကို လိုက်နာရမည် ဖြစ်သည်။ သို့သော် မူးဆိုးကော်ဆာ ခေါင်းဆောင်သည့် အရှေ့တိုင်းကော်သူးလေ ကိုယ်စားလှယ်အဖွဲ့သည် စည်းဝေးခန်းမမှ ထွက်ခွာသွားကြသည့်အတွက် KNUP နှင့် KRC တို့ ကွဲပြဲကြတော့သည်။

**၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ**တွင် စောဟန်တာသာမွေးသည် ဗိုလ်နေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရထံ လက်နက်ချခဲ့ပြီးနောက် အရှေ့တိုင်းတွင် **ဗိုလ်မြ၊ ဗိုလ်ရွှေဆိုင်း**တို့၏ **KNLC** (Karen National Liberation Council)အဖွဲ့မှာ သင်းကွဲအဖြစ် ကျန်ခဲ့ကာ **KNUP** (Karen National United Party) ကို ကဏ္ဍကောစလုပ်လျက် ရှိနေကြတော့သည်။

## ၁၆။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် မဒညတ(အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု)

**ကဆောဝါးကွန်ဂရက်**အပြီး KNUP အတွင်းပိုင်း ပြဿနာမှာ မပြေမလည် ဖြစ်ရုံသာမက KRC မူးဆိုးကော်ကဆာက တော်လှန်ရေး ကောင်စီအစိုးရထံ လက်နက်ချသွားသောကြောင့် KNUP နှင့် KRC အမှန်တကယ် ကွဲပြဲသွားတော့သည်။ တော်လှန်ရေးကောင်စီအစိုးရက တောတွင်း လက်နက်ကိုင်အင်အားစုများကို ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်လိုကြောင်း ကမ်းလှမ်းလာရာ ဥက္ကဋ္ဌ မန်းဘဇန်က ရန်သူအစိုးရ ကို **မဒညတ (အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု)** နှင့် တွေ့ဆုံရန်အကြောင်း ကြားခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးရကလည်း လက်ခံ ခဲ့သည်။

မဒညတမှာ **၁၉၅၆ ခုနှစ်** ကရင့်တော်လှန်ရေး၏ **ဒုတိယလမ်းစဉ်** ချမှတ်စဉ်က တော်လှန်ရေးတပ်ပေါင်းစုဖွဲ့ရမည်ဟူသော ဆုံးဖြတ်ချက်အရ

ပေါ်ပေါက်လာခဲ့သည့် အသီးအပွင့်တစ်ခုဖြစ်သည်။ မဟာမိတ်များဖြစ်သော **ဗမာပြည်ကွန်မြူနစ်ပါတီ၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ၊ ပအိုဝ့်လွတ်မြောက်ရေးအဖွဲ့၊ ချင်းဦးစီးအဖွဲ့**တို့နှင့် **KNUP** တို့ ပူးပေါင်း ကာ **၁၉၅၉ ခုနှစ်**တွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ မဒညတ၏ ဗဟိုကော်မတီ များအဖြစ် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ ပါဝင်ကြသည်။ မဒ ညတနှင့် အစိုးရမှ သဘာတူ သတ်မှတ်ထားသော ဆွေးနွေးပွဲနှင့် ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ ဂရစ်လိုင်းများကို လိုက်နာကြရန်ဖြစ်သည်။

နှစ်ဖက်ဆွေးနွေးနေသည့် အချိန်အတွင်း၌ ဆရာကြီးသခင် ကိုယ် တော်မှိုင်း ခေါင်းဆောင်သော ငြိမ်းချမ်းရေးလိုလားသည့် **(၆)ခရိုင် လူထု ဆန္ဒ ပြ ချီတက်ပွဲကြီး**တစ်ခု ပေါ်ပေါက်လာသည်။ **သာယာဝတီခရိုင်၊ ဟံသာဝတီ ခရိုင်၊ မအူပင်ခရိုင်၊ ဟင်္သာတခရိုင်**နှင့် **ညောင်လေးပင်ခရိုင်**တို့မှ ဘုန်းကြီး ကျောင်း တစ်ရာကျော်မှ သံဃာတော်များ၊ ပြည်သူလူထုများက ရန်ကုန်မြို့ကို တက်လာပြီး ဆန္ဒပြကြသည်။ (၆)ခရိုင် သံဃာတော်များနှင့် လူထုကြီးက တွေ့ဆုံဆွေးနွေးရေးကို ပြေလည်အောင်ဆောင်ရွက်ရန်နှင့် ပြည်တွင်း ငြိမ်း ချမ်းရေးကို တည်ဆောက်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ထိုဆန္ဒပြ တောင်းဆိုမှုကြီးကို အာဏာသိမ်းအစိုးရက **မဒညတ**တို့သည် လူထုနှင့် အကျပ်ကိုင်ကြောင်း၊ မရိုးသား၊ ကလိမ်ကျကြောင်းနှင့် တွေ့ဆုံဆွေးနွေးရေး ကိစ္စကို ပယ်ဖျက်လိုက်ပြီ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **မဒညတ**ဘက်မှ ထိုဆန္ဒပြပွဲကိစ္စမှာ မိမိတို့ စီစဉ်လုပ်ဆောင်ခြင်း မဟုတ်ကြောင်း၊ ဆွေးနွေး ပွဲကို မဖျက်ပါနှင့်ဟု တောင်းပန်သော်လည်း မရတော့ပေ။ ဆွေးနွေးပွဲကို ဖျက်သိမ်းလိုက်ကြောင်းသာ ကြေညာခဲ့သည်။

အမှန်စင်စစ် ပြည်သူလူထုများမှာ တစ်ဆယ့်ခြောက်နှစ် ကြာမြင့်ပြီ ဖြစ်သော ပြည်တွင်းစစ်ဒဏ်ကို ခံခဲ့ရသည်။ အသက်အိုးအိမ် လုံခြုံမှုမရှိ၊ အာမခံမှုမရှိ၊ လွတ်လပ်စွာကူးသန်းရောင်းဝယ်ခွင့်မရှိ၊ သူပုန်နှင့် အစိုးရ အကြား နှစ်ရှည်လများ မြေဇာပင်ဘဝဖြစ်ရသောကြောင့် နှစ်ဖက်ဆွေးနွေးပွဲ မှ ငြိမ်းချမ်းရေးကို လိုလားကြခြင်းဖြစ်ပြီး ဆန္ဒပြရခြင်းဖြစ်သည်။ ဆန္ဒပြ


သောသူများသည် မြို့နေလူတန်းစားထက် တောနေလူတန်းစားလယ်သမားများနှင့် အလုပ်သမားများသာ ဖြစ်သည်။ ဆွေးနွေးပွဲပျက်ပြီး အစိုးရက သူပုန်အင်အားစုကို ပြန်နိုင်းသောကြောင့် သတ်မှတ်ထားသော ဂရစ်လိုင်းမှ တစ်ဆင့် တောတွင်းဘက်သို့ ပြန်လည်ထွက်ခွာသွားကြသည်။


## ၁၇။ ABKO (All Burma Karen Organisation) ဗမာနိုင်ငံလုံးဆိုင်ရာ ကရင်အဖွဲ့အစည်း

**၁၉၅၆ ခုနှစ်**တွင် **မန်းထွန်းရင်**(ညောင်တုန်း)က **ABKO** ကို ဦးဆောင်ဖွဲ့စည်းလိုက်သည်။ မန်းထွန်းရင်သည် လွှတ်တော် အမတ်ဟောင်းဖြစ်ပြီး **၁၉၆၀ ရွေးကောက်ပွဲ**တွင် **ပမညတ** ကိုယ်စားလှယ် လောင်းအဖြစ် ဝင်ရောက်အရွေးခံသောသူတစ်ယောက် ဖြစ်သည်။ **ယုံသလင်း၊ ခမောက်စု၊ ဟသ်ာတ**သို့ မဲဆွယ်စည်းရုံး လှုပ်ရှားစဉ်ကာလက ယုံသလင်း၊ ဟသ်ာတတွင် ABKO အဖွဲ့ခွဲကို ဖွဲ့စည်းခဲ့သည်။ မိမိဇာတိညောင်တုန်းတွင်လည်း ABKO ကို ဖွဲ့စည်းခဲ့သည်။ ABKO ၏ အဖွဲ့ချုပ်ကို အလုံဒေသစိတ်ရှိ **ကသစ်လမ်း** တွင် ထားရှိသည်။ အဖွဲ့၏ရည်မှန်းချက်မှာ

- ကရင်အမျိုးသားစည်းလုံးညီညွတ်ရေး
- ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေး
- တိုင်းရင်းသားလူမျိုးများ၏ တန်းတူရည်တူအခွင့်အရေးရရှိရေးတို့ ဖြစ်သည်။

၁၉၆၀ ရွေးကောက်ပွဲပြီးနောက် မန်းထွန်းရင်သည် ABKO မှ နုတ်ထွက်သွားသည်။ ထို့နောက် ABKO တွင် (၂)ခြမ်းကွဲကာ **စောကန္တီ၊ စောမောင်မောင်**တို့ ဦးဆောင်သော ABKO နှင့် **မန်းမြသိး၊ မန်းအောင်ကြည်၊ မန်းဒါဝိတ်၊ မန်းတင်ညွန့်၊ စောသန်းထွန်း**တို့ ပါဝင်ဖွဲ့စည်းသော ABKO (ဗဟို) တို့ ဖြစ်လာသည်။ **ABKO (ဗဟို)**တွင် **မန်းမြသိး** (ဥက္ကဋ္ဌ)၊ **မန်းအောင်ကြည်**


မန်းဒါဝိတ်


မန်းရောဘတ်ဇန်


မန်းအောင်ကျော်လွင်


မန်းအော်လန်းဒို

(အတွင်းရေးမှူး)၊ **မန်းဒါဝိတ်** (ပြန်ကြားရေး)၊ **မန်းအောင်ကျော်လွင်** (လူငယ်) တို့ ဖြစ်သည်။ **၁၉၆၃ ခုနှစ် (၆)ခရိုင် ဆန္ဒပြပွဲ**တွင် ABKO အနေနှင့် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်။ မြေပေါ် နိုင်ငံရေးပါတီအသီးသီးကို တော်လှန်ရေးကောင်စီမှ ဖျက်သိမ်းလိုက်ပြီးနောက် တောတွင်းလက်နက်ကိုင်စုတို့နှင့် ချိတ်ဆက် ပတ်သက်နေသော နိုင်ငံရေးသမားများကို ဖမ်းဆီးထောင်ချ၊ ကျွန်းသို့ ပို့ဆောင်ပစ်သည်။ **မန်းအောင်ကြည်** (၁၉၇၂ ခုနှစ် ပဲခူးရိုးမတွင် ကွယ်လွန်)၊ **စောမောင်မောင်** (၂၀၁၆ USA တွင်ကွယ်လွန်)၊ **မန်းတင်ညွန့်** တို့ကို ကိုကိုးကျွန်းသို့ ပို့သည့်အထဲတွင် ပါဝင်သည်။

2017 Queensland (QLD), Brisbane Australia တွင် ဗိုလ်မှူးမိုးဟိန်းကို Interview စဉ်က ABKO နှင့်ပတ်သက်ခဲ့သော **မန်းရောဘတ်ဇန်** (2018 USA မှာကွယ်လွန်)၊ **မန်းအောင်ကျော်လွင်** (USA)၊ **မန်းအောင်ဌေး** (NZL)၊ **မန်းအော်လန်းဒို** (AUS)တို့သည် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့တွင် ထွက်ပြေးတိမ်းရှောင်စဉ်က ဗိုလ်မှူးမိုးဟိန်းမှ (၃)လခန့် လုံခြုံစွာထားပေး ကူညီခဲ့ပုံကို ပြုံးပျော်စွာဖြင့် ပြောပြခဲ့သည်။

## ၁၈။ သဘောထားကွဲလွဲမှုကြောင့် KNUP အတွင်း အကွဲအပြဲ

**၁၉၆၅ ခုနှစ်** အစောပိုင်းတွင် ကရင့်တော်လှန်ရေးကောင်စီ (KRC) သည် အာဏာသိမ်းတော်လှန်ရေးကောင်စီအစိုးရနှင့် ပူးပေါင်းသွားပြီးနောက် အရှေ့တိုင်းကော်သူးလေရှိ ခေါင်းဆောင်တို့သည် ဒုတိယ လမ်းစဉ်ကို အရှိန်မပျက် ဖိအားပေးတိုက်ခိုက်လျက်ရှိသည်။ ဗိုလ်ချုပ်မြတို့က နယ်ချဲ့၊ ပဒေသရာဇ်ဆန့်ကျင်ရေးကို ဆက်လက်ကျင့်သုံးနိုင်ကြောင်းနှင့် ကရင့်တော်လှန်ရေးကို အလုပ်သမားလူတန်းစားကသာ ဦးဆောင်ရမည်ဆိုသော အချက်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလာသည်။ အဘယ်ကြောင့်ဆိုသော် ထိုသဘောတရားမှာ ကွန်မြူနစ်သဘောတရားသာဖြစ်ကြောင်း တင်ပြလာပေသည်။

KNUP ဘက်မှလည်း ကရင့်တော်လှန်ရေးမှာ အလုပ်သမားလူတန်းစား ဦးဆောင်မှုမရှိလျှင် ဆိုရှယ်လစ်သို့ တက်လှမ်းဖို့ဝေးပြီး အမျိုးသား ဒီမိုကရေစီရေးဟူသော ဓနရှင်ဒီမိုကရေစီရေးဘောင်အတွင်းတွင်ပင် အောင်ပွဲခံနိုင်မည်မဟုတ်ဘဲ နောက်ဆုံး အရှုံးနှင့်သာနိဂုံးချုပ်နိုင်ကြောင်းနှင့် အလုပ်သမား လူတန်းစား ခေါင်းဆောင်မှုအား ပယ်ဖျက်ရမည်ကို လုံးဝ လက်မခံနိုင်ကြောင်း ပြန်လည် ရှင်းလင်းပြသည်။

ထိုသို့သောအခြေအနေတွင် **၁၉၆၆ ခုနှစ်**၌ စစ်အစိုးရတပ်မတော်မှလည်း အရှေ့တိုင်းဘက်ကို ထိုးစစ်ဆင်လာသောကြောင့် ရွာသူရွာသားတို့နှင့် နောက်တန်းခေါင်းဆောင်၊ ရဲဘော်မိသားစုတချို့သည် စစ်ဘေး လွတ်ရာဒေသဖြစ်သော ထိုင်းနိုင်ငံတွင်းသို့ ခိုးဝင်ရွှေ့ပြောင်းနေထိုင်ရသည်။ ရန်သူထိုးစစ်ပြင်းထန်လာလျှင် ရှောင်တိမ်းခိုလှုံရာအဖြစ် အိမ်နီးချင်းတိုင်းပြည်တွင် နေထိုင်အားကိုးခြင်းပြုနိုင်ရန် ကွန်မြူနစ်သဘောတရားဖြစ်သည့် အလုပ်သမားလူတန်းစားရှေ့ဆောင်မှုကို ပယ်ဖျက်ရန် တောင်းဆိုခြင်းဖြစ်သည်။ အိမ်နီးချင်းတို့က အကူအညီမပေးပါက အကျပ်အတည်းများနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး တော်လှန်ရေးအောင်မြင်ရန်မဆိုထားနှင့် ရပ်တည်ရန်ပင် မလွယ်ကူကြောင်း ဗိုလ်ချုပ်မြတို့ဘက်က တုံ့ပြန်လိုက်သည်သာမက ပါတီခေါင်းဆောင်များအနေဖြင့် မြစ်ဝကျွန်းပေါ်တိုင်း၊ ပဲခူးတိုင်းသို့ ပြန်သွားရန် အမိန့်ထုတ်ပြန်သည်။ KNUP မှလည်း အရှေ့တိုင်းတွင် ဆက်လက်နေထိုင် စည်းရုံး လှုပ်ရှားရန် အတော်ပင်ခက်ခဲလာတော့သည်။

**၁၉၆၈ ခုနှစ်** နှစ်လယ်ပိုင်းအတွင်း ပဲခူးရိုးမတွင် KNUP ဗဟိုကော်မတီ အရေးပေါ် အစည်းအဝေးတစ်ရပ်ကိုပြုလုပ်မည် ဖြစ်သည်။ ထိုအစည်းအဝေးတွင် ဗိုလ်ချုပ်မြတို့နှင့် သဘောထားကွဲသည့်ကိစ္စများ၊ ပါတီကိစ္စများ၊ အလားအလာ (၂)ရပ်ကိစ္စများနှင့် တော်လှန်ရေးအတွင်းမှ ပြဿနာအရပ်ရပ်ကို အလေးအနက်ထား၍ ဆွေးနွေးကြမည် ဖြစ်သည်။

ထိုအရေးပေါ် အစည်းအဝေးတွင် ဥက္ကဋ္ဌကြီး **မန်းဘဇန်**အနေဖြင့် တက်ရောက်ရန်လိုအပ်ကြောင်း **ဗိုလ်ချုပ်တာအယ်**မှ အကြံပေးသည်။ ဥက္ကဋ္ဌ

က မိမိမှာ အသက်အရွယ်ကြီးပြီ ဖြစ်သဖြင့် မိုးထဲလေထဲခရီးကြမ်းကို မသွားနိုင်တော့ကြောင်းနှင့် ပေးပို့လိုက်သော မိမိ၏သဘောထားစာတမ်းကို ထိုအစည်းအဝေးတွင် ဖတ်ကြားဆွေးနွေးကြရန်ကိုသာ မှာကြားလိုက်သည်။ ထိုအစည်းအဝေးတွင် မြစ်ဝကျွန်းပေါ်တိုင်း၊ ပဲခူးတိုင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌကြီး မန်းဘဇန်ပေးပို့သောစာတမ်းကို ဗိုလ်ချုပ်တာအယ်က ဖတ်ကြားခဲ့သည်။ စာတမ်းအချုပ်မှာ အလုပ်သမားကို ကိုယ်စားပြုသော ကေအဲန်ယူပါတီ၏ သဘောတရား ရှေ့ဆောင်လမ်းညွှန်မှု ဆိုသည့်အချက်ကို ဖယ်ထားရန်၊ အလားအလာ (၂)ရပ်ဟူသော မူကို လက်ခံကျင့်သုံးရန် တင်ပြထားခြင်းဖြစ်သည်။

ထိုတင်ပြချက်ကို ဗဟိုကော်မတီအစည်းအဝေးတွင် အကျေအလည် ဆွေးနွေးကြရာ ဗိုလ်ချုပ်တာအယ်တို့က အလားအလာ (၂)ရပ်ကိုလည်း လက်မခံနိုင်၊ KNUP ၏ လမ်းညွှန်မှုကိုလည်း မဖျက်ပေးနိုင်ချေ။ ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် ပါတီဗဟိုကော်မတီအများစု၏အမြင်မှာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေသည်။ လုံးဝမတူညီကြ။

မတူညီသော်လည်း ဥက္ကဋ္ဌကြီးမန်းဘဇန်အနေဖြင့် အများစု၏ ဆုံးဖြတ်ချက်ကို လိုက်နာလက်ခံ လုပ်ကိုင်မည်ဆိုလျှင်၊ တစ်နည်းအားဖြင့် အလုပ်သမားလူတန်းစားခေါင်းဆောင်မှုဖြင့်သာ အောင်ပွဲခံမည် ဟူသောမူကို ပြန်လည်လက်ခံမည်ဆိုပါက ဥက္ကဋ္ဌတာဝန်ကို ပြန်လည် ခန့်အပ်မည် ဖြစ်ပြီး လက်ခံနိုင်ခြင်းမရှိပါက ပါတီဥက္ကဋ္ဌကို **ဗိုလ်ချုပ်ကော်ထူး** (ဝါ) ကျော်မြသန်းကိုသာ တာဝန်ပေးအပ်မည်ဖြစ်ကြောင်း အများသဘောတူ ဆုံးဖြတ်ကြသည်။

KNUP ဗဟိုကော်မတီ အရေးပေါ်အစည်းဝေးပွဲ ခေါ်ယူချိန်တွင် ဗိုလ်မိုးဟိန်းမှာ ဗိုလ်ချုပ်ကော်ထူး ခေါ်ဆောင်ရာ ကရင်နီအမျိုးသား လွတ်မြောက်ရေးနယ်မြေနှင့် **ရလလဖ** နယ်မြေသို့ လိုက်ပါသွားနေသည်။ ထို့အတူ ဗိုလ်ချုပ်ကော်ထူး (ဝါ) ကျော်မြသန်းမှ ဥက္ကဋ္ဌကြီး မန်းဘဇန်အား ရှေ့ဆက်

လုပ်ရမည့်ကိစ္စနှင့် ပတ်သက်၍ ဗိုလ်ချုပ်မြနှင့် သွားရောက်ဆွေးနွေးရန်မှာကြားပြီး **တံခွန်နီ**နယ်မြေသို့ ခရီးထွက်တော့သည်။

အရေးပေါ်ဗဟိုကော်မတီအစည်းဝေးပွဲ၏ ဆုံးဖြတ်ချက်ကို လက်မခံနိုင်သော ဥက္ကဋ္ဌကြီးမန်းဘဇန်သည် **ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးဘသင်စိန်၊ ဗိုလ်မှူးသန်းအောင်၊ ဗိုလ်မှူးချုပ်တာမလာဘော၊ ပဒိုဘောယူဖော၊ ဗိုလ်မှူးကစယ်ဒို** တို့ကိုခေါ်ပြီး ဗိုလ်ချုပ်မြနှင့် သွားရောက်ပူးပေါင်းတော့သည်။

## ၁၉။ နယ်မြေလုပွဲ

KNUP အတွင်း ချမှတ်ထားသောလမ်းစဉ်အပေါ် သဘောထား ကွဲလွဲကြခြင်း၊ အမြင်အယူအဆချင်း မတူညီကြသောကြောင့် ကွဲအက်ရေးမှ ခွဲထွက်ကြသည်အထိဖြစ်လာသည်။ နောက်ဆုံးတွင် ဥက္ကဋ္ဌမန်းဘဇန်နှင့်အဖွဲ့သည် ဗိုလ်ချုပ်မြအဖွဲ့နှင့် ပူးပေါင်းသွားသည်။ သို့သော် မြို့နယ် (၃) မြို့နယ်ဖြင့် ဖွဲ့စည်းထားသော အမှတ် (၃) ခရိုင်အတွင်းရှိ ကျောက်ကြီးမြို့နယ်သည် ဥက္ကဋ္ဌမန်းဘဇန်နှင့် ဗိုလ်ချုပ်မြတို့ဘက်သို့ လိုက်ပါမသွားချေ။

ကျောက်ကြီးမြို့နယ်ဥက္ကဋ္ဌမှာ **ဗိုလ်မှူးဂျော့**ဖြစ်ပြီး အတွင်းရေးမှူးမှာ **ပဒိုစိန်ပန်း**၊ မြို့နယ်တပ်မှူးမှာ **ဗိုလ်လရောင်** ဖြစ်သည်။ ၎င်းတို့အဖွဲ့သည် မုန်းမြို့နယ်၊ ကျောက်ကြီးမြို့နယ်တို့က မိမိတို့ဆန္ဒအရ ဥက္ကဋ္ဌမန်းဘဇန်နှင့် ဗိုလ်ချုပ်မြတို့ဆီ ပူးပေါင်းလိုက ပူးပေါင်းနိုင်ကြောင်း၊ ကျောက်ကြီးမြို့နယ်အနေဖြင့် ပါတီမှာသာ နေရစ်မည်ဖြစ်ကြောင်းကို ပြောပြသည်။

အမှတ် (၃)ခရိုင်၏ ခေါင်းဆောင်ဖြစ်သော **ဗိုလ်မှူးချုပ်ကစယ်ဒို** ကလည်း "သွားချင်ရင် တစ်ခရိုင်လုံးသွား၊ နေချင်ရင်လည်း တစ်ခရိုင်လုံးပဲ နေ၊ အခုတော့ ဟိုဘက်ကိုသွားတာက မုန်းမြို့နယ်နှင့် ရွှေကျင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်လည်း လိုက်သွားပေါ့" ဟု အကြံပေးသည်။

ဗိုလ်မှူးဂျော့ကလည်း ကျောက်ကြီးမြို့နယ်အနေဖြင့် မလိုက်နိုင်

ကြောင်း၊ ရှင်းမရနိုင်တဲ့ နိုင်ငံရေးပြဿနာကြောင့် ဖြစ်ကြောင်း။ နိုင်ငံရေးသည် တစ်မျိုးသားလုံး၏ သေရေးရှင်ရေးတမျှ အရေးကြီးသည့် ပြဿနာဖြစ်၍ ဘယ်ဟာမှန်သည်၊ ဘယ်ဟာမှားသည် ဆိုသည်ကို လေးနက်စွာ ဆုံးဖြတ်ရမှာ ဖြစ်သည်။ မှားသည့်ဘက်ကို မလိုက်နိုင်ကြောင်းနှင့် မှန်သည့်ဘက်ကိုသာ လိုက်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားလိုက်သည်။ ဗိုလ်ချုပ်မြတို့ဘက်ကလည်း ကျောက်ကြီးမြို့နယ်ကို နိုင်ငံရေးအရ မိမိတို့ဘက် မပါပါက စစ်ရေးအရပါအောင် အဓမ္မသိမ်းယူရမည်ဟု ဖြစ်လာတော့သည်။

**ဗိုလ်ချုပ်ကျော်မြသန်း**နှင့် **ဗိုလ်မှူးချုပ်ကျင်ဖေ**တို့က မန်းဘဇန်တို့အနေဖြင့် ကိုယ့်ဆန္ဒနှင့်ကိုယ် KNUP မှ ခွဲထွက်သွားသလိုပင် ကျောက်ကြီးမြို့နယ်မှာလည်း သူတို့ဆန္ဒအရ သူတို့ဟာသူတို့ နေခဲ့မည်ဆိုသည်ကို နားလည်စွာ ခွင့်ပြုသင့်ကြောင်း ဗိုလ်ချုပ်မြထံ ကြေးနန်းစာပို့သည်။ ဥက္ကဋ္ဌ မန်းဘဇန်ကလည်း အမှတ် (၃)ခရိုင်မှာ (၃) မြို့နယ်အနက် (၂)မြို့နယ်က ပေါင်းပြီး ကျောက်ကြီးမြို့နယ်က တစ်မြို့နယ်တည်းကျန်တဲ့ကိစ္စဟာ ဘယ်သူ လွှမ်းသလဲ ဟုဆိုကာ ကြေးနန်းဖြင့် အကြောင်းပြန်သည်။

ကျောက်ကြီးမြို့နယ်ကလည်း မလိုက်လို၊ ဗိုလ်ချုပ်မြတို့ဘက်ကလည်း မလိုက်မနေရဟု ဖြစ်လာသောကြောင့် အခြေအနေ တင်းမာလာသည်။ မြို့နယ် (၃)မြို့နယ်ထဲသို့ သူ့တပ်ဝင်၊ ကိုယ့်တပ်ဝင်၊ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတွေ့လို ဖြစ်လာသောကြောင့် မြို့နယ်လူထုမှာလည်း အတော်ပင် အနေရခက်လာသည်။ ထိုသို့သော အခြေအနေတွင် KNU ပါတီဗဟိုက **ဗိုလ်ချုပ်တာအယ်**ကို ကျောက်ကြီးမြို့နယ်သို့ လွှတ်တော့သည်။

ဗိုလ်ချုပ်တာအယ် ကျောက်ကြီးမြို့နယ်သို့ ရောက်သောအခါ **ပဒိုထွန်းဖေ**နှင့် **ပဒိုဘောယူဖော**တို့ကို တွေ့သည်။ ထိုနှစ်ယောက်မှာ ဗိုလ်မှူးဂျော့နှင့် ဗိုလ်ကြီးလရောင်တို့ကို မွေးထုတ်သောသူများဖြစ်သည်။ အယူအဆမတူကြသော်လည်း ယခင်ကကဲ့သို့ ချစ်ခင်ကြင်နာစွာ လက်ရည်တစ်ပြင်တည်း ဥမကွဲသိုက်မပျက် သဘောထားကို ခံယူလျက်ရှိကြပေသည်။ အမှတ် (၃)ခရိုင်အတွင်းရှိ မြို့နယ် (၂)မြို့နယ်မှ တစ်ဖက်သို့ လိုက်သွားလျှင် ကျန်


ဗိုလ်မှူးချုပ်တာမလာဘော


ဗိုလ်မှူးချုပ်မောင်မောင်


ပဒိုဘောယုဖော


ဗိုလ်မှူးချုပ်ကာစဲဒို

တစ်မြို့နယ်မှာ ဒီမိုကရေစီစနစ်အရ အများစုဘက်သို့ လိုက်ရမည် ဖြစ်ကြောင်းကို ပဒိုဘောယူဖောက တင်ပြလာသည်။

ၚင်းကိစ္စမှာ ဒီမိုကရေစီ နည်းဖြင့် မရနိုင်ကြောင်း၊ တစ်ဦးချင်းသို့မဟုတ် တစ်ဖွဲ့ချင်း၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ၎င်းတို့၏ဆန္ဒအရ ဆုံးဖြတ်ရမည် ဖြစ်ကြောင်း၊ **ဗိုလ်ချုပ်တင်ဦး**(ဗိုလ်ချုပ်တာအယ်)မှ ပြန်လည်ပြောကြားသည်။ ညှိနှိုင်းမှုမှာ မပြေလည်သော်လည်း တစ်ဖက်နှင့် တစ်ဖက်လက်နက်ကိုင် ပဋိပက္ခမဖြစ်အောင် ထိန်းရမည်၊ ကြိုးစားရမည် ဖြစ်ကြောင်း ဗိုလ်ချုပ်တာအယ်က မှာကြားသည်။

(၂)လခန့်အကြာ ဗိုလ်ချုပ်တာအယ်သည် ကျောက်ကြီးမြို့နယ်တွင် ညီလာခံတစ်ခု ခေါ်ယူသည်။ အကျိုးဆောင် အခမ်းအနားမှူးအဖြစ် ဗိုလ်မှူးဂျော့ကို တာဝန်ယူစေပြီး မိမိမှာ ဗဟိုမှလာသည့် ပုဂ္ဂိုလ်အဖြစ်၊ အကြံဉာဏ်များ ရှင်းလင်းမှုအဝဝကို တာဝန်ယူမည်ဖြစ်ကြောင်း ပြောပြသည်။ ထိုညီလာခံတွင် KNU ပါတီ၏ သဘောထားနှင့် ဥက္ကဋ္ဌကြီးမန်းဘဇန်၊ ဗိုလ်ချုပ်မြတို့၏ သဘောထားကို ရှင်းပြသည်။ နယ်ချဲ့ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သော အမျိုးသားလွတ်မြောက်ရေးနှင့် ဒီမိုကရေစီတော်လှန်ရေး၏ ရည်ရွယ်ချက်၊ လူတန်းစား (၄)ရပ်၏ အကျိုးစီးပွား၊ အလုပ်သမားလူတန်းစား၏ခေါင်းဆောင်မှု၊ အလားအလာ (၂)ရပ်မှ အလားအလာတစ်ရပ်တည်း လက်ခံသည့်ကိစ္စ၊ အလုပ်သမားလူတန်းစားကို ကိုယ်စားပြုနေသော KNU ပါတီ၏ ဦးဆောင်မှု၊ မန်းဘဇန်၊ ဗိုလ်ချုပ်မြတို့၏သဘောထား စသည်တို့ကို ရှင်းပြသည်။ "အလုပ်သမားလူတန်းစား ခေါင်းဆောင်မှုမရှိရင် မဖြစ်ဘူးလား၊ ဘာဖြစ်လို့ အဲဒါကြီးကို ထည့်ထားရတာလဲ"ဟု အစည်းအဝေးတက်ရောက်သူတို့က စောဒကတက် မေးမြန်းကြသည်။ ထိုအခါ ဗိုလ်မှူးဂျော့နှင့် ဗိုလ်ကြီးလရောင်တို့က ရှင်းရတော့သည်။

တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲရာတွင် အလုပ်သမားလူတန်းစား ရှေ့ဆောင်မှု မရှိလျှင် ဖြစ်ပေါ်လာမည့် ရလဒ်နှင့် အလုပ်သမားလူတန်းစား၏ ရှေ့ဆောင်မှုဖြင့် ဖြစ်ပေါ်လာမည့်ရလဒ်များကို နှိုင်းယှဉ်ကာ ရှင်းပြသည်။

လူတန်းစား (၄)ရပ်၏ အကျိုး၊ အထူးသဖြင့် ကရင်သည် ဆင်းရဲသားလူတန်းစားအများစုဖြစ်သောကြောင့်၊ ထိုလူတန်းစားကိုအကျိုးပြုမည့် တော်လှန်ရေးလမ်းစဉ်တစ်ရပ်ကိုသာ ထောက်ခံကြောင်း တက်လာသောလူထုများကို ပြောကြားသည်။ လူထုမှာ (၂)ဖက်သဘောထား ကွဲလွဲနေသော အဖွဲ့ (၂)ဖွဲ့ကြားတွင် ညပ်နေသည်။ မီးနှစ်မီး ကြားတွင် ရောက်နေသလို ခံစားနေကြရသည်။ စိတ်ဓာတ်ကျကြသည်။ ထိုနေရာတွင် မနေဘဲ ထွက်ပြေးရမည်မှာလည်း အိုးအိမ်၊ ကျွဲနွား၊ လယ်လုပ်ငန်း၊ ခြံမြေ ဥယျာဉ် လုပ်ငန်းများနှင့် ဖြစ်နေ၍ မပြေးနိုင်ကြ။ KNU ပါတီ၊ KNU နှင့် ရန်သူ အစိုးရ၊ ဘက် (၃) ဘက်မှ နေ၍ လူထုကို သူ့လူ၊ ကိုယ့်လူ လုပ်နေကြသဖြင့် လူထုမှာ အတော်ပင် အကျပ်အတည်း ဖြစ်နေကြရလေသည်။

ထိုအခြေအနေတွင် KNU တပ်များသည် လက်နက်ကိုင် တိုက်ပွဲသို့ ဦးတည်လာပြီး (၃)မြို့နယ်တွင်းသို့ တပ်ဖွဲ့များဖြင့် ဝင်ချည်ထွက်ချည် လုပ်နေကြသည်။ ပါတီတပ်ဖွဲ့မှလည်း အချင်းချင်းတိုက်ရမည်ကို မလိုလားကြောင်း၊ အတွေ့မခံလိုကြောင်း စသည်ဖြင့် ပါတီဗဟိုသို့ အကြောင်းကြားသည်။ ဗိုလ်ချုပ်ကျော်မြသန်းထံကလည်း ပါတီတပ်အနေနှင့် စတင်ပြီးမတိုက်ရန်၊ ဖြစ်နိုင်လျှင် ရှောင်ပေးရန်၊ မလွဲမရှောင်သာမှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်သည့်အနေဖြင့် ပြန်လည်တိုက်ခိုက်ရန် ကြေးနန်းပေးပို့သည်။ များမကြာမီ အချိန်တွင် မြစ်ဝကျွန်းပေါ်မှ **ဗိုလ်တင်**သည် တပ်ခွဲတစ်ခွဲကျော်ဖြင့် ရောက်လာသောကြောင့် ဗိုလ်မှူးရဲ့တို့ တပ်အင်အား (၂၀၀) ကျော်မျှ ဖြစ်သွားသည်။

ကျောက်ကြီးမြို့နယ် တောင်ပေါ်ပိုင်းတွင် KNU တပ်မှ သိမ်းပိုက်ပြီးနောက်ပိုင်းတွင် (၂)ဖက် တိုက်ပွဲငယ်၊ တွေ့ဆုံတိုက်ပွဲငယ်တို့ စတင်ဖြစ်ပွားသည်။ KNU တပ်မှ တပ်အင်အားများသောကြောင့် ပါတီတပ်ကို တိုက်သည်။ ပါတီတပ်က ရှောင်တိမ်းပေးသည်။ ရန်သူအစိုးရတပ်မှလည်း အခွင့်ကောင်းယူပြီး ပါတီတပ်ကို ဖိတိုက်သည်။ KNU တပ်မှ အားငယ်သော ပါတီတပ်ကို ဝိုင်းပတ်တိုက်ခိုက်၍ ထွက်ပေါက်မရဖြစ်သည့်အချိန်၊ ရှောင်လိုက် တိုက်

လိုက်ဖြင့် ပတ်ဝန်းကျင်အခြေအနေကိုကြည့်ပြီး ရှောင်ထွက်ကြသည်။ ရန်သူ တပ်နှင့်တွေ့လိုက်၊ တိုက်လိုက်၊ ရှောင်လိုက်ဖြင့် နောက်ဆုံး ဗိုလ်မှူးဂျော့၊ ဗိုလ်လရောင်၊ **ဗိုလ်ရှမ်း**တို့မှ ဝါးဆစ်မိုင်း၊ ပုံးပဒေသာမိုင်းကိုထောင်ပြီး ခုခံ ကာကွယ်တိုက်ရသည်။ ရန်သူလည်းထိ၊ KNU တပ်က ပို၍အထိနာသော ကြောင့် တကယ့်အမုန်းတရားတွေ၊ အခဲမကျေမှု၊ ဒေါသဖြစ်မှုတွေ ဖြစ်လာ တော့သည်။ နှစ်ဖက်တင်းမာမှုသည် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။

## ၂၀။ အမှတ် (၃)ခရိုင် ရွေးကောက်ပွဲ

ဗိုလ်ချုပ်တာအယ်၊ ဗိုလ်မှူးဂျော့တို့မှာ ရန်သူကလည်း နောက်ကျော မှ ဖိတိုက်၊ ကိုယ့်အချင်းချင်း KNU ကလည်း ရန်သူကို တိုက်ရမည့်အစား မိမိတို့ကိုချည်း သဲသဲမဲမဲ ရန်လုပ်တိုက်ခိုက်သဖြင့် ခံစားချက်မကောင်း၊ လူထုကလည်း မိမိတို့ရှေ့မှောက်တွင် မဖြစ်သင့်တာတွေကို မြင်တွေ့တော့ အကြီးအကျယ်စိတ်ပျက်ကြသည်။ ထိုသို့သောအခြေအနေကို ဖြေရှင်းရန် အတွက် ပါတီဗဟိုသို့ အကြောင်းကြားလာသဖြင့် KNU ပါတီဗဟိုမှနေ၍ KNU ဗဟိုသို့ နိုင်ငံရေးအရဖြစ်သည့် ပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်း ရန် တွေ့ဆုံဆွေးနွေးရေး ခေါ်ပေတော့သည်။ KNU ဗဟိုမှ ပါတီကမ်းလှမ်း ချက်ကို လက်ခံပြီး **မူသယ်**ခွင်တွင် တွေ့ဆုံရန် သဘောတူသည်။ ပစ်ခတ် တိုက်ခိုက်မှုသည် ရပ်ဆိုင်းသွားသည်။

မူသယ် ခွင်တွင် KNU ဘက်မှ ဗိုလ်မှူးချုပ်မောင်မောင်နှင့် ပဒိုဘော ယူဖောတို့ရောက်လာပြီး ကျောက်ကြီးမြို့နယ်မှ ဗိုလ်ချုပ်တာအယ်နှင့် ဆရာ စကောလယ်တောတို့လည်း ရောက်လာသည်။ မူသယ်ခွင်တွင် တွေ့ဆုံစဉ် ဗိုလ်မှူးချုပ်မောင်မောင်မှ ၎င်းတို့ထံ လက်နက်အပ်ပြီး ၎င်းတို့နှင့်အတူ ပြန် ပေါင်းရန် ဗိုလ်ချုပ်တာအယ်ကို ပြောကြားသည်။

ဗိုလ်ချုပ်တာအယ်မှလည်း နိုင်ငံရေးအရ ဆွေးနွေးလျှင် ကောင်း မည် ထင်ကြောင်း၊ လူထုများလည်း စိတ်မကောင်းကြကြောင်း၊ ကရင်အချင်း

ချင်းတိုက်တော့ ကရင်ပဲ သေကျေကြရတဲ့အကြောင်းနဲ့ ရန်သူသာလျှင် အမြတ်ထွက်ကြောင်းကို ပြန်လည်ပြောကြားသည်။

ဗိုလ်မှူးချုပ်မောင်မောင်ကလည်း ဆွေးနွေးဖို့ကိစ္စကို ဘေးဖယ်ထားရန်နှင့် လက်နက်အပ်လျှင် အပ်၊ မအပ်လျှင် အမှတ် (၃)ခရိုင် တစ်ခုလုံးကို ပေးရန်၊ အမှတ် (၃)ခရိုင်ကို မပေးလိုလျှင် ရွေးကောက်ပွဲကို လုပ်မလား၊ ကြိုက်တဲ့လမ်းကို ပြောပါဟု ဗိုလ်ချုပ်တာအယ်ကို ပြောလိုက်တော့သည်။

ဗိုလ်ချုပ်တာအယ်က ဗိုလ်မှူးချုပ်မောင်မောင်တင်ပြသော အဆိုကို ပါတီဗဟိုသို့အကြောင်းကြားရာ ပါတီဗဟိုက အမှတ် (၃) ခရိုင် လူထုတွေ ရွေးကောက်ပွဲလုပ်ရန်ကို သဘောတူကြောင်း ညွှန်ကြားလိုက်သည်။

ဤသို့ဖြင့် ရွေးကောက်ပွဲပုံစံကို ညှိနှိုင်းရာတွင် (၃)မြို့နယ်တွင်းရှိ ရွာတို့မှ တစ်ရွာကို **(၅)ဦး** တက်ရောက် မဲပေးရန်နှင့် နောက်ဆုံးလူထု **၁၀%** လာရောက်မဲထည့်နိုင်ရေးကို သဘောတူလိုက်ကြသည်။ ထိုအချိန်သည် နွေရာသီဖြစ်ရာ ရန်သူမှာလည်း အမှတ် (၃)ခရိုင်နှင့် အခြားဆက်စပ်နေရာ (ပဲခူးရိုးမအရှေ့ခြမ်း)တွင် ခြေရှုပ်လှုပ်ရှားလျက်ရှိပြီး မကြာခဏဆိုသလို ကရင်တပ်ဖွဲ့တို့နှင့် တိုက်ပွဲဖြစ်သောကြောင့် ရွေးကောက်ပွဲကို မိုးတွင်းပိုင်းသို့ ရွှေ့ဆိုင်းလိုက်တော့သည်။ ဆရာစကောလယ်တောနှင့် ဗိုလ်ချုပ်တာအယ်အဖွဲ့တို့သည် ပဲခူးရိုးမသို့ ပြန်သွားကြသည်။

**၁၉၇၀ ခုနှစ်** မိုးဦးကာလတွင် ပဲခူးချောင်းကလည်း ရေအတော်ကြီးလာသည်။ ဗိုလ်ချုပ်တာအယ်တို့ အုပ်စုများမှာ စူးထိုးစိုက်ပျိုးခဲ့သော တောင်ယာခင်းကို ပေါင်းသင်လိုက်ပြီးဖြစ်သည်။ **ဇူလိုင်လ**လယ်တွင် ရွေးကောက်ပွဲကို သွားရန်ပြင်ဆင်ချိန် ဗိုလ်ချုပ်တာအယ်မှာ လိုက်ပါမသွားတော့ဘဲ ဆရာစကောလယ်တောနှင့် ဗိုလ်ချုပ်မြမောင်တို့အဖွဲ့တို့ ရွေးကောက်ပွဲလုပ်မည့် မူသယ်ခွင်ဘက်ကို သွားကြတော့သည်။


ရွေးကောက်ပွဲမစတင်မီ ဗိုလ်ချုပ်မြမောင်မှ မိန့်ခွန်းစကား အနည်းငယ်ပြောကြားရာတွင် "ခင်ဗျားတို့ ကြိုက်တဲ့ဘက်ကို မဲထည့်နိုင်တယ်။ KNU

ကို ကြိုက်ရင် KNU ကိုထည့်၊ KNU ပါတီကို ကြိုက်ရင် KNU ပါတီကို ထည့်ပါ။ မူလမ်းစဉ်ကတော့ မတူဘူး။ နယ်ချဲ့ပဒေသရာဇ်စနစ်ကို ဆန့်ကျင်ရာမှာ တူတယ်။ KNU ပါတီက နယ်ချဲ့ပဒေသရာဇ်စနစ်ကို ဆန့်ကျင်တဲ့ ကရင့်တော်လှန်ရေးမှာ အလုပ်သမားလူတန်းစား ခေါင်းဆောင်မှုကို လက်ခံတယ်။ KNU ဘက်က ကရင့်တော်လှန်ရေးမှာ အလုပ်သမားခေါင်းဆောင်မှုကို လက်မခံဘူး။ အဲဒါပဲ ကွာခြားတယ်။ ကြိုက်တဲ့ဘက်ကို မဲထည့်ပါ။ ခင်ဗျားတို့ ဘာမှမဖြစ်စေရဘူး။ ခွင့်လွှတ်တယ်။ ဗိုလ်ချုပ်မြဘက်ကို ထည့်ရင်လည်း ထည့်ပါ။ ခင်ဗျားတို့ကို ဘာမှမလုပ်ဘူး။ မကျေမနပ်လည်း မဖြစ်ဘူး။ စိတ်တိုင်းကျလုပ်ဖို့ ကျနော်တို့ ခင်ဗျားတို့ကို ယုံကြည်ပါတယ်"ဟု ပြောသည်။


ဗိုလ်ချုပ်မြမောင် ပြောကြားပြီးသောအခါတွင် ဗိုလ်ချုပ်မြကလည်း သူ့သဘောထားကို ရိုးသားပွင့်လင်းစွာပင်ပြောဆိုသည်။ "ခင်ဗျားတို့ သိဖို့က ဒီကောင်တွေက အနီတွေ၊ ကွန်မြူနစ်တွေ၊ ဘုရားလည်း မရှိဘူး၊ ဒီကောင်တွေကို မဲထည့်ရင် ခင်ဗျားတို့ဘုန်းကြီးကျောင်းတွေ အကုန်လုံး အဖျက်ဆီးခံရမှာဖြစ်တယ်။ သေသေချာချာစဉ်းစားပြီး မဲထည့်ကြပါ"ဟု စိတ်ထဲမှာရှိသည့်အတိုင်း ခပ်ဘွင်းဘွင်း ပြောသည်။ ရွေးကောက်ပွဲအပြီး လူထု ထည့်သည့် မဲများကို ရေတွက်သည့်အခါတွင် KNU ပါတီက မဲအများဖြင့် အနိုင်ရခဲ့သည်။ မဲရရှိမှု အချိုးအစားမှာ ၅း၁ မျှ ရှိသည်ဟု ဆိုသည်။

ရွေးကောက်ပွဲအပြီး ပြဿနာတက်တော့သည်။ ဗိုလ်ချုပ်မြက "မဲပေးတာ ကွင်းဘက်က များတော့ ခင်ဗျားတို့ ကွင်းပိုင်း(ကျောက်ကြီးမြို့နယ်)ကိုပဲ အုပ်ချုပ်ပါ။ တောင်ပေါ်ပိုင်း(မုန်း၊ ရွှေကျင်မြို့နယ်)ကိုတော့ ကျုပ်တို့ကို ပြန်ပေး"ဟု ဆိုလာသည်။ "အမှတ် (၃)ခရိုင် အတိုင်းအတာနဲ့ လုပ်တာပဲ၊ တောင်ပေါ်ပိုင်းမှာ သပ်သပ် ရွေးကောက်ပွဲလုပ်ချင်လည်း ရပါတယ်"ဟု ဗိုလ်ချုပ်မြမောင်က ပြန်ပြောသည်။ ထိုပြဿနာကို ဗိုလ်ချုပ်မြမောင်က KNU ပါတီဗဟိုသို့ အကြောင်းကြားရာ ဆွေးနွေးပြောဆိုလို့ မရမှတော့ ပေးလိုက်ရန် ပြန်လည်ညွှန်ကြားသည်။ ထိုကိစ္စကိုသိသော တောင်ပေါ်ပိုင်းလူထုက "ဒို့ကတော့ နင်တို့ပါတီကို မဲပေးတယ်၊ နင်တို့က သူများကို ပြန်ပေးလိုက်


ဗိုလ်ချုပ်တာအယ် (ဗိုလ်တင်ဦး)


ဗိုလ်မှူးဘသင်စိန်


ပဒိုသန်းအောင်


ပဒိုထွန်းဖေ

တယ်” ဟု ဆိုကြသည်။ ပါတီ၏ တပ်အင်အား နည်းသည်ကို သိတော့ သူတို့ စိတ်မကောင်းဖြစ်ကြသည်။

## ၂၁။ ကေအဲန်ယူပါတီနှင့် မြောက်ပိုင်းခရီးစဉ်

ကေအဲန်ယူပါတီ၏ မြောက်ပိုင်းခရီးစဉ်ကို **၁၉၆၈ ခုနှစ် ဇန်နဝါရီလ** တွင်တစ်ကြိမ်၊ **မေလ**တွင်တစ်ကြိမ် ပေါင်း နှစ်ကြိမ်တိုင် ကြိုးပမ်းခဲ့သည်။ ပထမအကြိမ်တွင် အဖွဲ့ခေါင်းဆောင်မှာ **ဗိုလ်မှူးဘော်ဒွင်**ဖြစ်ပြီး အဖွဲ့ဝင်များမှာ **မန်းရှာလားဖန်း၊ မန်းခွာ(စောဘာဘာ)၊ စောသိန်းထွန်း၊ စောသိန်းလွင်၊ စောအယ်ပလယ်၊ စောဝါး၊ ဆရာဟုန်စုလျှင်**(တရုတ်ကေဒါ ကရင်ကိုယ်စားလှယ်)တို့ ဖြစ်သည်။ **၁၉၆၈ ခုနှစ် ဇန်နဝါရီလ** အကုန်တွင် ရှမ်းဗဟိုသို့ ရောက်သည်။ ရှမ်းနှင့် ဗကပ၊ ကချင်နှင့် ဗကပတို့၏ စစ်ပွဲကြောင့် တောင်ကြီးသို့သာ ရောက်ခဲ့ပြီး ခရီးဆက်ထွက်နိုင်ခြင်းမရှိဘဲ **မတ်လ**တွင် ပါတီ ဗဟိုသို့ ပြန်ရောက်သည်။

ဒုတိယအကြိမ် **၁၉၆၈ ခုနှစ် မေလ**တွင် မြောက်ပိုင်းခရီးစဉ်၌ အဖွဲ့ခေါင်းဆောင်မှာ **ဗိုလ်မှူးအေးဟန်**ဖြစ်ပြီး အဖွဲ့ဝင်များမှာ **မန်းရှာလားဖန်း၊ မန်းခွာ (စောဘာဘာ)၊ စောသိန်းထွန်း၊ စောသိန်းလွင်၊ စောအယ်ပလယ်၊ စောဝါး၊ ဆရာဟုန်စုလျှင်**(တရုတ်ကေဒါ ကရင်ကိုယ်စားလှယ်)တို့ ဖြစ်သည်။

မေလတွင် တောင်ငူ**ဘောဂလိ**အနီး **ဟိုးစီး**ရွာမှ စထွက်ကာ ကချင်ပြည်နယ် **မရမ်း**မြို့(နမ်မတူသကြားစက်နားတွင်) ကေအိုင်အေမှ **ဗိုလ်မှူးကြီးဇော်ဆိုင်း** လာရောက်ကြိုဆိုသည်။ ကေအိုင်အေဗဟိုဌာနချုပ် **ပါဂျောင်**တွင် တစ်လကြာမျှ ရပ်နားပြီးနောက် တရုတ်ပြည်သို့ ရောက်သည်။ တရုတ်ပြည် **ယင်ကျန်**မြို့မှတစ်ဆင့် **ပေါက်တန်**မြို့သို့ ရောက်သည်။ အထွေထွေလေ့လာရေးနှင့် ဆွေးနွေးပွဲကိုလုပ်ခဲ့သည်။

ထို့နောက် တရုတ်ပြည်မှ ဗကပတပ်ဖွဲ့နှင့်အတူ မြန်မာပြည်တွင်းရှိ **မုန်းကိုး**ကို ရောက်သည်။ ထိုမှတစ်ဆင့် မိုးကုတ်နယ် **ကျောက်မဲ**မြို့နား



စကောလယ်တော



မန်းရှာလားဖန်း



သခင်ဇင်



သခင်ချစ်

အဖြတ်တွင် ရန်သူနှင့် တိုက်ပွဲဖြစ်ပွားရာ အဖွဲ့ခေါင်းဆောင် **ဗိုလ်မှူးအေးဟန်** ကျဆုံးသွားပြီးနောက် အဖွဲ့ဝင်ရဲဘော်များသာ ကေအဲယူပါတီဌာနချုပ်ကို ပြန်ရောက်လာသည်။

ပြန်ရောက်လာသောရဲဘော်များ၏တင်ပြချက်အရ ကေအဲန်ယူ ပါတီ၏ ဗဟိုအာဏာပိုင်အဖွဲ့တစ်ဖွဲ့ကို လာရောက်တွေ့ဆုံဖို့ ဗကပမှ တောင်းဆိုသည်။ မြောက်ပိုင်း ဗကပ ဥက္ကဋ္ဌ **သခင်ဖေတင့်**မှလည်း တင်းပြည့် ပါတီကိုယ်စားလှယ်အဖွဲ့တစ်ခု တရုတ်ပြည်ကို သွားရောက်လေ့လာနိုင်လျှင် ကောင်းမည်ဟု အကြံပြုခဲ့သည်။ ပဲခူးရိုးမရှိ **သခင်ဇင်၊ သခင်ချစ်** တို့က လည်း သဘောတူလက်ခံသည်။ ထို့ကြောင့် **၁၉၇၀ ခုနှစ်** ကေအဲန်ယူ ပါတီ ညီလာခံတွင် တရုတ်ပြည်သို့ ပါတီအာဏာပိုင်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် ဆုံး ဖြတ်ချက်ချခဲ့သည်။

ကေအဲန်ယူပါတီ၏အာဏာပိုင်အဖွဲ့ကို တရုတ်ပြည်သို့ စေလွှတ်ရ သည့် ရည်ရွယ်ချက်မှာ တရုတ်ကွန်မြူနစ်ပါတီနှင့် နိုင်ငံရေးအဆက်အသွယ် ရရန်၊ ကရင့်တော်လှန်ရေးကို နိုင်ငံတကာမှ အားပေးထောက်ခံမှုရရန်တို့ သည် အဓိကရည်ရွယ်ချက်ဖြစ်သည်။ ဒုတိယအချက်မှာ လေ့လာရေး ဖြစ် သည်။ လူ (၄၀) လောက် ရွေးချယ်ထားသော်လည်း **(၁၅)ယောက်**သာ သွား နိုင်ခဲ့သည်။ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး၊ စီးပွားရေး စသည့် ဘက်ပေါင်းစုံ အဘက်ဘက်က လေ့လာရန်အတွက် ရဲဘော်များကို ခေါ်သွားရခြင်းဖြစ် သည်။ အဖွဲ့ခေါင်းဆောင်မှာ ဆရာကြီး**စကောလယ်တော** ဖြစ်သည်။ တရုတ် ပြည်နှင့်ပတ်သက်၍ စာထဲတွင် ဖတ်ရ ကြားရသည်မှာ ဘယ်လောက် မှန် သလဲ၊ ဘယ်အထိ လုပ်နိုင်သလဲ၊ သူတို့ပြောတာ ဟုတ်မဟုတ် လေ့လာနိုင် ရန် ဖြစ်သည်။ တချို့က ထင်ကောင်းထင်ကြမည်၊ တရုတ်ပြည်သွားခြင်းမှာ လက်နက်အကူအညီ ရရေးအတွက်ဖြစ်သည် ဟူသည်မှာ လုံးဝ မဟုတ်ပါ။ လက်နက်ရရေးထက် နိုင်ငံရေးလေ့လာရန် တာဝန်ပေးလိုက်ခြင်းသာ ဖြစ် သည်။ လက်နက် မတောင်းပါ။

ကေအဲန်ယူပါတီအဖွဲ့သည် အရှေ့မြောက်ပိုင်းစစ်ဒေသ ဗကပဌာန

ချုပ်ကို **၁၉၇၃ ခုနှစ် အောက်တိုဘာလ**တွင် ရောက်သည်။ ရန်သူသည် SUA ဌာနချုပ်ကို ဝင်တိုက်သောကြောင့် သွားနေကျ **လွယ်မော်**ဒေသကို ဖြတ်၍ မရဖြစ်ကာ SSPP ဒေသတွင် အတော်ကြာကြာစောင့်ရသည်။ သွားရောက်နိုင်ရေးအတွက် **သခင်ဗသိန်းတင်**ဆီ က/န ပို့လိုက်သည်။ သခင်ဇင်၊ သခင်ချစ်တို့၏စာလည်း ပါသည်။ မြောက်ပိုင်းစစ်ဒေသကိုရောက်ရန် အဆက်အသွယ်ရရန် (၂)လကြာခန့် စောင့်ဆိုင်းခဲ့ရသည်။ တရုတ်ပြည် ကွန်မြူနစ်ပါတီ ထိန်းချုပ်နယ်မြေထဲရှိ အရှေ့မြောက်စစ်ဒေသအရောက်တွင် ပြည်နယ်ကော်မတီ အကြီးအကဲလည်းဖြစ် တပ်ရင်းမှူးလည်းဖြစ်သော **ကာနယ်ဖူးစ်**အဖွဲ့က လာကြိုပြီး **ယူနန်**နယ် **စမောင်**မြို့ကို ပို့ဆောင်သည်။ (၂)ရက်အကြာတွင် သခင်ဗသိန်းတင်နှင့် အဖွဲ့ဝင်(၈)ဦးတို့ ရောက်လာရာ အားလုံးဝမ်းသာကြတော့သည်။

တရုတ်ကွန်မြူနစ်ပါတီနှင့်တွေ့ဆုံဆွေးနွေးရန် စမောင်မြို့ ပါတီဥက္ကဋ္ဌလည်းဖြစ်၊ နိုင်ငံရေးမှူးလည်းဖြစ်၊ တရုတ်ပြည်ကွန်မြူနစ်ပါတီ အရန်ဗဟိုကော်မတီဖြစ်သူကို တာဝန်ပေးလိုက်သည်။ ထို့ကြောင့် ပထမဆုံး တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် ဆွေးနွေးသည်။ ကေအန်ယူပါတီကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲစွာ ကြိုဆိုပွဲပြုလုပ်ပြီး လာရင်းကိစ္စကို အားမနာတမ်း ရင်းနှီးစွာ တင်ပြရန် ဖိတ်ခေါ်သည်။ ပါတီကိုယ်စားလှယ်အဖွဲ့မှလည်း စီစဉ်ထားသော အချက်(၃)ချက်ကို တင်ပြသည်။

ပထမအချက်မှာ ကေအဲန်ယူပါတီ ဖွဲ့စည်းရသည့်အကြောင်းနှင့် ပါတီ၏မူဝါဒလမ်းစဉ်တစ်ခုလုံးကို တင်ပြသည်။ ဒုတိယအချက်မှာ မြန်မာပြည်၏ လူမျိုးစု ပြဿနာဖြစ်သည်။ တိုင်းပြည်တွင် လူမျိုးပေါင်းစုံ နေထိုင်ခြင်းသည် ထူးခြားသော လက္ခဏာတစ်ရပ်ဖြစ်သည်။ တရုတ်ပြည်နှင့်မတူသော သီးခြားလက္ခဏာတစ်ခုဖြစ်သောကြောင့် တိုင်းပြည်အခြေအနေနှင့် ပြည်ထောင်စုပြဿနာကို တင်ပြသည်။ တတိယအချက်မှာ မြန်မာပြည်၏ တပ်ပေါင်းစုပြဿနာ ဖြစ်သည်။ ကေအဲန်ယူပါတီအနေနှင့် တပ်ပေါင်းစုနှင့်သာ အာဏာသိမ်း၊ အောင်ပွဲခံမည်ဟု ယုံကြည်ကြောင်း၊ တပ်ပေါင်းစု ပြဿနာ

သည့် အလွန်ပင် အရေးကြီးကြောင်း တင်ပြသည်။ တပ်ပေါင်းစုနှင့်ပတ်သက်ပြီး ကေအဲန်ယူပါတီ၏ သဘောထားအမြင်၊ ခံယူချက်တွေကို တရုတ်ပြည်ကွန်မြူနစ်ပါတီ နားလည်ရန် တင်ပြသည်။

ကေအဲန်ယူပါတီမှ တင်ပြဆွေးနွေးပြီးနောက်တွင် တရုတ်ပြည်ကွန်မြူနစ်ပါတီအနေနှင့် ပြန်ပြီး ရှေ့ဆောင်ဆွေးနွေးခဲ့သည်မှာ -

- ပထမအချက်အနေနှင့် တော်လှန်ရေးတစ်ရပ်တွင် ပစ္စည်းမဲ့ အလုပ်သမားပါတီတစ်ရပ်၏ ခေါင်းဆောင်မှုဆိုတာ ရှိရမည်။
- ဒုတိယအချက်မှာ ပစ္စည်းမဲ့ အလုပ်သမားပါတီသည် မာ့ခ်စ် လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ကို တိတိကျကျ လက်ခံကျင့်သုံးသော ပါတီဖြစ်ရမည်။
- တတိယအချက်မှာ ရှိသမျှတော်လှန်ရေး အင်အားစုများသည် စုစည်းညီညွတ်ရန် လိုအပ်ကြောင်းနှင့် စည်းလုံးညီညွတ်စွာ ရန်သူကို ရင်ဆိုင်တိုက်ခိုက်ရန် အကြံပေးခဲ့သည်။

ထို့အပြင် မြန်မာပြည်၏ အမျိုးသား ဒီမိုကရေစီ တော်လှန်ရေးအင်အားစုကို ထောက်ခံကြောင်း၊ ၎င်းအင်အားစုများမှာ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေး တော်လှန်ရေး ဆင်နွှဲရန်အတွက် လက်နက်များ လိုအပ်မည်ဖြစ်သည်။ အကူအညီပေးရန်အတွက် တရုတ်ပြည် ကွန်မြူနစ်ပါတီမှ အဆင်သင့်ရှိကြောင်း၊ လက်နက်များလိုအပ်လျှင်သော်လည်းကောင်း၊ တရုတ်ပြည်ကို အလည်အပတ် လာချင်လိုလျှင်သော်လည်းကောင်း၊ ဗကပမှတစ်ဆင့် အကြောင်းကြားပါဟု ပြန်လည်ဆွေးနွေးသည်။

တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် ဆွေးနွေးပြီးနောက်ပိုင်းမှာ ဗကပနှင့် တွေ့ဆုံဆွေးနွေးသည်။ တရုတ်ပြည်ကွန်မြူနစ်ပါတီကို တင်ပြထားသည့် စာတမ်းအတိုင်း ဗကပကိုလည်း တင်ပြသည်။ ဆွေးနွေးပွဲ မတိုင်မီကတည်းက စာတမ်းကို ကြိုတင်ပေးထားသည့်အတွက် စာတမ်းနှင့်ပတ်သက်သော သဘောထားအမြင် မည်သို့ရှိကြောင်း မေးမြန်းလိုက်သည်။

**သခင်ဗသိန်းတင်**က ပြောစရာရှိလျှင် တည့်တည့်နှင့် အားမနာတမ်း မထိန်မဝှက်ပြောရမည်မှာ ဗကပ၏တာဝန်ဖြစ်ကြောင်း ပဏာမစကားပျိုးပြီး ဆွေးနွေးပွဲစခဲ့သည်။ ပထမဆုံးမှာ ကေအဲန်ယူပါတီသည် အလုပ်သမားပါတီ အနေနှင့် မာ့ခ်စ်၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် စသည့် ခေါင်းဆောင်မှုဖြင့်ဖွဲ့စည်းထားခြင်းမှာ မသင့်လျော်ကြောင်း၊ ဤသည်မှာ ဗကပနှင့် စင်ပြိုင်သည်ဟု မြင်ကြောင်း၊ ကေအဲန်ယူပါတီသည် အမျိုးသားတိုးတက်ရေးပါတီသာ ဖြစ်သင့်ကြောင်း၊ ဗကပနှင့်ယှဉ်ပြိုင်မည့် သဘောထားမျိုးဖြင့် ဖွဲ့စည်းလျှင် လုံးဝမမှန်ဘဲ ယှဉ်ပြိုင်သည့်အဖွဲ့မှန်သမျှ ပျက်စီးကုန်မှာ ဖြစ်ကြောင်း၊ တည်မြဲတာ မရှိကြောင်း၊ ပွင့်လင်းစွာပြောရလျှင် ကေအဲန်ယူပါတီအနေနှင့် အမျိုးသားတိုးတက်ရေးပါတီအဖြစ်သာ ဖွဲ့စည်းသင့်ကြောင်း ဗကပကိုယ်စား သခင်ဗသိန်းတင်က ဆွေးနွေးသွားသည်။ နောက်တစ်ချက်မှာ လူမျိုးစုပြဿနာနှင့်ပတ်သက်ပြီး တင်ပြထားသည့်စာတမ်းတွင် ကေအဲန်ယူပါတီအနေဖြင့် မဒညတလည်း ဖွဲ့သည်၊ မဒညတသည် ဗကပနှင့် မဟာမိတ် ဖွဲ့သည်။ တစ်ချိန်တည်းတွင် လူမျိုးစုတပ်ဦးကိုလည်း ဖွဲ့သည်။ ဤသို့မဖွဲ့သင့်ဟု မြင်သည်။ လူမျိုးစု အဖွဲ့အစည်းတွေက မဒညတကို စင်ပြိုင်တာ ဖြစ်ပြီး ကျဉ်းမြောင်းသည့် အမျိုးသားရေးအမြင် ဖြစ်ပေါ်စေသည် ဟု ဆွေးနွေးခဲ့သည်။

ကေအဲန်ယူပါတီဘက်မှလည်း မြန်မာပြည်သည် လူမျိုးပေါင်းစုံနေထိုင်သော တိုင်းပြည်ဖြစ်သည်။ တိုင်းပြည်ကိုအုပ်စိုးသည့် ဖဆပလ၊ မဆလ အစိုးရသည် လူမျိုးစုတွေအပေါ် မဟာလူမျိုးကြီးဝါဒကို ကျင့်သုံးပြီး နည်းမျိုးစုံနှင့် ဖိနှိပ်သဖြင့် မခံမရပ်နိုင်ဖြစ်ကာ လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲကြသည်။ လူမျိုးစုတွေ စုစည်းမှသာ သူတို့၏ပြဿနာကို ဖြေရှင်းနိုင်မည် ဖြစ်သည့်အတွက် လူမျိုးစုညီညွတ်ရေးတပ်ဦးကို ဖွဲ့စည်းရခြင်းဖြစ်သည်။ မဒညတကို ယှဉ်ပြိုင်ခြင်းမဟုတ်ပါ။ မဒညတဖြစ်မြောက်ရေးအတွက် တွန်းအားတစ်ခုဟု သဘောထားပြီး ဖွဲ့စည်းခြင်းဖြစ်သည်။ တစ်နေ့တွင် လူမျိုးစု အားလုံးသည် မဒညတ၌ ပါဝင်မှာဖြစ်သည် ဟု ယုံကြည်သည်။

လူမျိုးစုများကို မဒည္ဒတထဲ တစ်ခါတည်း ခေါ်သွင်းဖို့ဆိုသည်မှာ သူတို့သည် အတိတ်က ရင်ဆိုင်ခဲ့ရသည့် ခါးသီးသောအတွေ့အကြုံများလည်း ရှိခဲ့ကြသည်။ ထိုသို့ အတိတ်က ခံစားမှုအပေါ်မှာ စုစည်းဖို့၊ ဘုံရန်သူကို စုစုစည်းစည်း တိုက်ခိုက်ဖို့၊ ပထမအဆင့် ဖွဲ့စည်းတာဖြစ်သည်။ ထိုမှတစ်ဆင့် ကျယ်ပြန့်သည့် တပ်ပေါင်းစုထဲကို ဝင်လာနိုင်ရန် ရည်ရွယ်ပြီးဖွဲ့စည်းတာဖြစ်ကြောင်း ပြန်လည်ရှင်းပြခဲ့သည်။

ဗကပခေါင်းဆောင်များနှင့် ဆွေးနွေးပွဲအပြီးတွင် ကေအဲန်ယူပါတီက အဖွဲ့ဝင် (၃၀)ကျော်၊ SSPP က (၆၀)ကျော်၊ စုစုပါင်း (၁၀၀)ကျော် လေ့လာရေးခရီးထွက်ခဲ့သည်။ ယူနန်နယ်အတွင်းရှိ ပြည်သူများကို အခြေခံ၍ တရုတ်ပြည်သူ့တပ်မတော်ဖွဲ့စည်းပုံ၊ လက်နက်တပ်ဆင်ပုံနှင့် လုပ်ငန်းတာဝန်များကို မေးမြန်းလေ့လာခဲ့သည်။ ယူနန်နယ်ရှိ လူမျိုးစု (၂၄)မျိုးအကြောင်း လေ့လာခဲ့သည်။ **ကူမင်း**မြို့ လူမျိုးစု တက္ကသိုလ်တွင် ကရင်၊ မွန်၊ မြန်မာမှအပ မြောင်၊ လားဟူ၊ ဝ၊ ကချင်၊ လီရှော၊ ရှမ်း လူမျိုးများ များစွာ ရှိပြီး သူတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တိုင်း (၇)တိုင်း ရှိသည်။ လူမျိုးစု တက္ကသိုလ်များတွင် သူတို့၏ ဘာသာစကား၊ ဓလေ့စာပေယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်ပေးသည်။ လူမျိုးစုများသည် ၄င်းတို့၏စာပေနှင့် ဘာသာစကားကို ရေး ဖတ်၊ ပြောဆိုနိုင်ရုံမက တရုတ်ဘာသာစကား စာပေကိုလည်း ရေးနိုင်၊ ဖတ်နိုင် ဘာသာပြန်နိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေး ယန္တရားများတွင် ဘာသာ စာပေ နှစ်ခုစလုံးကို အသုံးပြုကြသည်။

အလုပ်သမား သောင်းနှင့်ချီသည့် သံမဏိစက်ရုံ၊ ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးတို့ စတင်ဖော်ထုတ်ချိန်မှာ ခေတ်ဟောင်းနည်းနာများကိုလည်း အသုံးပြုရဆဲဖြစ်သည်။ လေ့လာသူအားလုံးအတွက် သွားကုသရေးကို အထူး စီစဉ်ပေးသည်။ အပ်စိုက်ကုသနည်းကိုလည်း အချိန်တိုအတွင်း သင်ကြားပေးပြီး အပြန်ခရီးတွင် အပ်စိုက်ကိရိယာများကို လက်ဆောင်ပေးလိုက်သည်။

## ၂၂။ ဖြတ်လေးဖြတ် ပိတ်ဝိုင်းစစ်ဆင်ရေး

**ဖြတ်လေးဖြတ်** ဆိုသည်မှာ...

(၁) ရေလမ်း၊ ကားလမ်း၊ မီးရထားလမ်း စသည့် လမ်းပန်းဆက်သွယ်ရေး ဖြတ်တောက်ခြင်း၊

(၂) လူထုနှင့် အဆက်အသွယ် ဖြတ်တောက်ခြင်း၊

(၃) ရိက္ခာဖြတ်တောက်ခြင်း၊

(၄) ဘဏ္ဍာရေး (အခွန်ထောက်ပံ့မှုဖြတ်တောက်ခြင်း) စသည်တို့ဖြင့် ပြုလုပ်သော စစ်ဆင်ရေးကို ဆိုလိုသည်။

ဖြတ်လေးဖြတ် စစ်ဆင်ရေးအကြောင်းကို ရေးမည်ဆိုပါက ဗိုလ်မိုးဟိန်းနှင့် **ဗိုလ်ကြီးချစ်လေးမောင်**တို့၏ ရဲရဲတောက်တိုက်ပွဲများအကြောင်းကို မဖြစ်မနေဖော်ပြရပေတော့မည်။ ဗိုလ်မိုးဟိန်းသည် **၁၉၆၈ ခုနှစ်** နှစ်လယ်လောက်တွင် အရှေ့တိုင်းလုံခြုံရေးတာဝန် ပြီးဆုံးချိန်ဖြစ်ပြီး ဆေးခွင့်နှင့် မြစ်ဝကျွန်းပေါ် သို့ ပြန်ရောက်နေချိန်ဖြစ်ပါသည်။ KPLA တပ်ရင်း (၁) တပ်ရင်းမှူး ဗိုလ်မှူးကျော်လှိုင် ကျဆုံးသွားသောကြောင့် ဗိုလ်မိုးဟိန်းသည် တပ်ရင်း (၁)ကို တာဝန်ယူထားချိန် ဖြစ်ပါသည်။ ဗိုလ်မှူးကျော်လှိုင်ကျဆုံးသွားခဲ့သော သဇင်ရေကျော်ရွာကို တပ်စုတပ်ဖွဲ့ဖြင့် ရန်သူကို နှစ်ပတ်ကြာမျှ စောင့်ဆိုင်းရင်း ရွာသားများထံမှ ဗိုလ်မှူးကျော်လှိုင်နှင့် ရဲဘော်များကျဆုံးသွားရပုံကို စုံစမ်းမေးမြန်းခဲ့သည်။ ထိုနှစ် အတွင်း (၁)ခရိုင်နှင့် (၃)ခရိုင်တွင် တိုက်ပွဲကြီးကြီးမားမား မရှိခဲ့ဘဲ တိုက်ပွဲငယ်များသည် ဖြစ်မြဲ တိုက်မြဲ ဖြစ်ခဲ့ကြပါသည်။

**၁၉၆၉ ခုနှစ်** တန်ခူးအကုန် ကဆုန်လဆန်း မိုးဦးလေဦး စလာချိန် **အမှတ် (၂) မြောင်းမြခရိုင်ဒေသ**တွင် ရန်သူဘက်မှ **သိလ္လာစစ်ဆင်ရေး**ကို အမှတ်မထင် စခဲ့ပါသည်။ လက်နက်ကိုင်တပ်အသီးသီးမှ သာမာန်စစ်ဆင်ရေးမျှဟု သတ်မှတ်ထားသော်လည်း အမှတ် (၂) မြောင်းမြခရိုင်အတွင်း ကရင်မြို့နယ်ရုံး၊ တပ်ဖွဲ့ရုံး၊ ကွန်မြူနစ်၏စခန်းရုံး၊ တပ်ခွဲ၊ တပ်ဖွဲ့စခန်းအားလုံး ပိတ်

ပိုင်းချေမှုန်းခံလိုက်ရပါသည်။ မကြာမီ အမှတ် (၈)ခရိုင်အတွင်းသို့ ရန်သူ၏ စစ်ဆင်ရေးဦးလှည့်လာချိန် ဗိုလ်ကြီးချစ်လေးမောင်တို့ တပ်စုတပ်ဖွဲ့များ သည် မအူပင်အနောက်ခြမ်း **ပံသပွတ်**ချောင်းတစ်လျှောက် ပိတ်မိနေခဲ့သည်။ ဤသို့သော အနေအထားတွင် ဗိုလ်မိုးဟိန်းတို့တပ်ဖွဲ့အား ဇဟိုမှ ပဲခူးရိုးမသို့ အမြန်ဆုံးတက်လာရန် အကြောင်းကြားခဲ့သော်လည်း ကြေးနန်းရရှိချိန်တွင် ရန်သူမှ အမှတ် (၁)နှင့် (၃)ခရိုင်ဘက်သို့ တာစူလာနှင့်ပြီး ဖြစ်သောကြောင့် ဗိုလ်ကြီးချစ်လေးမောင်တပ်ဖွဲ့ကို မည်သို့မျှ အကူအညီ မပေးနိုင်တော့ပေ။

မအူပင်အနောက်ခြမ်း လယ်ကွင်းနား မလှမ်းမကမ်း၊ ကုက္ကိုလ်ပင် ကြီးနှစ်ပင်ကြားရှိ နွားတင်းကုပ်တစ်ဝိုက်တွင် ဗိုလ်ကြီးချစ်လေးမောင်တို့ တပ်ဖွဲ့မှာ ရန်သူ၏ ပိတ်ဆို့ချေမှုန်းခြင်းကို ခံလိုက်ရပေပြီ။ ဗိုလ်ကြီး ချစ်လေး မောင်က သူ၏ရဲဘော်များကို လက်နက်ချရန်၊ သေနတ်နှင့် ကျည်ဆန်များ သူ့အားပေးရန်နှင့် သူက နောက်ဆုံးအချိန်ထိ အသေခံတိုက်ပွဲဝင်သွားမည် ဟု ပြောသော်လည်း ရဲဘော်များက လက်မခံပါချေ။ သေအတူ၊ ရှင်မကွာ တော်လှန်ရေးတိုက်ပွဲ ဆင်နွှဲကြမယ်ဟု စိတ်ပိုင်းဖြတ်ထားကြသူများပီပီ "လက်နက် မချနိုင်"ဟုဆိုကာ အတူတိုက်ခဲ့ကြသည်။ တိုက်ပွဲမှာ ပြင်းထန် သည်ထက် ပြင်းထန်လာပြီး (၅)ရက်အကြာတွင် ရိက္ခာလည်းပြတ်၊ ကျည် လည်း ကုန်လုနီးပါး၊ ဒဏ်ရာရသူလည်း အများအပြား ရှိလာသည်။ ရန်သူ ဘက်မှ တပ်စုလိုက်၊ တပ်ခွဲလိုက် အဆက်မပြတ် ဆက်လက်ထိုးစစ်ဆင်နေ သောကြောင့် ဗိုလ်ကြီးချစ်လေးမောင်တို့ တစ်ဖွဲ့လုံးသည် ရန်သူကို အတင်း ဝင်လုံး၊ သေနတ်လု ပစ်ခတ်ရင်း ရဲရဲတောက်တိုက်လေရာမှ ဗိုလ်ကြီးချစ် လေးမောင်အပါအဝင် သူရဲကောင်းအာဇာနည် (၁၀)ယောက်တို့မှာ အမျိုး သားလွတ်မြောက်ရေးအတွက် အသက်ပေးလိုက်ကြတော့သည်။

ဗိုလ်မိုးဟိန်းမှာလည်း အမှတ် (၁)နှင့် (၃)ခရိုင်အတွင်းရှိ တပ်ရင်း (၁)မှ တပ်ခွဲ၊ တပ်စုနှင့် ခရိုင်ပြောက်ကျားတပ်ဖွဲ့များအားလုံးကို စုစည်းကာ အင်အား (၃၀၀) ခန့်ဖြင့် ဓနုဖြူအရှေ့ဘက်ရှိ **အဖျောက်၊ ဇကာကြီး** ဘက်မှ ဖောက်ထွက်ရန် စီစဉ်ခဲ့ပါသည်။ သို့နှင့် နောက်ကြောင်းပြန်လှည့်ခဲ့ရာ ဓနုဖြူ

၏ အရှေ့ခြမ်း၊ **ငဖယ်အိုင်**တွင် ပြင်းထန်တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး လှိုင်မြစ်နှုတ်ခမ်း ဘက်သို့ ပြန်ရောက်လာခဲ့သည်။ အဆက်မပြတ် တိုက်ပွဲများကြား ရိက္ခာက လည်း ပြတ်လပ်သဖြင့် ပင်ပန်းမှုဒဏ်မခံနိုင်ကြသော အချို့ရဲဘော်များ အဖမ်း ခံရကာ အချို့မှာ အလင်းဝင်ကုန်ကြသည်။ ကျန်ရှိသော အင်အား (၂၀၀) ကျော်နှင့်အတူ လှိုင်မြစ်ကိုဖြတ်ကူးခဲ့ပြီး ပဲခူးအနောက်ခြမ်း**ဆင်ဖြူကုန်း** ဘက်မှ လှည့်လည်တိုက်ခိုက်ခဲ့ကာ **၁၉၆၉ ခုနှစ်** အကုန်တွင် ပဲခူးရိုးမသို့ ကောင်းမွန်စွာ ရောက်သွားခဲ့ကြပါသည်။

မှတ်ချက် ။ ။ ပဲခူးရိုးမသို့ရောက်သွားသော အင်အား (၂၀၀)ကျော်တပ်ဖွဲ့ သည် သာမာန်ထိုးစစ်ကြီးတစ်ခုကို ဖောက်ထွက်ခြင်း ဖြစ်သည်ဟု မှတ်ယူ ကြပေသည်။

## ၂၃။ အမျိုးသားလွတ်မြောက်ရေး၊ လူတန်းစားလွတ်မြောက်ရေး

**၁၉၁၆-၁၇ ခုနှစ်** ပထမကမ္ဘာစစ်ဖြစ်ချိန် **ဘော်ရှီဗစ်**ပါတီမှ ဆင်နွှဲ သောတော်လှန်ရေးကြောင့် **ဇာဘုရင်**အုပ်ချုပ်ရေး ကျဆုံးခဲ့ရသည်။ ၎င်း နောက် ရုရှားနိုင်ငံသည် ခေတ်သစ်စနစ်သို့ တက်လှမ်းခဲ့ကြပါသည်။ **ဘော်လင်္ဂါ**မှ သီးပွင့်ခဲ့သော တော်လှန်ရေးမျိုးစေ့သည် **ဂင်္ဂါ**သို့ ပျံ့နှံ့ ပြန့်ပွား သွားရုံမက ရောမြေသို့လည်း ရောက်ရှိသီးပွင့်ခဲ့သည်။ ပထမကမ္ဘာစစ်အပြီး တွင် အင်ပါယာနိုင်ငံတို့မှ အမျိုးသားနိုင်ငံငယ် (၁၄)နိုင်ငံ ပေါ်ပေါက်လာခဲ့ သည်။

အင်္ဂလိပ်နယ်ချဲ့ အင်ပါယာမှ ခွဲထွက်လိုကြသော မြန်မာ(ဗမာ) အမျိုးသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးအရှိန်အဟုန် ပြင်းပြလာကြပြီး **ဝိုင်အမ် ဘီအေ** မှတစ်ဆင့် **ဂျီစီဘီအေ**၊ ထိုမှတစ်ဆင့် **ဒို့ဗမာအစည်းအရုံး**၊ သခင် အသင်းအဖွဲ့များနှင့် **ဗမာ့ထွက်ရပ်ဂိုဏ်း** အစရှိသည်ကို ဖွဲ့စည်းလာခဲ့ကြပါ သည်။ ဒုတိယကမ္ဘာစစ် စစ်ရိပ်သန်းလာချိန်တွင် မြန်မာမျိုးချစ်တို့က **မြေ အောက် ကွန်မြူနစ်ပါတီ**ကိုဖွဲ့စည်းကာ နယ်ချဲ့ဆန့်ကျင်ရေးကို ပြင်ဆင်ခဲ့ကြ

ပါသည်။

ထိုစဉ်က "ကရင်တွေ ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲ"ဟု စောဒကတက်သော် အင်္ဂလိပ်နယ်ချဲ့လက်အောက် သစ္စာရှိကရင်ဘဝဖြင့် နယ်ချဲ့ကပေးသော လူမှုရေး၊ ရိုးရာယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ (Social, Culture, Education) အခွင့်အရေးများဖြင့် တင်းတိမ်ရောင့်ရဲ ပီတိဖြစ်နေကြသည်ဟု ဆိုရပေမည်။ ဒုတိယကမ္ဘာစစ်အပြီး နယ်ချဲ့အင်္ဂလိပ်က မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် ပြင်ဆင်ချိန်ဝယ် သစ္စာရှိ ကရင်များက **KNU** ကို ဖွဲ့စည်းပြီး တန်းတူရေး၊ ဒီမိုကရေစီရေး၊ ချစ်ကြည်ရေး၊ ငြိမ်းချမ်းရေးကို ဟစ်ကြွေးကာ နိုင်ငံရေးစားပွဲဝိုင်းသို့ တက်လှမ်းလာခဲ့ကြသည်။

**၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်** မြန်မာပြည်လွတ်လပ်ရေး ကြေညာပြီး နောက် သုံးလခန့် အကြာတွင် အာဏာရ ဖဆပလအစိုးရသည် ကွန်မြူနစ်ပါတီကို တောတွင်းသို့ ပို့ဆောင်ခဲ့သည်။ **၁၉၄၉ ခုနှစ် ဇန်နဝါရီလ** ကုန်တွင်ကား **KNDO** ကို မတရားအသင်း ကြေညာလိုက်ရာမှ ကရင့်တော်လှန်ရေးအစပြုခဲ့သည် ဟု ဆိုရပါမည်။ ပြည်တွင်းစစ် မီးလျှံလည်း တစ်ဟုန်ထိုး တောက်လောင်ခဲ့ပါသည်။

**၁၉၅၆ ခုနှစ်**တွင် ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်ကို ချမှတ်ခဲ့ပြီး **"တပ်ပေါင်းစုအနေဖြင့် အောင်ပွဲခံရမည်"** ဟု အနိုင်အမာယုံကြည်ကာ ဆုံးဖြတ်ခဲ့ကြပါသည်။ **ဗမာပြည်ကွန်မြူနစ်ပါတီ၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပအိုဝ်လွတ်မြောက်ရေးအဖွဲ့၊ ချင်းဦးစီးအဖွဲ့** နှင့် **ကေအဲန်ယူပါတီ**တို့ ပူးပေါင်း၍ **၁၉၅၉ ခုနှစ်**တွင် **မဒညတ**ကို ဖွဲ့စည်းခဲ့ကြပါသည်။ **၁၉၅၈-၆၀ တာတပေါစစ်ဆင်ရေး**မတိုင်မီတွင် BCP နှင့် KNUP တို့၏ဌာနချုပ်ကို ပဲခူးရိုးမသို့ ပြောင်းရွှေ့ခဲ့ကြပါသည်။ ထိုပါတီနှစ်ခုသည် တော်လှန်ရေးတစ်ရပ်၏ နိုင်ငံရေး၊ စစ်ရေးလမ်းစဉ် အရေးကြီးပုံနှင့် ခေါင်းဆောင်မှု အရေးကြီးပုံတို့ကိုပါ အခါအားလျော်စွာ ဆွေးနွေးခဲ့ကြပါသည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေးတွင် အလုပ်သမား

လူတန်းစား၏ ရှေ့ဆောင်မှုဖြင့် တော်လှန်ရေးအောင်ပွဲ ရရမည်ဟု အခြေခံအားဖြင့် သဘောတူညီကြသော BCP နှင့် KNUP တို့သည် "အမျိုးသားလွတ်မြောက်ရေး၊ လူတန်းစားလွတ်မြောက်ရေး" ဟူသော တော်လှန်ရေးနစ်ရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင်တော့ အမြင်ရှုထောင့် မတူညီကြတော့ပေ။

KNUP အနေဖြင့် "နယ်ချဲ့ဆန့်ကျင်ရေးမှာ အမျိုးသားရေးဖြစ်ပြီး ပဒေသရာဇ် ဆန့်ကျင်ရေးသည် ဒီမိုကရေစီရေး" ဖြစ်ပေသည်။ ထို့ကြောင့် ကရင့်တော်လှန်ရေးသည် "အမျိုးသားဒီမိုကရေစီတော်လှန်ရေး" ဟု ဆိုနိုင်ပါသည်။

BCP ကမူ "အင်္ဂလိပ်ပေးသောလွတ်လပ်ရေးသည် အတုအယောင်လွတ်လပ်ရေး ဖြစ်သည်။ ဖဆပလအစိုးရသည် မြေရှင်၊ ငွေရှင်၊ အာဏာရှင်တို့၏ အရေးကိုသာ ဆောင်ရွက်နေသည်။ ထို့ကြောင့် တိုင်းသူပြည်သားအားလုံးအတွက် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို ဆင်နွှဲရမည်" ဟု ဆိုပါသည်။ တစ်နည်းအားဖြင့် မော်စီတုံး၏ဒီမိုကရေစီသစ်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ အာဏာရ ဖဆလပ အစိုးရသည် ဗမာလူမျိုး ဖြစ်သောကြောင့် BCP အနေဖြင့် အမျိုးသားလွတ်မြောက်ရေးဟု ကြွေးကြော်ရန်မလို ဟု ဆိုပါသည်။

ဤသို့ဖြင့် အလုပ်သမားလူတန်းစား ခေါင်းဆောင်မှုဖြင့် လွတ်မြောက်ရေးရရှိမည်ဟု ကြွေးကြော်တော်လှန်ခဲ့ကြသော ပါတီ နှစ်ပါတီသည် အချိန်ကာလတစ်ခုကို ဖြတ်သန်းပြီးနောက် KNUP အတွင်း အယူအဆ (၃) မျိုး ဖြစ်လာခဲ့သည်။ KNUP နှင့် KNU (အရှေ့တိုင်းကော်သူးလေ)ဟူ၍ နှစ်ဖွဲ့ကွဲကာ ကရင်အမျိုးသားအချင်းချင်း ပဋိပက္ခဖြစ်လာခဲ့သည်။ BCP က လည်း မော်စီတုံး၏ ယဉ်ကျေးမှုတော်လှန်ရေးအား တိုက်ရိုက်ကူးချခြင်း၏ အကျိုးဆက်ကို သိမြင်ကြပြီးဖြစ်မည်။

## ၂၄။ တိုက်တိုင်းအောင်ပူးတွဲစစ်ကြောင်း

ပဲခူးရိုးမတွင် BCP မှ **သခင်ချစ်**၊ **သခင်ဇင်**၊ **ဗိုလ်မှူးမျိုးမြင့်**တို့နှင့် KNUP မှ **ဗိုလ်ချုပ်ကျော်မြသန်း**၊ **ဗိုလ်ချုပ်တာအယ်**၊ **ဗိုလ်မှူးချုပ်ကျင်ဖေ**၊ **ဗိုလ်ချုပ်မြမောင်**တို့ ဆွေးနွေးခဲ့ကြသည်။ BCP က **၅၅ လမ်းစဉ်**ကို ပြန်လည်သုံးသပ်ပြီး **၆၄ လမ်းစဉ်**ကို ချမှတ်လိုက်သည်။ အလားအလာ (၂)ရပ် ဟူ၍ မထားရှိတော့ဘဲ "ရန်သူကို စစ်ရေးအရအနိုင်တိုက်ရမည်" ဟူသော အလားအလာ (၁)ရပ်သာ ကိုင်စွဲထားရှိတော့သည်။ ရန်စည်း၊ ငါစည်း ပြတ်ပြတ်သားသား ခြားထားလိုက်သည်။ ဘုံရန်သူကို ပူးပေါင်းတိုက်ရန် သဘောတူဆုံးဖြတ်ကြပြီး "တိုက်တိုင်းအောင်" ပူးတွဲတပ်ကို ဖွဲ့စည်းလိုက်ကြသည်။ ပဲခူးခရိုင်သည် တိုက်တိုင်းအောင် (၁)၊ သာယာဝတီခရိုင်မှာ တိုက်တိုင်းအောင် (၂)၊ တောင်ငူခရိုင်ကို တိုက်တိုင်းအောင် (၃) စသည်ဖြင့် စစ်ဆင်ရေး နယ်မြေ အသီးသီး သတ်မှတ်ခဲ့ကြပါသည်။

တိုက်တိုင်းအောင် ပူးတွဲစစ်ကြောင်း (၁)၏ စစ်ကြောင်းမှူးမှာ သခင်ဇင်၊ သခင်ချစ်၊ ဗိုလ်မှူးမိုးဟိန်းဖြစ်ပြီး၊ စစ်ကြောင်း (၂)၏ စစ်ကြောင်းမှူးမှာ **ဗိုလ်မှူးဟန်ကြည်**နှင့် **ဗိုလ်မှူးထိုကြည်**တို့ ဖြစ်သည်။ ထိုအချိန်တွင်ပင် ပဲခူး၊ သာယာဝတီခရိုင်တို့တွင် တပ်မ (၈၈) ၏ **ရဲနွယ်ချောင်းစီမံကိန်း** ထိုးစစ်ကြီး စတင်ပါတော့သည်။ ဗိုလ်ချုပ်မြမောင်က "ရန်သူထိုးစစ်ကို ရိုက်ချိုးပစ်ရေးသည် တော်လှန်ရေးအောင်ပွဲ၏ အဆုံးအဖြတ်ပွဲဖြစ်သည်"ဟု တိုက်တိုင်းအောင် ပူးတွဲစစ်ကြောင်းကို အားပေးမှာကြားလိုက်သည်။

စစ်ကြောင်းသည် သတ်မှတ်ထားသောနေရာတွင် သတ်ကွင်း၊ သတ်ကွက်ကို ပြင်သည်။ ရန်သူလာသည့်အခါ စစ်ကြောင်း (၂)ကြောင်း ခွဲပြီး တိုက်ခိုက်သလို အချိန်တိုအတွင်းမှာပင် ပြန်ပေါင်းကာ ရန်သူကို ချေမှုန်းပြန်သည်။ **ငှက်ပျောတုံး**တိုက်ပွဲ၊ **ထန်းတပင်**တိုက်ပွဲ၊ တောင်ပေါ်(၂၄)ရွာဒေသ ရှိ **ဝါးအိမ်စု**တိုက်ပွဲ၊ **ပဒတ်**တိုက်ပွဲ တို့တွင် တပ်စုလိုက် တပ်ခွဲလိုက် ချေမှုန်းခြင်း ခံရသော **တပ်မ (၈၈)**သည် ကျဆုံးမှုများစွာဖြင့် ထိုးစစ်ကို ရုတ်သိမ်းခဲ့ရသည်။ တိုက်ပွဲဝင် ရဲဘော်တို့သည် ရန်သူထွက်ပေါက်မရှိအောင်

ပိတ်ဆို့၍ သူသေ၊ ကိုယ်သေ အပြတ်ရှင်းတိုက်ပွဲဝင်ခဲ့သည်။ ရန်၊ ငါစည်း ပြတ်သားမှုကို သက်သေထူပြလိုက်ခြင်းလည်း ဖြစ်ပါသည်။

(၂)လခန့်အကြာတွင် **တပ်မ (၉၉)**သည် ရိုးမအနောက်ခြမ်း တောင်ခြေအစပ်နှင့် တောင်ပေါ်ပိုင်းတွင် **ရဲနွယ်**ချောင်း ထိုးစစ်တစ်ရပ်ကို ထပ်မံပြင်ဆင်လာခဲ့ပါသည်။ ဗိုလ်မိုးဟိန်းတို့ ပူးတွဲစစ်ကြောင်းသည် ရဲနွယ်ချောင်း အလယ်ပိုင်းနှင့် ချောင်းဖျားအထိ ရန်သူလာနိုင်မည့်နေရာကို သတ်ကွင်း သတ်ကွက် ပြင်ဆင်ခဲ့သည်။ တပ်စု၊ တပ်ခွဲတွေကို ကုန်းမြင့်ပိုင်းမှာ နေရာချထားသည်။ လက်ဝဲ၊ လက်ယာ ဖြတ်ကင်းတွင် စက်လတ် (၂)လက်စီ ချေမှုန်းရန် အသင့်ပြင်သည်။ သို့သော် ရန်သူသည် ကုန်းမြင့်တောစပ်ဘက်မှ တက်မလာဘဲ ရဲနွယ်ချောင်းအောက်ဖက်တစ်လျှောက် စစ်ကြောင်း (၅)ကြောင်းဖြင့် တက်လာသည်။

ပူးတွဲစစ်ကြောင်းဘက်မှ စတင်ပစ်ခတ်ပြီး လက်ဦးမှုရယူခဲ့သည်။ တိုက်ပွဲသည် အတော်ပြင်းထန်ခဲ့သည်။ သတ်ကွင်းထဲရောက်နေသော ရန်သူ (၅၀)ကျော်၏ အလောင်းများမှာ မြင်မကောင်းအောင် ပြန့်ကျဲနေသည်။ သေနတ်ကောက်ရန် ဆင်းသွားသော ဗိုလ်မှူးမိုးဟိန်းသည် ညာဘက် မျက်စိအထက်နား နဖူးစောင်းတွင် ရန်သူ့ကျည် ခတ်သွားလေသည်။ ရဲဘော်၊ ရဲမေတို့၏ အကူအညီဖြင့် တိုက်ပွဲခွင်မှ ရှောင်ထွက်နိုင်ခဲ့သည်။ လက်ဝဲဘက် ဖြတ်ကင်းမှ ကွေ့ဝိုက်တက်လာသောရန်သူကို ချေမှုန်းနိုင်သောကြောင့် သေနတ် (၁၇)လက်ကို ကောက်ယူနိုင်ခဲ့သည်။ ရဲနွယ်ချောင်းအဖျားပိုင်းမှ ရိုးမ အရှေ့ဘက်ခြမ်းကို လှည့်ရှောင်ထွက်ရန် စီစဉ်သော်လည်း ရန်သူသည် ဗိုလ်မှူး မိုးဟိန်းတို့ သွားမည့်ဘက်ကို ထိပ်တိုက်ပိတ်ကာ နေရာချထားသည်။ ထိုအခြေအနေတွင် ပူးတွဲစစ်ကြောင်းသည် အရှေ့ဘက်ကို ဆက်မတိုးတော့ဘဲ ရိုးမ အနောက်ဖက်ခြမ်းရှိ ရန်သူ့စခန်းများကို တိုက်ရန် စီစဉ်ခဲ့သည်။

သာယာဝတီခရိုင်အဆုံး ပဲခူးအနောက်ခြမ်း တောင်ခြေရှိ **ကျွန်းပင်ကြီး**ရွာနှင့် တစ်မိုင်ခွဲ (၂)မိုင်ခန့်တွင် ရန်သူ၏ ကင်းဖုတ်စခန်း (၅)ခု ရှိလေရာ ဘယ်စခန်းကို ဘယ်စစ်ကြောင်းမှ တာဝန်ယူမည်ကို ခွဲတမ်းချပြီးနောက်

နစ်ည သုံးညခန့် ရန်သူ့စခန်း၏အနေအထားကို ထောက်လှမ်းခဲ့သည်။ ရန်သူက စခန်းကို ဝါးခြမ်းများဖြင့် သုံးထပ်မျှ ပတ်ပတ်လည် ကာရံထားသည်။ ဗိုလ်မိုးဟိန်းတို့က တိုက်ပွဲဝင်မည့်နေရာတွင်ရှိသော ခြံစည်းရိုးနီးချက်များကို ဓားမြှောင်ထက်ထက်ဖြင့် လှီးဖြတ်ထားသည်။ ရန်သူသည် အသံကြားသဖြင့် သေနတ်မောင်းတင်ပြီး ဓာတ်မီးဖြင့် လှမ်းထိုးသည်။ ဗိုလ်မိုးဟိန်းတို့ဘက်မှ ပြားပြားမှောက်ကာ မျက်စိမှိတ်ထားရသည်။ နောက် (၃)ရက်အကြာ၊ နံနက်ဝေလီဝေလင်း (၅)နာရီခန့်တွင် ရန်သူ့စခန်းသို့ အတင်းဝင်၊ ခြံကာကို ဖြုတ်၊ ကာပစ်၊ အနီးကပ်ပစ်၊ ရန်သူကို ဝင်လုံး တိုက်ခဲ့ကြသည်။

ဗိုလ်မှူးမိုးဟိန်းတို့စစ်ကြောင်းက ဖုတ်စခန်းကိုဝင်ဖို့ ခက်ခဲနေချိန်တွင် စစ်ကြောင်း (၁)မှ အကူအညီပေးသောကြောင့် ဖုတ်စခန်း (၅)ခု လုံးကို ကောင်းမွန်စွာသိမ်းပိုက်နိုင်ခဲ့ကြသည်။ ဆန်၊ နို့ဆီ၊ သကြားပါမကျန် လက်နက်တို့ကိုပါ သိမ်းပိုက်ရရှိခဲ့သည်။ အောင်ပွဲခံပြီးနောက် စစ်ကြောင်း၊ စစ်ပွဲတို့ကို ပြန်လည်သုံးသပ်ပြီး BCP မှ သခင်ချစ်၊ သခင်ဇင်တို့က ဗိုလ်မှူးမိုးဟိန်းကို **သူရဲကောင်းဘွဲ့** ချီးမြှင့်ခဲ့ပါသည်။ အမှန်ကား ထိုဆုသည် ဒုတိယဆု ဖြစ်ပြီး ပထမအကြိမ်သူရဲကောင်းဘွဲ့ကို **၁၉၅၈-၆၀ တာတပေါ်စစ်ဆင်ရေး** အပြီး KNUP မှ ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။

## ၂၅။ အငတ်ဘေးဒဏ်

KNUP နှင့် BCP တို့သည် တစ်ရက်ခရီးသာသာ ဝေးသောနေရာတွင် စခန်းစိုက်ထားကြသည်။ ပူးတွဲစစ်ကြောင်း မဖွဲ့မီကတည်းကပင် ထိုနှစ်ပါတီသည် စစ်ရေး၊ နိုင်ငံရေးကိစ္စရပ်များကို အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ခံယူချက်တူသော၊ သဘောတူသောအချက်များရှိသကဲ့သို့ သဘောမတူကြသည့်အချက်များလည်း ရှိပေသည်။ ကိုယ့်ပါတီနှင့်ကိုယ် ဖြစ်နေ၍ သဘောထားအမြင်မတူညီကြသည်မှအပ ကိုယ်ကြိုက်သလို လွတ်လပ်စွာ ဆုံးဖြတ်ကျင့်သုံးကြသည်။ ရိုးစင်းသော သာဓကပြရသော် BCP ၏ ၆၄ လမ်းစဉ်အရ "ရန်ငါ ပြတ်သားရမည်၊ ရန်သူကို ပြတ်ပြတ်သားသား

ချေမှုန်းရမည်” ဆိုသည်ကို လက်ခံနိုင်ခဲ့သည်။ ရန်သူကို တိုက်နိုင်လျှင် ရန်သူ၏လက်နက်နှင့် ရိက္ခာကိုရမည်ဖြစ်သောကြောင့် ကုန်ထုတ်လုပ်ခြင်း (တောင်ယာလုပ်ကိုင်ခြင်း)သည် အချိန်ဖြုန်းတီးရာရောက်သည် ဟူသော ခံယူချက်ကိုမူ KNUP ဘက်က လက်မခံနိုင်ပေ။

ပဲခူးရိုးမရှိ KNUP ၏ မြို့နယ်၊ ခရိုင်၊ ဗဟိုရုံးတို့တွင် ရိက္ခာထုတ်လုပ်ကြသလို တပ်စု၊ တပ်ခွဲတို့မှာလည်း ရိက္ခာထုတ်လုပ်ကြရသည်။ “စည်းရုံးရင်း တိုက်၊ တိုက်ရင်းကုန်ထုတ်” ဟူသော မူကို ကျင့်သုံးခဲ့ကြသည်။ မျိုးစပါး (၇)တင်းမှ (၁၀)တင်း ဆံ့သော တောင်ယာစိုက်ပျိုးကြရသည်။ နှစ်စဉ်စပါးတင်း (၄၅၀)မှ (၆၀၀)ထိ ထွက်ရှိရန် စိုက်ပျိုးကြရသည့်အပြင် သီးညှပ်အဖြစ် ကောက်ညှင်း၊ နမ်း၊ ပဲ တို့ကိုပါ စိုက်ကြရပါသည်။ ထိုသို့ တစ်နှစ်စာ ရိက္ခာ ဖူလုံအောင် စီစဉ်သိုမှီးကြရသည်မှာ ကွင်းပိုင်းလူထုအတွက် ဝန်မပိုစေလိုသော သဘောလည်းဖြစ်ပါသည်။ တောင်ပေါ်ကရင်ရွာတို့မှ ထွက်ရှိသော တောင်ယာစပါးသည် သူတို့ရွာလေးအတွက်သာ လုံလောက်ရုံမျှသာ ရှိပေသည် မဟုတ်ပါလော။

တောင်ပေါ်တိုက်ပွဲများတွင် ပူးပေါင်းစစ်ကြောင်းသည် KNUP ၏ ရိက္ခာကို ခွဲယူစားသုံးကြသည်။ တောင်ခြေနှင့် ကွင်းပိုင်းတွင် ဖြစ်ပွားသော တိုက်ပွဲများတွင် လူထုထံမှ ရိက္ခာကိုလည်းကောင်း၊ ရန်သူ့ ရိက္ခာကို လည်းကောင်း သုံးကြရပေသည်။ အုတ်ဖိုမြို့နယ် **ဒီးဒူပင်**ရွာကြီးနှင့် (၂)မိုင်ခန့် အကွာတွင် ရန်သူသည် အတော်လေးအထိနာပြီး ပိတ်မိနေသည်။ ထိုတပ်ဖွဲ့အား ဟပ်စကီးဖြင့်ရိက္ခာလာချစဉ် ပူးတွဲစစ်ကြောင်းက အတင်း ကာပစ်၊ အတင်း ဝင်လုလိုက်သဖြင့် ရိက္ခာအတော်များများ ရရှိလိုက်သည်။ တိုက်ပွဲဝင် ရဲဘော်အရေအတွက် များသောကြောင့် ထိုရိက္ခာမှာ (၃)ပတ်ခန့်သာ စားသုံး၍ရခဲ့သည်။

ထိုစဉ် ရွာအချို့တွင် ရန်သူဘက်က သူပုန်တပ်အား ရိက္ခာမပေးရဟု အမိန့်ထုတ်သည်ကတစ်ကြောင်း၊ ရွာအချို့က တိုက်ပွဲနှင့်ဝေးရာသို့ ရှောင်ပြေးကြခြင်းကတစ်ကြောင်းတို့ကြောင့် ရိက္ခာရှာမရဖြစ်ပြီး အတော်

ခက်ခဲလာရသည်။ တပ်ဖွဲ့မှာ ဝေ်မွတ်လာသည့်အခါ အင်အားချည့်နဲ့လာကြသည်။ ဒဏ်ရာရ ရဲဘော်များအတွက် ကုသရန် ဆေးဝါးမရှိ၊ အချို့မှာ စိတ်ဓာတ်ကျဆင်းလာကြသည်။ BCP ရဲဘော်တချို့ တပ်မှထွက်ရန်၊ အနားယူခွင့်တောင်းလာကြသည်။ ထိုအခါ အညှံ့ခံရေးဝါဒီသမားတွေဟု ဆိုကာ အချင်းချင်း သတ်ပစ်ကြသည်။ အချို့မှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ကြသည်။ အချို့မှာ ထွက်ပြေးကုန်ကြသည်။

ထိုသို့သော အခြေအနေတွင် သာယာဝတီခရိုင်အရှေ့ခြမ်း ပဲခူးရိုးမ တောင်ခြေစပ်ရွာဖြစ်သော **ကိုင်းချောင်း**ရွာနှင့် မနီးမဝေးတွင် ရန်သူ၏ **ခမရ (၂၀၇)** စစ်ကြောင်းသည် သခင်ဇင်၊ သခင်ချစ်၊ ဗိုလ်မှူးမိုးဟိန်းတို့၏ စစ်ကြောင်းကို ပထမအကြိမ်တိုက်ခိုက်ရာ သခင်ချစ်နှင့် သခင်ဇင်တို့ ကျဆုံးခဲ့ကြရသည်။ နောက်နှစ်ရက်အကြာ ရန်သူက ဒုတိယအကြိမ်တိုက်ခိုက်သည့်အခါ ပူးပေါင်းစစ်ကြောင်းနှစ်ခု ပြန်လည်ပေါင်းမိနေပြီ ဖြစ်သောကြောင့် ရန်သူသည် အထိနာကာ ပြန်ဆုတ်သွားရသည်။

ဝေ်မွတ်သည့် အချိန်ကလည်း ကြာခဲ့ပြီ။ တိုက်ပွဲများလည်း ပြင်းထန်စွာ တိုက်ခဲ့ရပြီ။ ထိုမှတစ်ဖန် ရန်သူဘက်မှ တတိယအကြိမ် အလုံးအရင်းဖြင့် တိုက်ခိုက်လာပြန်ရာ BCP တပ်ခွဲမှူး နှစ်ယောက်နှင့် ပီကင်းပြန်**နို့တစ်လုံးစိန်**(ခေါ်)**ဒေါ်စိန်ဝင်း**တို့ ကျဆုံးသွားကြရသည်။ ပူးတွဲ စစ်ကြောင်းသည် ထိုတိုက်ပွဲမှခွာလိုက်ပြီး နောက်စခန်းတစ်နေရာတွင် တိုက်ပွဲကို သုံးသပ် နိဂုံးချုပ်လိုက်သည်။

ဗိုလ်မှူးမိုးဟိန်းသည် ပူးတွဲစစ်ကြောင်းကို ဖြုတ်လိုက်ပါသည်။ ရဲဘော်တို့အား ကိုယ်လိုရာခရီးကို သွားကြရန်နှင့် အငတ်ဘေးဒဏ်ကြီးကြောင့် ဆက်တိုက်ရန် မဖြစ်နိုင်ကြောင်း ဝမ်းနည်းစွာ ရှင်းပြလေလျှင် **သခင်တင်ထွန်း**၏သမီး **ဝါဝါ**က "ဗိုလ်မှူး... ကျွန်မတို့ကို ဒီစစ်ကြောင်းကနေ ခွဲထုတ်လိုက်တော့ ရန်သူ့လက်ထဲ အပ်လိုက်တာပဲ"ဟု ပြောသွားလေသည်။ သည်လိုမလုပ်၍လည်း မဖြစ်တော့ချေ။ BCP ၏ နောက်ဆုံးအင်အားမှာ တစ်ရာခန့်သာ ကျန်ခဲ့ပါသည်။ ၎င်းတို့အနက် တရုတ်နွယ် အမျိုးသမီးလေးများ ပါဝင်ခဲ့

ပါသည်။ နောက်ဆုံးတွင် အားလုံး လက်နက်ချသွားကြရသည်။ ဤသို့ဖြင့် ပဲခူးရိုးမတွင် အခြေချခဲ့သော BCP သည် တစ်စခန်း သိမ်းခဲ့ရချေတော့သည်။

## ၂၆။ မြစ်ဝကျွန်းပေါ် ကိုပြန်ဆင်းပါ

ပူးတွဲစစ်ကြောင်းကို ဖြုတ်လိုက်ပြီးနောက် အငတ်ဘေးသည် ဗိုလ်မှူး မိုးဟိန်းတို့၏ တပ်နှင့်အတူ တွဲလျက်ရှိနေသေးသည်။ ရန်သူကို ရှောင်လိုက်၊ ငါးရက်မျှ ငတ်နေလိုက်နှင့် ဆန်နို့ဆီဗူးတစ်လုံးကို (၄)ယောက် ဝေမျှ စားသုံးရသည့်အဖြစ်မျိုး ကြုံရသည်။ ကဒတ်ဥ၊ ရေပိစပ်ရွက်၊ ကင်ပလင်းရွက်၊ ငှက်ပျောသီး၊ ငှက်ပျောခေါင်း စသည့် ရရာ တွေ့ရာတို့နှင့် ရောကာ ချက်စား ရတော့သည်။ လမ်းတစ်လျှောက် တွေ့ရာသစ်ဥ၊ သစ်ဖုတွေ စားနေရ၍ ဝမ်း ပျက်၊ ဝမ်းလျှောမဖြစ်သည်ကိုပင် တော်သေးသည်ဟု မှတ်ယူကြရသည်။

ရဲဘော်တို့က "ရှေ့ဆက်၍ မည်သို့ တိုက်ရမည်လဲ" ဟု မေးသော် "အလံမလှဲစတမ်း ဆက်တိုက်ကြမယ်၊ တိုက်လို့သေရင်လည်း တော်လှန်ရေး အတွက်၊ အမျိုးသားရေးအတွက် ဂုဏ်ရောင်ပြောင်သောသေခြင်း ဖြစ်တယ်၊ အသက်ရှင်နေရင်လည်း အဖိနှိပ်ခံ အမျိုးသား ပြည်သူအတွက် ဆက်လက် တိုက်ပွဲဝင်သွားရမယ်" ဟု ဗိုလ်မှူးမိုးဟိန်းက ပြန်လည်ရှေ့ဆောင်သည်။ ထို့ ကြောင့် ရဲဘော်တို့မှာ စိတ်ဓာတ်ကျဖို့ လက်နက်ချဖို့ ဝေးစွ၊ ပူးတွဲစစ်ကြောင်း မှ ရလာသော လက်နက်များကို တစ်ယောက်လျှင် နှစ်လက်၊ သုံးလက် သယ် ထမ်းကာ ခရီးဆက်ခဲ့ကြသည်။ ဝဝလင်လင် မစားကြရသည်မှာ ကြာလေ သော် အင်အားမရှိတော့။

သာယာဝတီခရိုင်အရှေ့ဘက်ခြမ်း **ဝိုင်းမော်**ရွာနှင့် မလှမ်းမကမ်း တွင် လက်နက်များကို ချောင်းထဲပစ်ချခဲ့ရသည်။ စက်သေနတ် (၄)လက်၊ မော်တာ (၃)လက်တို့ကို လုံခြုံသော တောထဲတွင်ပင် ပစ်ထားခဲ့ရပါသည်။ တစ်ကိုယ်စာ သေနတ်သန့်သန့်၊ ကောင်းကောင်းတစ်လက်နှင့် ကျည်ဆန် အပြည့်ကို ပေါ့ပေါ့ပါးပါးထမ်းလွယ်ကာ ခရီးဆက်ခဲ့ကြသည်။

ဝိုင်းမော်ရွာသို့ ဝင်သောအခါ **ဗိုလ်ချုပ်မြမောင်၊ ဗိုလ်မှူးချုပ်ကျော်သောင်း၊ ဗိုလ်မှူးလောကွား(ဝရဖိန်)** တို့နှင့် တွေ့ခဲ့သည်။ ဗိုလ်မှူးလောကွားသည် သူ၏တပ်စုတစ်စုကို ဗိုလ်မှူးမိုးဟိန်း၏လက်ထဲသို့အပ်ပြီး "ဗိုလ်မှူးမိုးဟိန်းရေ... ကျနော်က ဟိုးအရင်က တပ်မဟာမှူးဖြစ်ပေမဲ့ ခုတော့ တပ်စုမပြောနဲ့ တပ်စိတ်ကိုတောင် မကိုင်နိုင်တော့ဘူးကွာ" ဟု ရင်းနှီးစွာပြောလေသည်။ ပါတီဗဟိုကော်မတီဝင်၊ အရန်ဗဟို ကော်မတီဝင်တို့မှာ အသက်ကြီးလာကြပြီး တိုက်ပွဲဝင်ရန် လေးလံကုန်ပြီဖြစ်သည့်အတွက် စစ်ကြောင်းကိုဖြုတ်လိုက်ကာ ပဲခူးရိုးမရှိ တပ်များကို ဗိုလ်မှူးမိုးဟိန်း ဦးဆောင်ကွပ်ကဲ တိုက်ပါရန် လူကြီးများက တာဝန်ပေးလိုက်ပါသည်။ ဤသို့ ရိုးမအရှေ့ဘက်ခြမ်းကို ထိုးဖောက်ရန် စီစဉ်နေဆဲအခါမှာပင် ဗိုလ်ချုပ်မြမောင်က ဗိုလ်မှူးမိုးဟိန်းအား မြစ်ဝကျွန်းပေါ် ဘက် ပြန်ဆင်းရန် မှာကြားလေတော့သည်။

ပဲခူးရိုးမနှင့် အမှတ် (၁)ခရိုင်ကြားတွင် မည်သို့သော အတားအဆီးမှု မရှိဘဲ မြစ်ဝကျွန်းပေါ် အစပ်ကို ရောက်လာခဲ့ကြသည်။ နေဖြူအရှေ့ဘက်ခြမ်း **အဖျောက်၊ ဇကာကြီး**ရွာသို့မရောက်ခင် ရွာတစ်ရွာသို့ဝင်၍ မြစ်ဝကျွန်းပေါ် အခြေအနေနှင့် ရိက္ခာအကူအညီ ရနိုင်၊ မရနိုင် စုံစမ်းရန် ရဲဘော် (၂) ယောက်ကို သေနတ်မပါဘဲ လွှတ်လိုက်သည်။ တစ်နာရီခန့်အကြာတွင် ရဲဘော်တစ်ယောက်ကို ရွာသားတို့က တုတ်၊ ဓားကိုင်ကာ ဝိုင်းလိုက်သည်ကို တွေ့ရသောအခါ ဗိုလ်မှူးမိုးဟိန်းမှာ အလွန်ဒေါသထွက်သွားသည်။ ထို့ကြောင့် ရွာကိုမီးရှို့ပြီး ရွာသားများကို အကုန်သတ်ပစ်ရန် စီစဉ်နေဆဲမှာပင် ကိုက် (၃၀၀) ခန့်အကွာတွင် စုံစမ်းရန်လွှတ်လိုက်သော ကျန်ရဲဘော်တစ်ယောက်က ခြေကားယား လက်ကားယားနှင့် ပြန်ပြေးလာသည်ကို မြင်လိုက်သဖြင့် ရွာကိုမီးရှို့ရန် အစီအစဉ်ကို ဖျက်လိုက်သည်။

ရဲဘော်အများစုက မြစ်ဝကျွန်းပေါ် ဘက်သို့ဆင်းရန် စိတ်အားထက်သန်သော်လည်း အခြေအနေအရ ဆင်းဖို့မဖြစ်နိုင်ဟု ဗိုလ်မှူးမိုးဟိန်းက သုံးသပ်ပြီး ပဲခူးရိုးမဘက်ကို ပြန်တက်ဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

## ၂၇။ နေရစ်တော့မြစ်ဝကျွန်းပေါ်

ပဲခူးရိုးမကိုပြန်တက်ဖို့ဆုံးဖြတ်ကြပြီး ထိုညနေတွင် **ဆင်ချောင်း**ရွာတွင် ခေတ္တဝင်နားခဲ့သည်။ ညဦးယံတွင် **ခမုန်** ကားလမ်းနှင့် ရထားလမ်းကို ဖြတ်ကျော်ကြရန် အစီအစဉ်ရေးဆွဲခဲ့ကြသည်။ ထိုသို့ဖြတ်ကျော်စဉ် တိုက်ပွဲဖြစ်၍ ဒဏ်ရာရခဲ့လျှင် (သို့) ကျဆုံးခဲ့လျှင် မိမိပင်ဖြစ်ပါစေ လုံးဝ ဝင်မဆွဲရန်နှင့် ဗဟိုသို့သာ အရောက်ပြန် သတင်းပို့ကြရန်ဟု ဗိုလ်မှူးမိုးဟိန်းက မှာကြားခဲ့သည်။

ညဦးယံ စတင်လှုပ်ရှားဖို့ ပြင်ဆင်ချိန်တွင် ရန်သူမှ သတင်းရသွားခဲ့သည်။ ဆင်ချောင်းရွာ မလှမ်းမကမ်းတွင် အဆက်မပြတ် ကင်းလှည့်နေသော သူတို့၏ခြေသံကို ကောင်းကောင်း ကြားနေရသည်။ ကားလမ်း၊ ရထားလမ်းကို ဖြတ်ကျော်ချိန်တွင် မိုးလင်း၍ ကြက်တွန်သံကြားနေရချေပြီ။ မိုးညို **ထိန်တော**ရွာမှ ခေတ္တနား၊ ချက်ပြုတ်စားသောက်ပြီး ခရီးဆက်ဖို့ ပြင်ဆင်နေချိန်မှာပင် ရွာသားအချို့က ရန်သူ့စစ်ကြောင်း ဦးတည်လာနေကြောင်း သတင်းပို့လာသောကြောင့် ခရီးဆက်ခဲ့ကြသည်။ (၃)နာရီခန့်အကြာမှာ ဗိုလ်မှူးမိုးဟိန်း၏ခြေတစ်ဖက်မှာ လမ်းလျှောက်၍ မရနိုင် အောင်ပင် အလွန်နာကျင်ယောင်ကိုင်းနေသည်။

ဗိုလ်မှူးမိုးဟိန်းက သေနတ်တစ်လက်နှင့် ကျည်ဆန်များဖြင့် သူတစ်ယောက်တည်းနေခဲ့ပြီး အသေခံတိုက်မည်၊ သူ့ရဲဘော်တွေ ခရီးဆက်ဖို့ ပြောလေရာ ရဲဘော်များက လက်မခံ၊ အားလုံးအတူတူ အသေခံတိုက်မည်ဟုသာ ပြောကြသည်။ သူ့မှာ စိတ်မကောင်းဖြစ်ရသည်။ သို့ဖြင့် စိတ်ကိုလျှော့လိုက်ကာ **ဗိုလ်ရွှေဆန်း**နှင့် **ဗိုလ်ကျော်ထက်**တို့အား အရက်နှင့် ကိုဒါနင်ဆေး သွားရှာခိုင်းလိုက်သည်။ ကံအားလျော်စွာ ရွာတစ်ရွာမှ အရက်နှင့် ဆေးရခဲ့သည်။ ဆေးသောက်ပြီး တုတ်ကောက်နှင့် လျှောက်လာခဲ့ရာ (၃)ရက်ခန့် အကြာ ခြေထောက် ပြန်ကောင်းလာတော့သည်။

ဤသို့နှင့် **ဂုံမင်း**ကွင်းကို ရောက်လာခဲ့ပြီ။ အပြင်းဖျား၍ မလိုက်နိုင်

တော့သော ရဲဘော်များကို ထိုရွာတွင် သေနတ်ဂုက်ကာ နေရစ်ခဲ့ကြရန်နှင့် နေကောင်းမှ လိုက်ခဲ့ကြရန် မှာထားလိုက်သည်။ အားကိုးရသော တပ်ကြပ်ကြီး **ဆရာရဲဝင်း**မှာ အပြင်းဖျားပြီး ဆက်မလိုက်နိုင်တော့သဖြင့် ထန်းတောထဲမှာပင် သူ့ကိုယ်သူ အဆုံးစီရင်လိုက်သည်။ ရဲဘော်တွေမှာ စိတ်မကောင်းစွာဖြင့် သူ့အလောင်းကို ထန်းလက်ခြောက်အကိုင်းများဖြင့် ဖုံးထားခဲ့ပြီး ခရီးဆက်ခဲ့ကြပါသည်။ **ဂုံမင်း**ရွာကိုရောက်လျှင် ထိုရွာက ရဲဘော်တစ်ယောက်လျှင် ဆန်တစ်ပြည်ကျ ပေးဝေပါသည်။

ပဲခူးရိုးမကိုတက်လာစဉ် လမ်းခုလတ်၌ ဗိုလ်မှူးမိုးဟိန်းသည် ပိတ်ဝိုင်း စစ်ဆင်ရေးကို ရှောင်တိမ်းလာခဲ့သော သူ၏ဇနီး၊ သားနှင့် အခြား အိမ်ထောင်စုများနှင့် တွေ့ခဲ့သည်။ သူ့ဇနီးမှာ ငိုငိုယိုယိုနှင့်ပင် သူတို့နှင့် ပြန်လိုက်ရန် ပြောရှာသည်။ မိသားစုနှင့်ပြန်လိုက်လျှင် တပ်ပျက်မည့်အရေး စိုးရိမ်သော ဗိုလ်မှူးမိုးဟိန်းသည် သူ့တပ်ကိုသာ ဆက်လက်ဦးဆောင်ချီတက်သည်။ သူ့မိသားစုကို အခြားစစ်ကြောရေး စခန်းသို့ ပို့လိုက်ပါသည်။ နောက်ပိုင်း အရှေ့တိုင်းဘက်ရောက်သောအခါ သူ၏မိသားစုမှာ အသက်ရှင်နေသေးကြောင်း ပြန်အဆက်အသွယ်ရခဲ့ပါသည်။

ရိုးမတောင်ကြောကို မတက်မီ **ဆယ်ရွာ** ဟု ခေါ်သော ဗမာရွာကြီးသို့ ရောက်လာကြသည်။ တန်ခူးလဆန်း သင်္ကြန်ချိန်ခါမို့ အလှူအတန်း လုပ်စဉ်နှင့်တိုးလေရာ ရွာသားတို့က ထမင်း တင်း (၂၀)နှင့် စားဖွယ်မုန့်ပဲဟင်းလျာများကို လာပို့ကြသည်။ ထမင်းမစားရသည်မှာ (၁၀)ရက်ခန့်ရှိပြီမို့ အားရပါးရ စားလိုက်ချင်သော်လည်း အငတ်ဘေးကြုံရသည်မှာ ကြာခဲ့ပြီမို့ လည်ချောင်းမှာ ခြောက်လည်းခြောက်၊ ကျဉ်းလည်းကျဉ်းနေရာ ထမင်းဟင်းကို ကောင်းစွာမမြိုချနိုင်ခဲ့ပါ။

ထိုစဉ် ရန်သူ့တပ်ရင်း (၄)ရင်းသည် ရွာနှင့် ၂-၃ မိုင်အကွာတွင် သူတို့သွားမည့်လမ်းကို ပိတ်ဆို့နေရာ ချထားကြောင်း သတင်းရရှိသည်။ ထို့ကြောင့် "သေသေကြေကြေတိုက်ရတော့မယ်၊ သွားမရ ထွက်မရရင်တော့ ရွာသားတို့ရဲ့ ရိက္ခာကို ယူသုံးရတော့မယ်၊ နောက်မှ အစားအလျော်

ပြန်ပေးရမယ်” ဟု ဗိုလ်မှူးမိုးဟိန်းက တွေးထားလိုက်သည်။

ထိုည ထိုရွာမှာပင် အိပ်လိုက်ပြီး နံနက်စောစောတွင် **ဗိုလ်ရွှေဆန်း** ကို ရှေ့ကင်းအဖြစ် လွှတ်လိုက်သည်။ ဗိုလ်ရွှေဆန်းမှာ မျောက်ညိုများ တွေ့သဖြင့် ရိက္ခာအတွက်ပစ်မည်အလုပ် သူတို့သွားမည့်လမ်း **ခါချည်**တောင်ခြေ ဆင်ခြေလျှောတွင် ရန်သူ ကင်းချထားသည်ကို တွေ့သဖြင့် နောက်ကြောင်းပြန်ကာ သတင်းပို့လာသည်။ ဗိုလ်မှူးမိုးဟိန်းတပ်သည် ရန်သူရှိသောနေရာကို ကွင်း၍ ကုန်းမြင့်နေရာမှာ ဖြန့်ကျက်နေရာယူလိုက်သည်။ ရန်သူကလည်း အနိမ့်ပိုင်းဖြစ်သွားသည့်အတွက် ဗိုလ်မိုးဟိန်းတို့တပ်နောက် ဆက်မလိုက်ရဲတော့ပေ။

နောက်နှစ်ရက်အကြာတွင် ရန်သူ၏စစ်ကြောင်းသည် ပဲခူးရိုးမအနောက်ခြမ်း တောင်ထိပ်နေရာတွင် ရောက်နေသည်။ တောင်ပေါ်ကရင်ရွာသားတို့၏ ရိတ်သိမ်းစပါးကို စုပုံရိက္ခာအဖြစ် ရန်သူက သိမ်းထားသည်။ ရွာသားတို့က တစ်ရက်စာ၊ နှစ်ရက်စာမျှ ခွက်ချိန်နှင့် ဆန်ဝေငှသည်ကို ပြန်တောင်းစားနေရသည်။ ရွာသားများကိုလည်း ရွာပြင်သို့ ပေးမထွက်ချေ။ ဤအနေအထားတွင် ဗိုလ်မှူးမိုးဟိန်းတို့သည် ရိက္ခာအတွက် အခက်ကြုံရသည်။ ညဘက်တွင် မရိတ်သိမ်းရသေးသော စပါးခင်းထဲဝင်၊ ဓားနှင့်ပိုင်းကာ စုပုံနင်းချေပြီး လှော်စားကြရသည်။ အချို့ ရဲဘော်များမှာ အခွံနှင့် စပါးတွေကို ဝါးပူးထဲ ထည့်ချက်စားကြရသည်။ သည်လိုနှင့် ရိက္ခာပြဿနာကို ဖြေရှင်းရင်း ခရီးဆက်ခဲ့ကြပါသည်။

တစ်နေရာအရောက် ခြေရာတွေ့သည်နှင့် ထိုခြေရာနောက် လိုက်လေရာ **ဗိုလ်ချုပ်မြမောင်၊ ဦးစိုးအောင်**တို့အဖွဲ့နှင့် တွေ့ခဲ့သည်။ သူတို့မှာ လျှော်စေ့၊ ပျဉ်းကတိုးစေ့များ ကောက်ပြီး ချက်စားနေကြရသည်။ ခန်းခြောက်စ စမ်းချောင်းထဲမှ ငါးမှုန်၊ ငါးနတ်သေးသေးလေးများကို ရှာဖွေဖမ်းယူစားနေကြသော **ဗိုလ်မှူးကျော်သောင်း**၏အဖွဲ့နှင့်လည်း ဝမ်းသာစွာ ပြန်ဆုံခဲ့ရပါသည်။

ရှေ့သို့ခရီးဆက်ထွက်လေရာ စထွက်သောမနက်တွင် ရန်သူနှင့်

တိုက်ပွဲဖြစ်ခဲ့သည်။ သူတို့ဘက်မှ (၃)ဦး ကျသွားသည်။ **စအိုင်ဆူး**ဟုခေါ်သော ဆေးမှူးမှာ ကျည်ထိပြီး ခြေသလုံးကျိုးကျေသွားသည်။ ဆေးမှူးနှင့်အတူ ဗိုလ်မှူးမိုးဟိန်းက နေကျန်ရစ်မည်ဟု စီစဉ်သည်ကို ဗိုလ်ချုပ်မြမောင်က လက်မခံချေ။ သူ၏ညီဝမ်းကွဲ တပ်စုမှူး**မင်းလွင်**ကို ထားရစ်ခဲ့သည်။ မင်းလွင်မှာ ငိုလျက်ပင် ကျန်ခဲ့သည်။ တိုက်ပွဲအဆင့်ဆင့်ပါလာသော ဗကပမှ **လေးအိမ်စု**သား **ဖုန်းမောင်**နှင့် ဇနီး**ဒေါ်မြထွန်း**တို့သည် မင်းလွင်နှင့်အတူ ကျန်ရစ်ခဲ့သည်။ ထို့နောက် ရန်သူလိုက်လာပြီး မင်းလွင်တို့အဖွဲ့နှင့် တိုက်ပွဲဖြစ်ရာ အကုန်ကျဆုံးသွားကြသည်။

ဤသို့နှင့် ဆက်သွားလေရာ စစ်တောင်းမြစ်အနောက်ဖက်ခြမ်း **ကျွဲတောအင်း**ကို ရောက်လာသည်။ ကားလမ်းနှင့် ရထားလမ်းကို ဘူတာရုံအနီးကပင် ဖြတ်ခဲ့ကြသည်။ ရန်သူ၏ ကင်းတပ်က သူတို့ကို မပစ်ရဲသည်နှင့် လွယ်လွယ်ဖြင့်ပင် စစ်တောင်းမြစ်ကမ်းနဖူးရှိ **ငဖယ်အိုင်**ရွာကို ရောက်သွားကြပါတော့သည်။

## ၂၈။ စစ်တောင်းမြစ်ဖြတ်ကူးတိုက်ပွဲ

စစ်တောင်းမြစ်အနောက်ဖက်ခြမ်း၊ မြစ်ထိပ်နားရှိ **ငဘ**အိုင်ကို ညနေအချိန်ရောက်လျှင် ရဲဘော်များကို ဆယ်ပေမှ ဆယ့်နှစ်ပေအရှည်ရှိသော ဝါးများကို ခုတ်ခိုင်းလိုက်သည်။ ရေမကူးတတ်သူများ၊ အမျိုးသမီးများအတွက်လည်း ပိုခုတ်ခိုင်းသည်။ နံနက်ဝေလီဝေလင်းတွင် ဗိုလ်မှူးမိုးဟိန်းက မြစ်အရှေ့ဘက်ကမ်းကို အရင်ဆုံးရောက်သည့်အခါ ကင်းတဲတွင် အိပ်ပျော်နေသော အစောင့် (၆)ယောက်ကိုဖမ်းကာ ဝေးဝေးထွက်သွားရန် ပြောပြီး ပြန်လွှတ်လိုက်သည်။

ခဏအကြာတွင် **ဗိုလ်မှူးကျော်သောင်း**နှင့် **ဗိုလ်ချုပ်မြမောင်**တို့ ရောက်လာသည်။ ရန်သူသည် မြစ်အနောက်ဖက်ခြမ်းတွင် အလျားလိုက်စခန်းချကာ စောင့်ဆိုင်းနေရာယူထားကြသည်။ ဗိုလ်မှူးမိုးဟိန်းတို့ဘက်



ဗိုလ်မှူးလောကွား (ခ) ဗိုလ်မှူးဝရိဖိန်



ဗိုလ်မှူးချုပ်ကျော်သောင်း



ဦးစိုးအောင်



နန့်ကျင်ရွှေ

မှလည်း မြစ်မဖြတ်ကူးမီကတည်းက ရဲဘော်တစ်စုကို ကိုက် (၁၁၀)အကွာ လောက်တွင် ရန်သူနှင့် ထိပ်တိုက်ထားလိုက်သည်။ ရဲဘော် (၅၀)ခန့် အရှေ့ ဘက်ရောက်လာသည့်အချိန်တွင် မြစ်အနောက်ဖက်ခြမ်း၌ သေနတ်သံ ဆူညံစွာ ပေါ်ထွက်လာသည်။ ရေမကူးတတ်သည့် **ဗိုလ်မင်းသိန်း**နှင့် **ဦးစိုး အောင်** တို့နှစ်ယောက်မှာ ဝါးလုံးကိုဖက်ပြီး အားစိုက်ကူးသော်လည်း ရန်သူ ပစ်သည့်နေရာဘက်သို့ ရေစီးနှင့် တဖြည်းဖြည်း မျောပါသွားသည်ကို တွေ့ လိုက်ရသည်။

ထို့ကြောင့် မြစ်အရှေ့ခြမ်းရောက်နေသော **ဆရာငွေထွန်း**နှင့် တပ် ကြပ်ကြီး**စိန်ကုလား**ကို ဦးစိုးအောင်တို့အား သွားကူခေါ်ခဲ့ရန်အော်ပြောရင်း၊ ကိုယ့်ရဲဘော်တွေ ကောင်းမွန်စွာဖြတ်ကူးနိုင်ရန်အတွက် ရောက်နှင့်ပြီးသော ရဲဘော်တွေများနှင့်အတူ ရန်သူဘက်ကို ကာပစ်ပေးခဲ့သည်။ ဗိုလ်မှူးကျော် သောင်းဇနီး**နန့်တင်တင်**၊ **နန့်ကျင်ရွှေ**တို့နှင့် အမျိုးသမီးတချို့ ချောမောစွာ ကူးလာနိုင်သည်။ ထိပ်တိုက်ထားသော တပ်စုရဲဘော်တွေလည်း မြစ်အထက် နားမှ ကူးပြီး ကောင်းမွန်စွာ ရောက်လာကြသည်။

ဗိုလ်ချုပ်မြမောင်၊ ဗိုလ်မှူးကျော်သောင်းနှင့် အမျိုးသမီးတို့ကို ရှေ့ ဆက်သွားနှင့်ရန် ပြောလိုက်သည်။ (မြစ်ဖြတ်ကူးချိန်တွင် တိုက်ပွဲကလည်း ဖြစ်၊ ဖြတ်ကူးသူကလည်းကူးနှင့် ရေမကူးတတ်သူတချို့မှာ ဝါးလုံးကို ဖက် တွယ်ထားသည့်လက် လွတ်သွားပြီး ရေနစ်သေသူ (၉)ယောက်ရှိသည်။ သေနတ် (၁၄)လက်ခန့် ရေထဲမြှုပ်သွားသည်။ မြစ်ဖြတ်ကူးတိုက်ပွဲဖြစ်သည့် နေရာမှာ **ဆေးပုလဲကုန်း**ရွာနှင့် မနီးမဝေး ဖြစ်သည်)။

ရှေ့မှာသွားနှင့်သော ဗိုလ်ချုပ်မြမောင်တို့နှင့် နောက်မှလိုက်လာ သောရဲဘော်များသည် **ထန်းပင်ကုန်း**ရွာတွင် ပြန်ဆုံကြသည်။ ၎င်းရွာ အလွန်ကိုရောက်စဉ် ကားလမ်း၊ ရထားလမ်းကိုကျော်မည်အလုပ် သွားမည့် လမ်းဘက်ကို ပိတ်ထားသည့် ရန်သူများ မဲနေအောင်တွေ့လိုက်ရသည်။

ညမိုးချုပ်လျှင် စခန်းချ၊ ကင်းချပြီး **ဘေအိုင်**မှ ပါလာသော ဆန်မှာ ရေစိုနေသဖြင့် မနက်မှ ချက်စားပြီး ထွက်မည်ဟု စဉ်းစားနေစဉ် ဗိုလ်မှူးကျော်

သောင်းက " ဟော့ .. မိုး၊ ဒီညပဲ ဝအောင်ချက်စားလိုက်ရင် ကောင်းမယ်။ ဝအောင်စားပြီးမှ တိုက်လို့သေတာ ကောင်းမယ်။ တိုက် ပျော်ပျော်၊ သေ ပျော်ပျော်ပေါ့၊ ဝအောင်စားပြီးမှ ဖောက်ထွက်ကြတာပေါ့နော်" ဟု ပြောသဖြင့် သဘောတူလိုက်သည်။

နံနက်မိုးလင်းသောအခါ အသေခံတပ် အယောက် (၂၀)ကို ရွေးချယ်လိုက်သည်။ မွန်းတည့်လောက်တွင် ရန်သူ့လေယာဉ်များ ဝဲပျံနေသည်။ ကားလမ်းဘေးတွင် ချောင်းကလေးတစ်ချောင်းရှိပြီး ထိုချောင်းလေး၏ အနောက်ဘက် တံတားလေးနှင့် ကိုက် (၂၅၀) အကွာလောက်တွင် ရန်သူတပ်သားများ လမ်းလျှောက်နေသည်။ ကားလမ်းတစ်ဖက်စီမှာ ရဲဘော် (၁၀) ယောက်က တရစပ်ပစ်ပြီး ဖောက်ထွက်ရာ ရန်သူမှာ မခုခံတော့ဘဲ ရှောင်ဖယ်သွားသည်။

သို့နှင့် ဗိုလ်မှူးမိုးဟိန်းတို့ တပ်ဖွဲ့သည် **ပန်းပဲဗိုဆိုသည့်** ကရင်ရွာကို ရောက်သွားပြီး ထမင်းတောင်းစားသူက တောင်းစား၊ မြင်းခွာရွက်၊ ပိန္နဲသီး ပြုတ်စားသူစား၊ အစိမ်းစားသူတွေက စားကြသည်။ ရွာလူကြီးက (၃)ရက်ကြာလာသည်အထိ အရှေ့ဘက်ဘက်ကို မပို့ပေးသေးပါ။

(၄)ရက်မြောက်နေ့ နံနက်စောစော ရွာထဲတွင် ခွေးဟောင်သံ ကြားသည်။ ရဲဘော်တွေကို လွှတ်လိုက်ရာ ရန်သူနှင့်တွေ့ပြီး တိုက်ပွဲဖြစ်သည်။ ဗိုလ်မိုးဟိန်းတို့ကို ခြေရာခံလိုက်နေသော **ရှမ်း (၁)** စစ်ကြောင်း ဖြစ်သည်။ ရန်သူက M79 ဖြင့် ပစ်သဖြင့် တပ်ကြပ်ကြီး**စိန်ကုလား** ကျဆုံးသွားသည်။ တိုက်ပွဲပြင်းထန်ပြီး ရန်သူစစ်ကြောင်းမှူး ကျသွားသည့်အတွက် တပ်လှန်ဆုတ်သွားသည်။

ရွာသားလမ်းပြနှင့်အတူ လူကြီးများနှင့် အမျိုးသမီးများကို အရှေ့ဘက်တောင်ခြေကို သွားခိုင်းသည်။ ဗိုလ်မှူးမိုးဟိန်းလည်း မိမိတပ်ဖွဲ့နှင့်အတူ ပြန်လိုက်သွားရာ ဖိနပ်ရာများတွေ့ရသည်။ ရော်ဘာဖိနပ် ဟိုတစ်ဖက် ဒီတစ်ဖက်နှင့် တွေ့ရသည်။ ဗိုလ်မိုးဟိန်းတို့ ရဲဘော်များမှာ ထိုဖိနပ်မျိုး မမြင်ဖူး၊ မစီးဖူးကြပါ။ (နောက်မှသိရသည်မှာ၊ တပ်မဟာ (၃)မှ ရဲဘော်များ ကျွတ်

ကျန်ခဲ့သော ဖိနပ်ဖြစ်နေသည်။ သူတို့သည် **ပန်းပဲဖိုရွာ**သားများကို ဗိုလ်မှူး မိုးဟိန်းတို့အဖွဲ့အား ထမင်းမကျွေးဖို့ ဆန်မပေးဖို့ လာပြောရင်း ရွာနားတွင် တိုက်ပွဲဖြစ်သဖြင့် လွတ်ကျွတ်ရာနေရာသို့ထွက်ပြေးသွားကြသူများဖြစ်သည်။ ဗိုလ်မှူးမိုးဟိန်းတို့တပ် ရွာမှထွက်လျှင် ချောင်းပစ်ရန် လာစောင့်နေခြင်း ဖြစ်သည်)။

## ၂၉။ လက်နက်အပ်ပါ

**ပန်းပဲဖို**ရွာနားက ရှမ်း (၁)စစ်ကြောင်းနှင့် တိုက်ပွဲအပြီးတွင် တောင်ခြေဘက်သို့ ခရီးဆက်ခဲ့သည်။ **စော်ဟတ်ဒဲ**ရွာကို ရောက်သည်။ ရွာလူကြီး နာမည်မှာ **စောကျားရွှေ** ဖြစ်သည်။ ရွာလူကြီးကလည်း "ဒို့ကရင် အချင်းချင်း ဖြစ်တယ်၊ ကျွေးရမယ်၊ အကူအညီပေးရမယ်" ဆိုပြီး ပျူငှာဖော်ရွေစွာဖြင့် ဧည့်ခံပါသည်။ ဗိုလ်ချုပ်မြမောင်က မိမိတို့အား **တပ်မဟာ (၃)ဌာနချုပ်ရုံး**သို့ ပို့ပေးရန် အကူအညီတောင်းပြီး ကင်းသမားလမ်းပြနှစ်ယောက်နှင့်အတူ ခရီးဆက်ပြန်သည်။

ရှေ့ဆက်သွားသည့်အခါ တပ်မဟာ (၃)၏ ပုန်းစခန်းများ မထင်မှတ်သည့်နေရာတွင် တွေ့ရသည်။ လက်နက်ခဲယမ်းမီးကျောက်များ ဝှက်ထားဟန်ရှိသည်။ ဘာတစ်ခုမျှ သွားမကိုင်ခဲ့ပါ။ တပ်မဟာ (၃)ဌာနချုပ် ရောက်ခါနီးတွင် ဗိုလ်ချုပ်မြမောင်က လမ်းပြနှင့် အမျိုးသမီး (၃)ဦး (**နော်ထူး၊ နော်ဟာ၊ နော်သီဖော**)ကို လွှတ်လိုက်သည်။ အတော်လေးအကြာတွင် လမ်းပြ ပြန်လာကာ သွားတွေ့သောအမျိုးသမီးများကို ဖမ်းထားကြောင်း ပြန်ပြီး ပြောပါသည်။ ဗိုလ်ချုပ်မြမောင်သည် စိတ်မကောင်းဖြစ်ပြီး ဒေါသဖြစ်ကာ မျက်နှာ၊ ရင်ဘတ်များ နီမြန်းလာသည်။ ဘယ်ရဲဘော်မှ သူ့အနား မကပ်ရဲပါ။ နောက်ဆုံးတွင် ဗိုလ်ချုပ်မြမောင်နှင့် နောက်ထပ်အမျိုးသမီး (၂)ဦး လမ်းပြနောက်ကို လိုက်သွားပြန်သည်။

ညနေမိုးချုပ်ခါနီးမှ ပြန်ရောက်လာကြပြီး "ဟေ့..မိုးဟိန်းရေ၊ ဒို့

တွေကို လက်နက်(သေနတ်)အပ်ခိုင်းတယ်ကွ၊ ဘယ်လိုလုပ်ကြမလဲ” ဟု မေးရာ “အပ်လိုက်ရင် ဘာနဲ့သွားတိုက်မှာလဲ၊ ရန်သူကို အသေခံပြီး ဒီအထိ ရောက်အောင် တိုက်လာခဲ့တာပဲ။ ကိုယ့်ကရင်အချင်းချင်းဆီမှာ လက်နက် အပ်ရမယ်ဆိုတာ လက်ခံလို့မရနိုင်တဲ့ ကိစ္စဖြစ်လို့ လုံးဝကို မအပ်နိုင်ဘူး။ ရှေ့ဆက်ပြီး သွားစရာရှိတာသွားမယ်။ လုပ်စရာရှိတာတွေကို ဆက်လုပ်ရမှာ” ဟု ပြန်ပြောလိုက်သည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင် ဗိုလ်ချုပ်မြ၏ တပ်မဟာ (၃)ကို ပေးပို့သော ကြေးနန်းအရ ရိုးမမှ ဆင်းလာသော အဖွဲ့သားများအား ဘာမျှ မလုပ်ရန်နှင့် မိမိဆီ အရောက်ပို့ပေးရန် အကြောင်းကြားသည့် ကြေးနန်းကို တပ်မဟာ (၃) ရုံးအဖွဲ့ဝင်တစ်ယောက်က လာအကြောင်းကြားသည်။

ညောင်လေးပင်ခရိုင်မှ ဖာပွန်ခရိုင် **ဒူးဒါဟေး**ကို သွားနေစဉ် လမ်းခုလတ်တစ်နေရာတွင် တပ်မဟာ (၃) တပ်စိတ်က စောင့်ပြီး ပစ်ခတ်သဖြင့် ရဲဘော် (၁)ယောက် ကျသွားသည်။ ဗိုလ်မှူးမိုးဟိန်းသည် ဒေါသဖြစ်၍ ကာဘိုင်ကို အပေါ်ထောင်ပြီး (၆)ချက်ခန့် ချောက်လှန့်ပစ်ခတ်သည်။ **ဗိုလ်သန်းလှ**က G-4 တစ်ကတ်ကုန်အောင် ပစ်လိုက်တော့မှ စောင့်ပစ်သူများ ထွက်ပြေးလေတော့သည်။ ရိုးမမှ ဆင်းလာသောအဖွဲ့သားများသည် အမျိုးသမီး (၂၀)ယောက်အပါအဝင် ပေါင်း (၂၀၀) ကျော် **ဒူးဒါဟေး**ကို ရောက်သွားတော့သည်။ (ရိုးမအလယ်ကြောမှ အရှေ့ရိုးမအထိ ခရီးစဉ်တစ်လျှောက် တိုက်ပွဲဝင်ရဲဘော် (၂၃)ယောက် ကျဆုံးခဲ့သည်)။

## ၃၀။ အမျိုးသားချင်း ပြန်လည်ပေါင်းစည်း

**၁၉၆၈-၆၉ ခုနှစ်** တွင် ကေအဲန်ယူပါတီဥက္ကဋ္ဌ မန်းဘဇန်နှင့် အရှေ့တိုင်းကော်သူးလေမှ ဗိုလ်ချုပ်မြတို့ ပေါင်းစည်းသွားကြပြီးနောက် KNU အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ပဲခူးရိုးမရှိ QHQ-SHQ ကို မထားတော့ဘဲ ကေအဲန်ယူပါတီ နိုင်ငံရေး၊ စစ်ရေးကိစ္စအဝဝကို နိုင်ငံရေး ပေါလစ်ဗျူရို အဖွဲ့

(Political Bureau)က ပြန်လည် တာဝန်ယူလိုက်သည်။ အဖွဲ့ခေါင်းဆောင်တို့မှာ **ဗိုလ်ချုပ်ကျော်မြသန်း(စောကော်ထူး)၊ ဗိုလ်ချုပ်မြမောင် (မန်းသူခနတ်၊ သုခနေ)၊ ဗိုလ်ချုပ်ကျင်ဖေ(ကိုးဒို)၊ ဦးစိုးအောင်နှင့် ဆရာစကောလယ်တော** တို့ ဖြစ်သည်။

ပူးတွဲ အောင်နိုင်စစ်ကြောင်းဖွဲ့ပြီး လှုပ်ရှားစဉ်က ပါတီသည် မြစ်ဝကျွန်းပေါ်တိုင်းသို့ ကြေးနန်းဖြင့် လုံးဝဆက်သွယ်၍ မရတော့ဘဲ နိုင်ငံတကာသတင်း၊ ပြည်တွင်းသတင်းကို မြန်မာ့အသံရေဒီယိုမှ ထုတ်လွှင့်သည်ကိုသာ စောင့်ပြီးနားထောင်ရသည်။ **၁၉၇၃ ခုနှစ်** နှစ်ကုန်ပိုင်းတွင် ပဲခူးရိုးမဘက်ကို ထိုးစစ်ဆင်လာသော **တပ်မ ၄၄၊ ၈၈** ကို ပူးပေါင်းစစ်ကြောင်းက ရိုက်ချိုးနိုင်လိုက်သော်လည်း မြစ်ဝကျွန်းပေါ်တိုင်းတစ်ခုလုံးကို ရန်သူအစိုး၏ ပိတ်ဝိုင်းစစ်ဆင်ရေး(**ဖြတ်လေးဖြတ်စစ်ဆင်ရေး**)ဖြင့် ချေမှုန်းခြင်းခံရသည်။

ကေအဲန်ယူပါတီ(KNUP) ရိုးမအရှေ့ခြမ်းသို့ ပြန်ကူးလာချိန် **၁၉၇၄ ခုနှစ်** ကေအဲန်ယူ(KNU)ကွန်ဂရက်တွင် တော်လှန်ရေးတိုက်ပွဲဝင် အမျိုးသားချင်း ပြန်လည်ပေါင်းစည်းရေး ဆုံးဖြတ်ချက် ချမှတ်လိုက်သည်ကို ဖာပွန်ခရိုင် **ဒူဒါဟေး** ရောက်မှ သိရတော့သည်။ မြောက်ပိုင်း တရုတ်ပြည်ခရီးစဉ်မှ ပြန်လာမည့်တပ်ဖွဲ့ကို စောင့်မျှော်ရင်း KNUP ဘက်မှ အမျိုးသားချင်းပြန်လည်ပေါင်းစည်းရေးကို ပဏာမ လက်ခံလိုက်သည်။

မြောက်ပိုင်းမှ ပြန်ရောက်လာသောတပ်ဖွဲ့နှင့် KNUP ခေါင်းဆောင်၊ တပ်သား၊ တပ်ဗိုလ်၊ တပ်မှူး အားလုံးတို့သည် **၁၉၇၅ ခုနှစ် အောက်တိုဘာ** လတွင် အစည်းအဝေးပွဲကြီးတစ်ရပ်ကို ခေါ်ယူကာ KNUP ကို ဖျက်သိမ်းကြောင်းနှင့် နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သော အမျိုးသား ဒီမိုကရေစီ တော်လှန်ရေးကို "တော်လှန်သောမျိုးချစ်များသာ ဦးဆောင်သည်" ဟူသော အခြေခံမူဖြင့် ပူးပေါင်းခြင်းဖြစ်ကြောင်းတို့ကို ကြေညာသည်။ ထို့နောက် တပ်မဟာ(၃) ညောင်လေးပင်ခရိုင်၊ တပ်မဟာ(၂) တောင်ငူခရိုင်၊ ဘိတ်-ထားဝယ်ခရိုင်တို့သို့ တော်လှန်ရေးကို ဆက်လက်လုပ်ဆောင်ရန် တာဝန်ခွဲဝေ စေလွှတ်လိုက်သည်။

## ၃၁။ တပ်ရင်း (၁၄) ဖွဲ့စည်းခြင်း

KNUP ကို ဖျက်သိမ်းပြီးနောက်၊ အရှေ့တိုင်း KNU နှင့် ပြန်လည်ပေါင်းစည်းကာ တာဝန်အသီးသီးကို ခွဲဝေစေကြသည်။ တောင်ငူခရိုင် တပ်မဟာ (၂)နယ်မြေတွင် **တပ်ရင်း (၁၄)**ကို **၁၉၇၆ ခုနှစ်**တွင် ဖွဲ့စည်းသည်။ တပ်ရင်းမှူးအဖြစ် **ဗိုလ်မှူးမိုးဟိန်း**၊ ဒု-ရင်းမှူး **ဗိုလ်မှူးဟန်ကြည်**၊ ရုံးထိုင်မှူးအဖြစ် **ဗိုလ်မှူးမြသိန်း**၊ တပ်ခွဲ (၁)မှူး **ဗိုလ်တွဒ်**၊ တပ်ခွဲ (၂)မှူး **ဗိုလ်ရွှေဆန်း**၊ တပ်ခွဲ (၃)မှူး **ဗိုလ်အောင်မြ**၊ ထောက်လှမ်းရေးမှူး **ဗိုလ်သံတုံး**၊ ရိက္ခာမှူး **ဗိုလ်သန်းလှ**တို့ ဖြစ်သည်။ နယ်မြေကျွမ်းကျင်သော တပ်မဟာ (၂)မှ တပ်ရင်း (၄) တပ်စုတို့နှင့် ပူးပေါင်းလှည့်လည် လှုပ်ရှားတိုက်ခိုက်သည်။

ပထမဆုံးတိုက်ပွဲတွင် **ပျားစခန်း**(ပုလိပ်/ရဲစခန်း)ကြီးကို M72 တစ်လုံးနှင့် ဂိတ်ဝကို ပစ်ဖွင့် အတင်းဝင်စီးရာ ရဲသားအားလုံး လက်နက်ချသည်။ သေနတ် (၂၀) လက် ရရှိသည်။ **ဥသျှစ်ကုန်း**တွင် လှည့်လည်တွေ့ဆုံတိုက်ပွဲဖြစ်ရာ သေနတ် (၁၈)လက် ရရှိသည်။ **မြစောညီနောင်ဘုရား**နားတွင် စစ်ကားတစ်စီးကို စောင့်ပစ်ရာ ကားရပ်သွားပြီး ရန်သူတပ်သား ထွက်ပြေးသွားသဖြင့် သေနတ် (၄)လက် ရရှိသည်။

သံတောင်မြို့နယ် **မယ်ခါလေးခို ဘွဲကော်**ရွာ နားတွင် **တပ်မ (၆၆)** လက်အောက်ခံ၊ တပ်ရင်းစစ်ကြောင်းနှင့် တိုက်ပွဲပြင်းထန်စွာဖြစ်သည်။ ရန်သူဘက်တွင် အထိအခိုက် အလွန်များသည်။ ဗိုလ်မှူးမိုးဟိန်းပေါင်တွင် ကျည်ထိသဖြင့် ဆက်မတိုက်နိုင်တော့ပါ။ **ဗိုလ်မှူးဘောနေ**က တွဲခေါ်ပြီး တိုက်ပွဲခွင်မှ ရှောင်ထွက်ခဲ့သည်။

ဒဏ်ရာသက်သာပျောက်ကင်းသွားပြီးနောက် သံတောင်ကို တိုက်ရန် စီစဉ်နေစဉ် ဗိုလ်ချုပ်မြက ကြေးနန်းဖြင့် ပြန်ခေါ်သဖြင့် မာနယ်ပလောကို ပြန်ရောက်သည်။ တောင်ငူခရိုင် တပ်မဟာ (၂) နယ်မြေတွင် တစ်နှစ်ကျော်ခန့် လှည့်လည်လှုပ်ရှား တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲကြီး၊ တိုက်ပွဲငယ်

အတော်များများ တိုက်ခဲ့သည်။ လက်နက် (၁၀၀)ခန့် ရရှိခဲ့သည်။

တောင်ငူခရိုင်မှ ဗဟိုမာနယ်လောသို့ ပြန်လာစဉ် ဗိုလ်မှူးမိုးဟိန်းမှာ မည်သည့်အားနည်းချက်၊ အမှားအယွင်းတစ်စုံ တစ်ရာလုပ်ခဲ့သည်၊ မလုပ်ခဲ့သည်ကို စိစစ်ဝေဖန် သုံးသပ်ခဲ့သေးသည်။

ဗိုလ်မှူးမိုးဟိန်းကို ဗိုလ်ချုပ်မြက **ထူးဝါးလူ**မှာ ခေါ်တွေ့စဉ် "ဟေ့.. ဗိုလ်မိုးဟိန်း၊ ခင်ဗျားဟာ ကွန်မြူနစ်ပဲကွ"ဟု ရင်းရင်းနှီးနှီးပြောလေရာ ဗိုလ်မှူးမိုးဟိန်းက "မိမိသည် ကွန်မြူနစ်မဟုတ်ကြောင်း၊ ကွန်မြူနစ်ဟုတ်ပါက ကွန်မြူနစ်တွေဆီကိုပဲ သွားမည်ဖြစ်ကြောင်း၊ မိမိအမျိုးသားတော်လှန်ရေးရှိတဲ့ နေရာကို သေမှာမကြောက်ဘဲ ရန်သူကိုတိုက်ပြီး လာရတဲ့အကြောင်း၊ ကရင့်တော်လှန်ရေး အောင်ပွဲရသည်အထိ ဆက်လက်တိုက်ပွဲဝင်ရမည့်အကြောင်း" ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်မြက **ရလလဖ** နယ်မြေသို့ ရောက်နေသော **ဗိုလ်ဖော၊ ဗိုလ်သောင်းညွန့်**တို့၏ ဗိုလ်မှူးမိုးဟိန်းထံ ပေးသောစာများ၊ ဗိုလ်မှူးမိုးဟိန်းမှ ဗိုလ်ဖောထံ ပေးပို့သောစာများကို ထုတ်ပေးသည်။ ထိုနှစ်ဖက်ပေးစာများမှာ ဖာပွန်ခရိုင်၊ မိုင်းတာဝန်ခံ **ပဒိုအေးကျော်**က သိမ်းဆည်းထားပြီး ဗိုလ်ချုပ်မြထံ ပေးပို့ထားသော စာများဖြစ်သည်။

ထိုအပြန်အလှန်ပေးစာတွင် "ဟေ့..ဗိုလ်မိုးဟိန်း၊ ခင်ဗျား ဗိုလ်မြနဲ့မပေါင်းနဲ့၊ အဲဒီလူဟာ ကရင်မလေးတွေကို ယိုးဒယားဘက်မှာ ရောင်းစားနေတဲ့ မျိုးချစ်မျက်ကန်းဆိုတာ ခင်ဗျားမသိဘူးလား၊ ခင်ဗျားဟာ တိုင်းရင်းသား လူမျိုးစုတွေရဲ့ တပ်ရင်းဖခင်ဖြစ်တယ်၊ ပြန်လာပြီး ဦးဆောင်ပါ" ဟု ရေးသားထားသည်။

တစ်ဖန် ဗိုလ်မိုးဟိန်းက ဗိုလ်ဖော(**ဗိုလ်သက်ဖော**၊ ကွယ်လွန်)နှင့် ဗိုလ်သောင်းညွန့်တို့ထံ ပေးသောစာတွင် "ဗိုလ်ဖောရေ... မင်းတို့ လူကြီးတွေဆီကို ခွင့်မတောင်းဘဲ ထွက်သွားတာဟာ မကောင်းဘူး၊ စာနဲ့အတူ ပို့လိုက်တဲ့ ရဲဘော် (၅)ယောက်နဲ့ ရှောရှောရှူရှူ ပြန်လိုက်လာဖို့၊ အကယ်၍ ပြန်

မလိုက်ပါက ကြိုးတုပ်ပြီးခေါ်လာဖို့” ရေးသောစာဖြစ်သည်။

ထိုအပြန်အလှန် ပေးစာများကြောင့် ဗိုလ်ချုပ်မြကြ **မာနယ်ပလော** သို့ ပြန်ခေါ်ရသည်ကို ဗိုလ်မှူးမိုးဟိန်း သိလိုက်ရပေတော့သည်။

## ၃၂။ ဗီယက်နမ်စစ်ပွဲသို့

ဗိုလ်ချုပ်မြ ကြေးနန်းနှင့်ပြန်ခေါ်သဖြင့် **မာနယ်ပလော**ကို ရောက်ပြီး တစ်လခန့်အကြာတွင် တပ်ရင်း (၁၄) ၏ တပ်ခွဲ၊ တပ်စုများကို တပ်မဟာ (၇) တပ်ရင်းများရှိရာ **“မယ်လာ၊ မော်ဖိုးကော၊ မယ်တရိ”** ခွင်သို့ ခွဲပို့ပြီး **ဗိုလ်ဂျော်နီ၊ ဗိုလ်မှူးတူးတူ**တို့က လက်နက်ဖြုတ်သိမ်းလိုက်သည်။

ဗိုလ်ချုပ်မြက ဒုတိယအကြိမ် **ထူးဝါးလူ**မှာ ခေါ်တွေ့သည့်အခါ ဗိုလ်မှူးမိုးဟိန်းက ဗိုလ်ချုပ်မြဆီမသွားခင် ဗိုလ်ချုပ်မြမောင်အိမ်မှ မဲခေါင်တစ်လုံးကို ယူသောက်လိုက်သည်။ “ဟေ့ကောင်.. မိုးဟိန်း၊ သောက်စားပြီးမှသွားတာ မကောင်းဘူးကွ” ဟု ဗိုလ်ချုပ်မြမောင်က တားသော်လည်း သောက်ကောင်းကောင်းနှင့် ကုန်အောင် သောက်လိုက်သည်။ အတန်အကြာတွင် စက်လှေမောင်းသမား လာခေါ်သဖြင့် ဆင်းလိုက်သွားသည်။ စက်လှေပေါ် ထိုင်စောင့်နေသော **ဗိုလ်မှူးကြီးလှထူး**က ဗိုလ်မိုးဟိန်း ပြင်ဆင်ဝတ်စားထားပုံ၊ ခါးတွင်လည်း ပစ္စတိုချိတ်ထားပုံများကိုတွေ့သဖြင့် စိုးရိမ်စိတ်ဖြင့် “ဟေ့.. ဗိုလ်မိုးဟိန်း.. ခင်ဗျား ကောင်းကောင်းမွန်မွန်နဲ့ သွားတွေ့ပါကွာ” ဟု ပြောလေသည်။

**ထူးဝါးလူ** ရောက်သောအခါ ဗိုလ်ချုပ်မြ သူ့ဧည့်သည်များနှင့် စကားပြောနေသည်ကို ပြီးသည်အထိ ထိုင်စောင့်သည်။ ဧည့်သည်များ ပြန်ထွက်သွားလျှင် ဗိုလ်မိုးဟိန်း ဝင်တွေ့သည်။ “ရဲဘော်တွေရဲ့ လက်နက်ကို သိမ်းဖို့ မလိုပါဘူး ဗိုလ်ချုပ်ရယ်၊ ကျနော်က တပ်ရင်းမှူးဆိုတော့ ကျနော့မှာ တာဝန်ရှိပါတယ်၊ ရဲဘော်တွေမှာ ဘာအပြစ်မှ မရှိပါဘူး၊ ကျနော့်မှာ အားနည်းချက်ရှိရင် အပြစ်ရှိခဲ့ရင် ကျနော့်ကို ပစ်သတ်လိုက်ပါ” ဟု ပြောလိုက်

သည်။ ထိုအခါ ဗိုလ်ချုပ်မြကြ "ဟေ့.. ဗိုလ်မိုးဟိန်း၊ အဲဒီ လက်နက်တွေဟာ မတော်တဆ သူများလက်ထဲမှာ ရောက်သွားမှာစိုးလို့ ခဏသိမ်းထားတာ ဖြစ်တယ်" ဟု ဆိုကာ နောက် (၂)ရက် အကြာတွင် သိမ်းထားသော လက်နက်များကို ပြန်ပေးသည်။ အရှေ့တိုင်း ကော်သူးလေမှာပဲ တော်လှန်ရေးကို ဆက်လုပ်ရန် ဗိုလ်မိုးဟိန်းကို တွန်းအားပေးသည်။

တစ်နေ့တွင် ဗိုလ်မိုးဟိန်းရှိရာ **လောကွားလူ**ကို ရောက်လာသော ဗိုလ်ချုပ်မြသည် ဗိုလ်မိုးဟိန်းအား တော်လှန်ရေးဆက်လုပ်ရန်အတွက် တပ်မဟာ (၇) မှူး **ထင်မောင်**မှ တွေ့လိုကြောင်း ပြောသည့်အခါ တော်လှန်ရေး စိတ်မကုန်သေးသည့် ဗိုလ်မှူးမိုးဟိန်းသည် တပ်မဟာ (၇)သို့ သွားတော့သည်။

တပ်မဟာမှူး ထင်မောင်က ဗိုလ်မိုးဟိန်းကို **တပ်ရင်း (၂၂)၊ ဒု-ရင်းမှူး** တာဝန်ဖြင့် စစ်ဆင်ရေးမှူး၊ စစ်ကြောင်းမှူးတာဝန် ပေးသည်။ (၂၂) တပ်ရင်းမှူးမှာ ဗိုလ်မှူး**ဖားကလို** ဖြစ်သည်။ တပ်မဟာ (၇)နယ်မြေထဲတွင် လှည့်လည်လှုပ်ရှားစဉ် ဗိုလ်ချုပ်မြသည် ကိစ္စတစ်ခုနှင့် **မဲဆီပ်**ကို ရောက်လာသည်။ ဗိုလ်မိုးဟိန်းကိုတွေ့သည့်အခါ "ဟေ့.. ဗိုလ်မိုးဟိန်း၊ မင်းကိုတော့ ငါယုံတယ်ကွာ၊ ဒီမှာပဲ တော်လှန်ရေးဆက်လုပ်ပါ၊ ဘယ်မှ မသွားပါနဲ့"ဟု ပြောလေသည်။

နောက်ပြီး "ဗီယက်နမ်မှာ စစ်သွားတိုက်မလား" ဟု မေးရာ "ကျနော့တစ်ယောက်တည်း သဘောအရတော့ မသွားချင်ဘူး၊ ဒါပေမဲ့ တာဝန်ပေးရင်တော့ သွားရမှာဖြစ်တယ်" ဟု ပြန်ပြောလိုက်သည်။ လူအင်အား (၁၅၀၀) ကို လက်နက် အပြည့်အစုံတပ်ဆင်ပေးပြီး သွားတိုက်ရမည် ဖြစ်သည်။ တစ်နှစ်အကြာ ပြန်လာခဲ့လျှင် ထိုတပ်ဆင်ပေးထားသောလက်နက်များအားလုံးကို ကားကြီး၊ ကားငယ်ဖြင့် ပြန်ပို့ပေးမည့်အကြောင်း ပြောသည်။ ဗိုလ်မိုးဟိန်းကလည်း ဗီယက်နမ်မှ ပြန်လာပါက ပြန်ပို့ပေးမည့် လက်နက်များနှင့်အတူ မြစ်ဝကျွန်းပေါ် ကိုပြန်ဆင်းမည့် အိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် ဗိုလ်ချုပ်မြအစီအစဉ်ကို လက်ခံလိုက်သည်။ ဗီယက်နမ်

သွားမည့်အစီအစဉ်သည် သတင်းပေါက်ကြားသည်ဆိုပြီး မသွားဖြစ်တော့ပါ။

မှတ်ချက်။ ။ **၁၉၇၄ ခုနှစ်**တွင် ဗီယက်နမ်က ကျူးကျော်အမေရိကန်အား တိုက်ထုတ်နိုင်ခဲ့သည်ကိုလည်းကောင်း၊ ၁၉၇၄ ခုနှစ် ကွန်ဂရက်အပြီး *KNU* ဥက္ကဋ္ဌမန်းဘဇန်က ဗီယက်နမ်၏ အောင်ပွဲသဝဏ်လွှာကို **မန်းဗလစိန် (ဖူးခွဲကဘောင်)**မှ တစ်ဆင့် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဗီယက်နမ် သံရုံးသို့ ပေးပို့ခဲ့သည်ကိုလည်းကောင်း၊ ထိုကိစ္စကို ဗိုလ်ချုပ်မြ၊ ဗိုလ်မှူးမိုးဟိန်း နှင့် တပ်မဟာ (၇) တပ်မဟာမှူး ထင်မောင်တို့ မသိလိုက်ကြပေ။

## ၃၃။ မော်ဖိုးကေတိုက်ပွဲ

ဗီယက်နမ်တိုက်ပွဲသွားရန် **မော်ဖိုးကေ**၊ **မယ်တရ**ရှိတွင် ရဲဘော်၊ အကြပ်၊ တပ်မှူးများ စုစည်းနေချိန်မှာပင် သတင်းပေါက်ကြားသည်ဆိုပြီး ဗီယက်နမ်ကို စစ်ကူသွားမည့်အစီအစဉ် မဖြစ်မြောက်တော့ပေ။

မူလက ဗိုလ်မိုးဟိန်းကို တပ်မဟာ (၇)၊ တပ်ရင်း (၂၂)၏ ဒု-ရင်းမှူး တာဝန်ဖြင့် စစ်ကြောင်းမှူးတာဝန် ပေးအပ်ခြင်းခံရသည်။ တပ်ရင်း (၂၂) တပ်ရင်းမှူးမှာ **ဗိုလ်မှူးဖားကလို** ဖြစ်သည်။ တစ်နေ့ တပ်မဟာ (၇)မှူး လာပြီး "ဟေ့.. ဗိုလ်မိုးဟိန်း၊ ခင်ဗျား အကောက်ဂိတ်မှူး လုပ်ပါလား" ဟု တိုက်တွန်း အကြံပေးရာ "ကျနော် ဂိတ်မှူးလုပ်ဖို့ လာတာမဟုတ်ဘူး၊ တော်လှန်ရေးလုပ်ဖို့ လာတာဖြစ်တယ်" ဟု ဗိုလ်မှူးမိုးဟိန်းက တုံ့ပြန်ပြောကြားလိုက်သည်။

တပ်မဟာ (၇)နယ်မြေ၊ ဖာအံခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် တပ်ရင်း (၁၉)နှင့် ပူးပေါင်းပြီး ရန်သူကို လှည့်လည်တိုက်ခိုက်ခဲ့သည်။ တပ်ရင်း (၁၉) မှူးမှာ **ဗိုလ်မှူးမောင်ထွန်း** ဖြစ်သည်။ ထိုစဉ်က ဗိုလ်ဂျော်နီသည် တပ်ခွဲမှူးအဆင့် ဖြစ်သည်။

၁၉၈၃-၈၄ ခုနှစ်တွင် ရန်သူသည် တပ်ရင်း (၂)ရင်း (၃)ရင်းဖြင့် **မယ်လာဌာနချုပ်**စခန်း၊ **မော်ဖိုးကေ**၊ **မယ်တရ** စခန်းများကို ထိုးစစ်ဆင် တိုက်ခိုက်လာသဖြင့် **တပ်ရင်း (၂၂)**နှင့် **တပ်ရင်း (၁၉)**တို့ ပူးပေါင်းတိုက်

ထုတ်နိုင်လိုက်သည်။ ၁၉၈၅ ခုနှစ်တွင် ရန်သူသည် ဌာနချုပ်နှင့် **မော်ဖိုးကေ** စခန်းကို ထိုးစစ်ကြီးဆင်လာတော့သည်။

ဂငယ် ပုံသဏ္ဍာန်ရှိသည့် **မော်ဖိုးကေ** စခန်းသည် တပ်ရင်း (၂၂) ရုံး ဘားတိုက်၊ စစ်သင်တန်းကွင်း၊ အိမ်ထောင်သည်လိုင်း၊ စာသင်ကျောင်းဆောင်၊ ဘောလုံးကွင်း၊ သစ်စက်၊ အကောက်ဂိတ်၊ ဈေးဆိုင်တန်းတို့ဖြင့် စည်ကားနေသည့် အခိုင်အမာ စခန်းကို ထိုးစစ်ဆင်လာရာ ခုခံကာကွယ်ရန်အတွက် တပ်မဟာ (၇)မှူးက **ဗိုလ်မှူးချုပ်မောင်မောင်** (၁၉၇၄ ကွန်ဂရက်မှ KNU အထွေထွေအတွင်းရေးမှူးဟောင်း)နှင့် ဗိုလ်မှူးမိုးဟိန်းကို တာဝန်ပေးသည်။

ခံစစ်သေစခန်းကို ကာကွယ်ရန် စိတ်ဝင်စားမှုမရှိသော ဗိုလ်မှူးမိုးဟိန်းသည် သူ့တပ်ဖွဲ့နှင့်အတူ အပြင်ဘက်ထွက်ပြီး လှုပ်ရှားသည်။ တိုက်ပွဲပြင်းထန်လာလျှင် ဗိုလ်မှူးမိုးဟိန်းကို စခန်းထဲပြန်ခေါ်သွင်းပြီး ထိပ်တိုက်နေရာမှာ ထိန်းခိုင်းလိုက်၊ ကွပ်ကဲခိုင်းလိုက်၊ တိုက်ပွဲအေးသွားလျှင် ဗိုလ်မှူးမိုးဟိန်းက အပြင်ပြန်ထွက်လှုပ်ရှားလိုက်၊ ရန်သူ့နောက်ကျောဖက်ကို ဒုက္ခပေးလိုက်နှင့် ဖြစ်သည်။

ထိုသို့ ဝင်လိုက်၊ ထွက်လိုက်နှင့် လှုပ်ရှားနေရင်း မထင်မှတ်သည့် အချိန်တွင် ရန်သူ့တပ်စုက စခန်းနောက်ဖက်ရှိ ရေတိမ်ပိုင်းကို ထိုင်းဘက်ကမ်းမှ ဝင်လာပြီး ထိပ်တိုက်နေရာနှင့် ကိုက် (၂၅၀)အကွာရှိ ကွန်ကရစ်ဖုတ်ကို သိမ်းပိုက်လိုက်သည်။ ဗိုလ်မှူးမိုးဟိန်းနှင့် သူ့တပ်ဖွဲ့သည် M-72 နှင့် ပစ်၊ Point-5 နစ်လက် အဆက်မပြတ်ပစ်ပြီး ပေါက်သွားသည့်နေရာကို ပြန်သိမ်းနိုင်ခဲ့သည်။

ဗိုလ်မှူးမိုးဟိန်း စခန်းအပြင်ဘက် ရောက်နေချိန်၊ ဗိုလ်ချုပ်မြ ခေါ်၍ ဗဟိုရောက်နေချိန်၊ တစ်နေ့တွင် **မော်ဖိုးကေ** စခန်းထိပ်တိုက်နေရာကို ရန်သူသိမ်းပိုက်နိုင်လိုက်သည်။ နောက်တစ်ရက် နံနက်စောစောတွင် **မော်ဖိုးကေ**စခန်းကို ပြန်တိုက်ယူရန် ဗိုလ်ချုပ်မြက ဗိုလ်မှူးမိုးဟိန်းကို တာဝန်ပေးလိုက်သည်။ **ဘောကျော်ဟဲ**နှင့်အတူ တပ်ခွဲတစ်ခွဲကိုလည်း ပို့ပေးမည့်

အကြောင်းပြောရင်း ဗိုလ်မှူးမိုးဟိန်းကို သွားခိုင်းလိုက်သည်။ စခန်းနောက်ဖက် ထိုင်းဖက်ကမ်းတွင်ထားခဲ့သော မိမိတပ်ဖွဲ့နှင့်အတူ စခန်းဘက်ကိုကူးဝင်သွားချိန်တွင် ပိတ်ထားသည့် ထိုင်းစားသောက်ဆိုင်၌ ဗိုလ်မှူးချုပ် မောင်မောင်အား တွေ့ရသည်။

ရန်သူသည် စခန်း၏ တစ်ဝက်လောက်ကို သိမ်းပိုက်ထားနိုင်ပြီး ပေါက်သွားသည့် ထိပ်တိုက်နေရာ၊ ကုန်းမြင့်ပိုင်းနေရာကနေ စက်လတ်ဖြင့် ကြိုကြား ကြိုကြား ပစ်ခတ်နေသည်။ ဘားတိုက်နှင့် သင်တန်းကွင်းနားမှ လျှောက်မြောင်းအတိုင်းလိုက်သွားရာ လက်နက်ကြီးထိ၍ ကျဆုံးသွားသော ရဲဘော်တချို့ကို တွေ့ရသည်။ ဖုတ်ကျင်းမှ ထွက်လာသော အကြပ်၊ တပ်သားတချို့မှာ ဗိုလ်မှူးမိုးဟိန်းကိုတွေ့သဖြင့် ဝမ်းသာကြသည်။ တစ်ကိုယ်လုံးဆေးမင်ကြောင်ထိုးထားသည့် ရဲဘော်တစ်ယောက်ဆီမှ ကာဘိုင်သေနတ်ကို တောင်းယူလိုက်ပြီး မိမိတို့ဘက် ကုန်းကွကွဖြင့်လာနေသော ရန်သူများကို ပစ်လိုက်ရာ ၃-၄ ယောက် လဲကျသွားသည်။ ဆေးမင်ကြောင် ထိုးထားသည့်ရဲဘော် (တပ်မဟာ-၆ မှ စစ်ကူလာသော တပ်ခွဲမှူး **ဗိုလ်ကြီးကျော်ဒင်**) က ကာဘိုင်ဘောက်ထဲကို ကျည်ဖြည့်၊ ဗိုလ်မှူးမိုးဟိန်းက ပစ်နှင့် နောက်ထပ်ရန်သူ (၈)ယောက် ထပ်ကျသွားရာ ရန်သူက ရှေ့ဘက်ကို မတက်လာရဲတော့ပေ။

အတော်လေးကြာလျှင် **ဘောကျော်ဟဲ**နှင့် သူ့တပ်ခွဲကို ကျည်ကွယ်လျှောက်မြောင်းတစ်နေရာမှာ တွေ့ရသည်။ ဗိုလ်မိုးဟိန်းက ဘောကျော်ဟဲကို "ခင်ဗျားတို့တိုက်ရင် ကျနော်လည်း တိုက်ရမှာပဲ၊ ပြန်သိမ်းလို့ ရမယ်မရဘူးဆိုတာ တပ်အပ်ပြောလို့မရဘူး၊ ရန်သူဟာ အမြင့်ပိုင်းအဓိကကျတဲ့နေရာကို ရယူထားတယ်၊ မိမိလူတွေဟာ တချို့က လက်နက်ကြီးထိမှန်လို့သေကြတယ်၊ တချို့ကထွက်ပြေးကြတယ်၊ ဗိုလ်မှူးချုပ်မောင်မောင်လည်းထိုင်းဘက်ကို ရှောင်ထွက်သွားလို့ ကျန်တဲ့ ရဲဘော်တွေဟာ ဘာလုပ်ရမှန်းမသိဖြစ်နေတယ်" ဟု ပြောလိုက်ရာ ဘောကျော်ဟဲသည် ပြန်တက်ဖို့ မလွယ်မှန်းသိပြီး လက်လျှော့ကာ လျှောက်မြောင်းထဲကျဆုံးသွားသော ရဲဘော်များ

ကို မြေဖို့၊ လက်နက်ငယ် (၁၇)လက်နှင့် ထမ်းလို့ရသည့် လက်နက်တချို့ကို ယူလျက် သူ့တပ်ခွဲနှင့်အတူ ပြန်ထွက်သွားသည်။

မော်ဖိုးကေစခန်းနှင့် အတန်ဝေးသော ထိုင်းဘက်ကမ်းတစ်နေရာတွင် ဗိုလ်ချုပ်မြနှင့်တွေ့ရာ ဗိုလ်ချုပ်မြက "ဗိုလ်မှူးချုပ်မောင်မောင်က ခင်ဗျား (ဗိုလ်မှူးမိုးဟိန်း)ကို အပြင်ထုတ်ပြီး၊ ရန်သူကို ဂိတ်အတွင်းပိုင်းကိုခေါ် သွင်းသလိုဖြစ်နေတယ်" ဟု ပြောခဲ့သည်။ တပ်ရင်း (၂၂)တပ်ရင်းမှူး ဗိုလ်ဖားကလိုက "ဗိုလ်မှူးမိုးဟိန်း စခန်းထဲမှာရှိနေရင် မော်ဖိုးကေစခန်းဟာ မကျနိုင်ဘူး" ဟု ထောက်ခံပြောဆိုသွားသည်။

## ၃၄။ ဖလူးတိုက်ပွဲ

ကေ (၂၀)ကျယ်ခန့်ရှိ ရှည်မျောမျော "ဂ"သဏ္ဍာန် တပ်မဟာ (၆) ဌာနချုပ်ကို **ဖလူးကြီး**ရွာ အိမ်ခြေတန်းက ကာရံထားပေးသကဲ့သို့ ဖြစ်နေသည်။ ရေပတ်လည်ဝိုင်းထားသော ကျွန်းငယ်လေးမဟုတ်သော်လည်း ဌာနချုပ်၏ ထိပ်ဝပိုင်းအရှည်မှာ ၇၅ ကိုက်ခန့်သာ ရှိမည်ဟု ခန့်မှန်းရသည်။

တပ်ဝင်းထဲတွင် အကောက်ဂိတ်၊ ဆေးရုံ၊ တပ်မဟာဌာနချုပ်ရုံး၊ အချုပ်ထောင်သေး၊ စာပုံနှိပ်တိုက်၊ အထက်တန်းကျောင်း၊ ဆက်သွယ်ရေးရုံးတို့ အသီးသီးရှိကြသည်။ **သဃ်န်းညီနောင်**ဘက်လာသည့် ရန်သူတပ်ဖွဲ့သည် **လေးကေ့ကော်** မျက်စောင်းထိုးလောက်တွင်ရှိသော **မောထိုကလေး** အထိလာပြီး လေးမိုင်ခန့်အကွာအဝေးရှိ ဌာနချုပ်ဝင်းထဲသို့ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်လေ့ရှိသည်။ ထို့ကြောင့်လည်း ဌာနချုပ်ဝင်းထဲတွင် သစ်လုံးကြီးနှစ်ထပ်၊ ကွန်ကရစ်ဖုံးခိုကျင်းများ ပြုလုပ်ထားရသည်။ ကြခတ်ဝါးရုံ အောက်တွင် ကျင်းများလည်း တူးထားရသည်။

**၁၉၈၃-၈၄** တွင် ရန်သူ၏ ပစ်ခတ်မှု အတော်လေးစိပ်လာရာ ဂိတ်ဝင်းရှိ ဌာနအသီးသီးကို **ဝေါ်လေ**စခန်းသို့ ပြောင်းရွှေ့ထားလိုက်သည်။ ဌာနချုပ်၏ ထိပ်တိုက် ဂိတ်ဝနေရာတွင့် မြောင်းအရှည် ၇၅ ကိုက်၊ အကျယ် ၁၈

ပေ၊ အနက် ၆ ပေခွဲခန့် ရှိသော မြောင်းကို တူးထားသည်။ တင့်ကားရန် ကာကွယ်ဖို့ အတွက်ဖြစ်သည်။

မြောင်း၏ရှေ့ ကိုက် (၂၀၀) ခန့်တွင် မြောင်းနှင့်အပြိုင် ၃ပေခွဲအမြင့်ခန့် ရှိသော ဆူးခွေတန်းနှင့် မြောင်း၏အထွက် အတွင်းဘက်တွင် ၂၅ ကိုက်စီ အကွာရှိသည့် ဆူးခွေတန်း (၂) တန်းကို ကာရံထားသည်။ ကျွန်းပင်ကြီး၏ခြေရင်းမှာတွင် ပလပ်စတစ်နင်းမိုင်းများ ထောင်ထားသည်။

ရန်သူတပ်ဖွဲ့သည် မောထိုကလေးနှင့် တစ်ဖြောင့်တည်းရှိသော ထင်းရှူးတောင်ကုန်းမြင့်နှင့် တစ်ဆက်တည်းဖြစ်သည့် **တာကော်စိုး** ကျောက်ကပျံကို အဆက်မပြတ်ပစ်၊ အတင်းတက်ထိုးပြီး သိမ်းယူလိုက်နိုင်သည်။ **ဖလူးကြီး၊ ဖလူးလေး**ရွာရှိလူထုသည် ရွာကို စွန့်ခွာထွက်ပြေးသွားကြသည်။ ရန်သူသည် **တာကော်စိုး** ကျောက်ကပျံပေါ်မှ တပ်မဟာ (၆) ဌာနချုပ်ဝင်းထဲကို လက်နက်ကြီးမျိုးစုံဖြင့် စိတ်တိုင်းကျ ပစ်ခတ်ဖျက်ဆီးနိုင်သော်လည်း ဌာနချုပ်စခန်းကိုတော့ မသိမ်းပိုက်နိုင်ပါ။

**၁၉၈၇ ခုနှစ်** နှစ်လယ်တွင် တပ်မဟာ (၆)ဌာနချုပ်မှ ပြောင်းရွှေ့လာကြသော ဌာနအသီးသီးသည် **ဝေါ်လေစ**ခန်း၌ နေသားတကျ ပြန်လည်အခြေချပြီး ဝေါ်လေစခန်းရုံး၊ သစ်တောရုံးတို့အပြင် **ထီးသဲလယ်**ဘက် သွားလမ်းတစ်ဖက်တစ်ချက်တွင် သစ်စက်ကြီးငယ်များနှင့် စည်ကား သိုက်မြိုက်နေသည်။ ဝေါ်လေချောင်းတစ်ဖက် ထိုင်းဘက်ခြမ်းတွင် ထိုင်းရွာ၊ ဈေးတန်း၊ နယ်စပ်တပ်စခန်းဂိတ်တွင် အဝင်အထွက်၊ အရောင်းအဝယ်များဖြင့် စည်ကားနေဆဲဖြစ်သည်။

**၁၉၈၇ ခုနှစ်** ကုန်ခါနီး၌ ရန်သူစစ်ကြောင်းကြီးသည် ကော့ကရိတ်မှ **မြို့ဟောင်းရွာ**အရှေ့ဘက်ရှိ **ဒီးခို**ဘေးမဲ့သစ်တောကို ဖြတ်ကာ **မယ်ကလာ**ချောင်းနှင့် **ဝေါ်လေ**ချောင်းဆုံရာ သောင်ရင်းမြစ်အောက်နားရှိ **ထီးသဲလယ်**ဘက် သွားသော လမ်းခွဲမှတစ်ဆင့် ဝေါ်လေဘက်ကို ချီတက်လာသည်။

ရန်သူစစ်ကြောင်းသည် **ဝေါ်လေ**စခန်းရှိ အကောက်ခွန်ဂိတ်၊ သစ်တောရုံး၊ သစ်ထုတ်လုပ်ရောင်းချရေးရုံးနှင့် သစ်စက်များကို ဖျက်ဆီး မီးရှို့ရန် ဖြစ်သည်။ ရန်သူထိုးစစ်ဆင်လာမည်ကို တစ်ပတ်ခန့်လောက်က ကြိုတင်သိထားသဖြင့် ပြောင်းစရာ၊ ရွှေ့စရာများကို ပြောင်းရွှေ့ထားပြီး အိမ်ထောင်သည်များ၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကို ထိုင်းဘက်ခြမ်းကရင်ရွာများတွင် ရှောင်ထားခိုင်းလိုက်သည်။

စခန်းကို ကာကွယ်ရန်အတွက် တပ်မဟာ (၆)ရုံးတပ်ဖွဲ့၊ ဆေးဌာနတပ်စိတ်၊ ဗိုလ်မှူးရောဘတ်ဇန်၏ ကညောသူးတပ်ဖွဲ့၊ **ဗိုလ်ဆဲ့လာ**၏ ကွန်မန်ဒိုတပ်ဖွဲ့၊ တိုက်ပွဲမဖြစ်မီ နံနက် ၄း၃၀ ခန့်က ကြိုရောက်နေသော **ဗိုလ်ကြီးစိုးစိုး၊ ဗိုလ်မှူးမိုးဟိန်း၊ ဗိုလ်မှူးဂျော်နီ**တို့ တပ်ဖွဲ့တို့နှင့်ပေါင်းလျှင် တပ်ခွဲ တစ်ခွဲသာသာလောက်သာ ရှိသည်။ ရန်သူလာနိုင်မည့်လမ်းဘေးရှိ ကုန်းမြင့်နေရာတချို့တွင် ကျင်းတူး နေရာချထားသည်။ အမြင့်ပိုင်း **ဝေါ်လေ**စခန်းကိုတော့ အကာအကွယ်မပေးနိုင်ပေ။

နံနက် ၇း၃၀ နာရီလောက်တွင် ရန်သူအင်အား တစ်ထောင်ခန့်သည် စောင့်နေသောနေရာမှ ပေါက်မလာဘဲ မထင်မှတ်သောနေရာတွင် ပေါက်ချလာပြီး ဘောင်ဒရီလိုင်း **ဝေါ်လေ**ချောင်းကိုဖြတ်လျက် ထိုင်းဘက်ခြမ်းကိုဝင်ကာ ပတ်ဝိုင်းကာ **ဝေါ်လေ**စခန်းကို တိုက်တော့သည်။ အင်အားမမျှသည့်အတွက် မိမိတပ်ဖွဲ့သည် လက်နက်ကြီးဖြင့် ဖြန်းပစ်လိုက်၊ လက်နက်ငယ်ဖြင့် ကာပစ်လိုက်၊ ဆုတ်လိုက်နှင့် နောက်ဆုံး ထိုင်းဘက်ခြမ်းရှိ ထိုင်းရွာ အနောက်ဖျားလောက်တွင် ချောင်းကိုဖြတ်၊ ထိုင်းဘက်ကိုကူးပြီး ဆုတ်ခွာရတော့သည်။

ထိုင်းနယ်ခြားဂိတ်များတွင် နေရာယူထားသော ဗိုလ်မှူးဂျော်နီ၊ ဗိုလ်မှူးမိုးဟိန်းတပ်ဖွဲ့မှာ ဘယ်လိုအကူအညီပေးရမှန်းမသိ ဖြစ်နေလေသည်။ အဝေးမှနေပြီး တိုက်ပွဲကို အကဲခတ်နေရသည်။ တိုက်ပွဲမှာ (၂)နာရီခန့်သာကြာပြီး မွန်းလွဲ ၁း၃၀ နာရီလောက်တွင် ဝေါ်လေစခန်းရှိ အဆောက်အဦများ၊ သစ်စက်တို့မှ မီးခိုးလုံးကြီးများ လိမ့်တက်လာသည်ကို အဝေးမှ လှမ်း

မြင်ရသည်။

မှောင်စပျိုးလာချိန်တွင် လေပြင်းတိုက်လာပြီး အခါမဟုတ် မိုးကြီး ရွာချသည်။ ရန်သူစစ်ကြောင်းသည် ရိက္ခာပြဿနာကြောင့် ဝေါ် လေစခန်းတွင် အထိုင်မချတော့ဘဲ မီးရှို့ပြီး ထွက်သွားတော့သည်။ ရန်သူသည် **တာကော်စိုး** ကျောက်ကပျံပေါ် မှ လက်နက်ကြီးမျိုးစုံဖြင့် တပ်မဟာဌာနချုပ်ဝင်းထဲကို စိတ်တိုင်းကျ ပစ်ခတ်နေတော့သည်။ တပ်မဟာရုံး အဆောက်အဦကြီး၊ ဆေးရုံ၊ ကျောင်း၊ ဆက်သွယ်ရေးရုံးများ အတော်ပျက်စီးကုန်သည်။ **ဖလူး လေး၊ ဖလူးကြီး**ရွာနေ ရွာသူရွာသားများသည် ထိုင်းဘက်ခြမ်းရှိ **မဲခိုကင်း**ရွာ၊ **ခလေမူးကလိုး**ရွာ၊ **ကျောက်ခက်၊ သေ့ဘောဘိုး** သို့ ပြောင်းရွှေ့ကုန်ကြသည်။

ရန်သူသည် **ဖလူးလေး**ရွာအနောက်ဖက်မှ စိုက်ခင်းကွင်း၊ ငှက်ပျော ခြံတို့ကို ဖြတ်ကာ ဖလူးကြီးရွာစ ခရစ်ယာန်ဘုရားကျောင်းကုန်းနှင့် မူလတန်း ကျောင်းဝင်းငယ်အတွင်း တပ်ချ နေရာယူထားလိုက်သည်။ ရွာလမ်းအတိုင်း တက်လာပြီး ဌာနချုပ်ထိပ်ဝကို ဖြတ်ကျော်ကာ ကရင်ဘုန်းကြီးကျောင်းမှ ရှေ့ဆက်သွားလျက် **ဖလူးကြီး၊ ရှမ်းပိုင်းနတ်စင်ကုန်း**အထိ ဖြန့်ကျက်နေရာ ယူထားလိုက်သည်။ ဖလူးတပ်မဟာ (၆)ကို ဘေးတိုက်ကနေ (ဝါ) ထိပ်တိုက် ရှေ့ဘက်အနီး (ဝါ) အဝေးမှပစ်လို့ရသည့် အနေအထားမျိုး ပြင်ဆင်လိုက် တော့သည်။

ရုစ်လေးလုံးအရေးအခင်းအပြီးတွင် ကော့ကရိတ်၊ ကျုံဒိုး၊ ကြာအင်း ဆိပ်ကြီးတို့မှ ကျောင်းသား၊ လူငယ်၊ လူကြီးအတော်များများ တပ်မဟာ (၆)နယ်မြေ သေ့ဘောဘိုးရွာသို့ ရောက်လာကြသည်။ ရွာထိပ်ရှိဆိုင်တန်း၊ ကုန်သည်တည်းခိုသည့် ဝါးခင်း၊ အင်ဖက်မိုး၊ တဲရည်တန်းတွင်လည်းကောင်း၊ ဘုန်းကြီးကျောင်း၊ ရွာထဲရှိအိမ်တို့တွင်လည်းကောင်း လူအပြည့်ဖြစ်လာရာ ရွာလူကြီး၊ အကောက်ဂိတ်တာဝန်ရှိသူ ကော့ကရိတ်မြို့နယ်မှူးတို့သည် နေဖို့ စားဖို့ ကိစ္စတို့ကို စီစဉ်ရတော့သည်။

တစ်လအတောအတွင်းခန့်တွင် ဗိုလ်ချုပ်မြနှင့် ဗဟိုခေါင်းဆောင် အချို့ **သေ့ဘောဘိုး**သို့ ရောက်ရှိလာပြီး နဝတစစ်အစိုးရကို တော်လှန်တိုက်

ခိုက်မည့်တပ်ဖွဲ့ကို ဖွဲ့စည်းတော့သည်။ ဗိုလ်ချုပ်မြနှင့်အတူလိုက်ပါလာသော ဗိုလ်မှူးမိုးဟိန်းသည် ဗဟိုထောက်လှမ်းရေးမှူးနှင့် စောထွက်လာပြီး **ဖလူး** ဘက်ကို လှည့်ထွက်လာခဲ့သည်။ ထိုင်းဘက်ခြမ်းရှိ မှောင်ခိုဈေးဆိုင်တန်း အဆုံး ကုန်းမြင့်တစ်နေရာမှ **ဖလူး**စခန်းအတွင်းကို ကြည့်ရှုပြီး ရန်သူ၏ နောက်ကျောဘက်ကို အနှောင့်အယှက်ပေးဖို့ အကြံပေးသွားသည်။

**၁၉၈၉ ခုနှစ်** နှစ်လယ်လောက်တွင် နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှု အရှိန်မြင့်မားလာသည်။ စိပ်လာသည်။ နေ့ဘက်တွင် လက်နက်ကြီးဖြင့် အပြန်အလှန်ပစ်ခတ်ပြီး အသံတိတ်ချိန်တွင် ရန်သူဘက်မှ လက်ဖြောင့် တပ်သားများ၏ ချောင်းမြောင်းပစ်ခတ်မှု ရှိသည်။ တပ်မဟာဘက်မှလည်း ဖုတ်ကျင်းအတွင်း စနိုက်ပါ သုံး-လေးလက်နှင့် သစ်ပင်ကြီးများနောက်ကွယ်မှ ချောင်းမြောင်းပစ်ခတ်နေသောရန်သူများကို အထိနာစေသည်။ ထောင်ထား သော ပလပ်စတစ်နင်းမိုင်းတွေထံမှလည်း မကြာခဏဆိုသလို ပေါက်ကွဲသံ ကြားရသည်။

တစ်ပတ်အတွင်း တစ်ည နှစ်ညဆိုသလို လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်ကြသည်။ တပ်မဟာရှေ့ထိပ်တိုက် ဖုတ်ကျင်းတွင် ညကြည့်မှန်ပြောင်းနှင့် အမြဲကင်းစောင့်နေသည်။

**၁၉၈၉ ခုနှစ် ဒီဇင်ဘာ** နောက်ဆုံးပတ်တွင် ရန်သူသည် နေ့ရော ညပါ လေး-ငါးနေရာလောက်မှ လက်နက်ကြီးမျိုးစုံဖြင့် ပုံမှန်မနားတမ်း ပစ်ခတ်လေရာ ပေ ၂၀-၂၅ အရှည် သစ်လုံးကြီးနှစ်ထပ်ကွန်ကရစ် ဖုတ်ကျင်း တချို့ ယိုင်သွားသည်။ ရန်သူက ခေတ္တအပစ်ရပ်ချိန်တွင် တပ်မဟာဘက်မှ ၈၁ မမ မော်တာ၊ ၇၁၊ ၅၂ ဒုံးကျည်တို့ဖြင့် ကြိုကြားကြိုကြား ပြန်ပစ်သည်။


**ဒီဇင်ဘာ ၂၈ ရက်**နေ့ နံနက် ၈ နာရီလောက်မှစ၍ တစ်နေရာက အပစ်ရပ်လိုက်လျှင် နောက်တစ်နေရာက ပုံမှန်ဆက်ပြီး ပစ်ပြန်သည်။ ထိုသို့ မနားတမ်းပစ်ခတ်မှုသည် ညသန်းခေါင်လောက်မှ တိတ်ဆိတ်သွားသည်။

နောက်တစ်နေ့ နံနက် ၃း၀၀ နာရီလောက်တွင် ရန်သူတပ်ဖွဲ့

သည် မွေးမြူရေးခြံနှင့်ကပ်လျက် ကြားဖြတ် ဆက်သွယ်ရေးရုံး သောင်ရင်း တစ်ဖက်ကမ်း ရေတိမ်ပိုင်းမှလာ၍ ယိုင်နေသောဖုတ်ကို 72 (ဝါ) RPG ဖြင့် ပစ်ဖြိုလိုက်ကာ လျှောက်မြောင်းထဲကို ဝင်ရောက်နေရာယူလိုက်နိုင်သည်။

တပ်မဟာဘက်မှလည်း နှစ်ကြိမ်တိုင်တိုင် 72 နှင့် လက်နက်ငယ်များဖြင့် အဆက်မပြတ်ပစ်ခတ် တက်ရှင်းသော်လည်း ဒဏ်ရာရကြပြီး ၎င်းနေရာကို လက်လွှတ်လိုက်ရသည်။ နံနက် ၅ နာရီ အချိန်တွင် ရန်သူသည် ကိုက် ၁၅၀ ခန့် အကွာရှိ လျှောက်မြောင်းတစ်ကြောနှင့် စိုက်ခင်းအပြန့်ပိုင်းမှ တက်လာရာ အမြင့်ပိုင်း အ.ထ.က ကျောင်း ပုံနှိပ်တိုက်တွင် နေရာယူထားသော တပ်မဟာမှ ရဲဘော်များသည် အနည်းငယ်သာ ခုခံပစ်ခတ်ပြီး ရရာလက်နက်ငယ်ကိုလွယ်လျက် သောင်ရင်းတစ်ဖက်ကမ်းရှိ ထိုင်းနယ်ဖက်ကို ဆုတ်ခွာသွားကြတော့သည်။

**၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်**သည် တပ်မဟာ (၆) ဌာနချုပ် **ဖလူးစခန်း** ကျသည့်နေ့ ဖြစ်သည်။



ဗိုလ်ချုပ်မြ၊ ဖူးတာအယ်၊ ဗိုလ်ချုပ်ရွှေဆိုင်း

## ၃၅။ တပ်မဟာ (၆)၊ ဒူးပလာယာခရိုင်သို့ အလည်တစ်ခေါက်

**၁၉၉၆ ခုနှစ်** နှစ်ဆန်းပိုင်းတွင် ဗိုလ်မှူးမိုးဟိန်းသည် ခရီးကြုံသဖြင့် တပ်မဟာ (၆) နယ်မြေရှိ **သဝေါါတော**သို့ ပြောင်းရွှေ့ထားသော KNU SHQ ရုံးသို့ ရောက်ခဲ့သည်။

အထွေထွေအတွင်းရေးမှူးချုပ် **ပဒိုဘသင်စိန်**ကို နှုတ်ဆက်ပြီး တပ်မဟာ (၆) ရှေ့တန်းရုံးရှိ တပ်မဟာမှူး**ရွှေဆိုင်း**ဆီ ဝင်နှုတ်ဆက်စဉ် တပ်မဟာမှူးရွှေဆိုင်းတစ်ဖြစ်လဲ KNU ဒု-ဥက္ကဋ္ဌက ဗိုလ်မှူးမိုးဟိန်းကို တွေ့သည်နှင့် "ဟော့.. ဗိုလ်မိုးဟိန်း.. ဘယ်ကနေ မျက်စိလည် လမ်းမှားလာတာလဲ၊ ခင်ဗျား ဟိုးလွန်ခဲ့တဲ့ တစ်ဆယ့်ငါးနှစ်လောက်ကတည်းက ဒီမှာလာဖို့ကောင်းတယ်" ဟု ရယ်မောစွာ ကြိုဆိုနှုတ်ဆက်သည်။ ဗိုလ်မှူးမိုးဟိန်းကလည်း "လာချင်တာပေါ့ဗျာ.. တပ်မဟာ (၇)မှူးက တပ်မဟာ (၆)ဘက်ကို မလာခိုင်းဘူး.. ဘယ်မှာပဲ လုပ်လုပ်၊ တော်လှန်ရေးလုပ်တာပါပဲတဲ့" ဟု ပြန်ပြောဖြစ် လိုက်သည်။ နှစ်ယောက်သား ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြပြီး နံနက်စာစားကြသည်။ ဒု-ဥက္ကဋ္ဌကို နှုတ်ဆက်ပြီးနောက် **ဒူးပလာယာ**ခရိုင် ဥက္ကဋ္ဌဆီကို ဆက်သွားသည်။

ခရိုင်ရုံးရောက်ပြီး နာရီဝက်ခန့်အကြာတွင် **ဖူးတာအယ်** အခေါ်ခိုင်း၍ **ဗိုလ်မှူးချုပ်ကျော်သောင်းနှင့် ဗိုလ်မဟာဒူး**တို့ ရောက်လာကြသည်။ ဗိုလ်မှူးမိုးဟိန်းက တာတပေါစစ်ဆင်ရေးပြီးနောက် ပုသိမ်အရှေ့ခြမ်းသို့ရောက်စဉ်က မြို့နယ်မှူးများ၊ တပ်သား၊ တပ်ဗိုလ်၊ တပ်မှူးတချို့တို့အား သင်တန်းအကူ ဗိုလ်မဟာဒူးနှင့်အတူ ဗိုလ်မှူးချုပ်ကျော်သောင်းတို့က နိုင်ငံရေးသင်တန်းပေးခဲ့ပုံကိုလည်းကောင်း၊ ဓမ္မသီချင်းစာအုပ်မရှိဘဲ သမ္မာကျမ်းစာ တစ်အုပ်နှင့်သာ ဥပုသ်နေ့ နံနက်ဝတ်ပြုမှုအစီအစဉ်တွင် ဗိုလ်မဟာဒူးက နှုတ်ကပတ်တော် ဝေငှပုံကိုလည်းကောင်း၊ သက်ကြီးခေါင်းဖြူ **ဗိုလ်ချုပ်မြရင်**၏ ကျန်းမာရေး ဒေါင်ဒေါင်မြည်နေပုံ၊ စိတ်ဓာတ်ခိုင်မာတက်ကြွပုံတို့ကို သတိရမိသေးကြောင်း ပြောပြသည်။ ခရိုင်ရုံး အဖွဲ့သားတချို့လည်း စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ခရိုင်ဥက္ကဋ္ဌ**ဖူးတာအယ်**(ဗိုလ်ချုပ်တင်ဦး-ကွယ်လွန်)က တာတပေါ စစ်ဆင်ရေးမတိုင်မီ ပဲခူးရိုးမအခြေစိုက်KNU ပါတီ ဗဟိုက ခေါ်သဖြင့် KPLA ကရင့်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တပ်ရင်း (၁)၊ တပ်ရင်းမှူး တာဝန်ကို ဗိုလ်ကျော်လှိုင်(မြပုခက်)အား တာဝန်လွှဲအပ်ခဲ့ပုံ၊ ပဲခူးရိုးမအရှေ့ခြမ်း ဒေါနနယ်မြေ(အရှေ့တိုင်းကော်သူးလေ)တွင် အစောဆုံး တာဝန်ပေးအပ်ခံရသူဖြစ်ပုံ၊ KNUP တွင် အယူအဆကွဲလွဲမှုကြောင့် SHQ အဖွဲ့မှ ခေါင်းဆောင်တို့ ဗိုလ်ချုပ်မြတို့နှင့် ပူးပေါင်းကြပုံ၊ မိမိ(ဖူးတာအယ်)သည်ပင်လျှင် အယူအဆ မတူညီကြသဖြင့် အရှေ့တိုင်းဘက်ကို ရောက်လာပြီး ဗိုလ်ချုပ်မြ၏ အကျဉ်းသားဘဝဖြစ်ခဲ့ပုံ၊ တော်လှန်သောအမျိုးသားအချင်းချင်း ပြန်လည်ပေါင်းစည်းကြပြီးနောက် **၁၉၈၁၊ ၈၂ ခုနှစ်**တွင် ဗိုလ်ချုပ်မြက **ဒူးပလာယာ**ခရိုင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ပုံတို့ကို ကွမ်းစားရင်း ပြုံးပျော်ရွှင်စွာ ပြောပြသည်။

ဖူးကျော်သောင်း(ဗိုလ်မှူးချုပ်ကျော်သောင်း-ကွယ်လွန်)ကလည်း အမျိုးသားအချင်းချင်း ပြန်လည်ပေါင်းစည်းပြီးနောက် အထူးတပ်ရင်း (၁၀၁)တွင် တော်လှန်ရေးတာဝန်ကို ဆက်လက်ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရပုံ၊ **ဝမ်းခ** (ခ) **ကော်မူးရာ**တွင် (၁၀၁)တပ်ရင်းမှူး **ဗိုလ်မှူးတောလှ** (ကွယ်လွန်)၊ ဒု-ရင်းမှူး **ဗိုလ်မှူးသန်းမောင်** (ကွယ်လွန်)တို့နှင့်အတူ စစ်ရေးကိစ္စအဝဝကို တိုင်ပင်ဆွေးနွေးကြပုံ၊ (၁၀၁)တပ်ရင်းရှိ ရဲဘော်၊ အကြပ်၊ ခွဲမှူးအားလုံးကို အသုတ်လိုက် နိုင်ငံရေးသင်တန်းပေးခဲ့ရပုံ၊ KNDO ဗိုလ်ချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီးနောက် ရဲဘော်များ တပ်မှူးများနှင့်အတူ **၁၉၇၆ ခုနှစ်** မှ **၁၉၉၅ ခုနှစ်**အထိ ရန်သူ့ထိုးစစ်ကို တွန်းလှန်ခဲ့ပုံနှင့် နောက်ဆုံး ကော်မူးရာစခန်းကို ရန်သူ မသိမ်းပိုက်နိုင်သော်လည်း KNU ဒု-ဥက္ကဋ္ဌက နယ်မြေ (၀၊) စခန်း ဆုံးချင်ဆုံးပါစေ၊ တော်လှန်သော မျိုးချစ်တွေ မဆုံးသမျှ၊ မပြုန်းသမျှကာလပတ်လုံး တော်လှန်ရေးကို ဆက်လက်လုပ်လို့ရပါသည် ဟုဆိုကာ ဘန်ကာ၊ ကွန်ကရစ်ဖုတ်ကျင်းထဲမှာ မွန်းကျပ်ပြီး ခုခံနေသူအားလုံးကို စခန်းထဲမှ ထွက်ခွာခိုင်းသဖြင့် သယ်လို့ရသမျှ လက်နက်များဆွဲ


ပြီး ကော်မူးရာစခန်းမှ အောင်မြင်စွာ ဆုတ်ခွာခဲ့ရပုံကို ဝမ်းနည်းကြေကွဲစွာ ပြောပြခဲ့သည်။

ဖူးတာအယ်က ဆိတ်ကြီးကြီးတစ်ကောင်ဝယ်ပြီး မစားရတာကြာပြီဖြစ်သော အရသာရှိသည့် ဆိတ်ချေးခါး၊ ဆိတ်သားဆီပြန်ဟင်းဖြင့် ဧည့်ခံသည်ကို အဝစားပြီး နောက်တစ်ရက်နံနက်တွင် တပ်မဟာ (၆) ဒူးပလာယာခရိုင်မှ မယ်လာဒုက္ခသည်စခန်းသို့ ပြန်ခဲ့တော့သည်။

ဗိုလ်မှူးမိုးဟိန်းသည် **၂၀၀၅ ခုနှစ်**တွင် **မယ်လာ**ဒုက္ခသည်စခန်းသို့ ဝင်ရောက်ပြီးနောက် ဩစတေးလျသို့ ရောက်နှင့်နေပြီးသော သားနှင့် သမီးတို့ က Sponsor လုပ်ပေးသဖြင့် **၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်** နေ့တွင် Brisbane မြို့၊ Queensland ပြည်နယ် Australia နိုင်ငံကို ကောင်းမွန်စွာ ရောက်ရှိလာသည်။ သမီးအိမ်တွင်နေထိုင်ပြီး ဩစတေးလျအစိုးရ၏ လူမှုရေး၊ ကျန်းမာရေး ကူညီစောင့်ရှောက်မှုကို အပြည့်အဝရရှိခံစားရသည်။ တိုက်ပွဲတွင်ရခဲ့သော ဒဏ်ရာများအနက် ကျောဘက်မှဖောက်ဝင်သွားသောကျည်စနှင့် ပေါင်တွင် ဖောက်ဝင်သွားသော ကျည်စ (၂)ခုကို ဆရာဝန်က မခွဲထုတ်ပေးသော်လည်း ယနေ့အချိန်အထိ ကျန်းမာစွာနေထိုင်လျက်ရှိပါသည်။

မန်းအိုင်ရှောင်း(ရောမြေ)







မန်းအောင်ငွေး၊ ဗိုလ်မိုးဟိန်း၊ မန်းချစ်စိန်






မန်းချစ်စိန်နှင့် ဗိုလ်မိုးဟိန်း

# ဗိုလ်မှူးမိုးဟိန်း အထုပ္ပတ္တိ အကျဉ်း။
## (ကရင့်သမိုင်းသုတေသနအဖွဲ့)

ဖခင်အမည် မန်းသာအေး၊ မိခင်အမည်မှာ နန့်ငွေရီ ဖြစ်သည်။ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ် "ကြံချပ်"ကျေး ရွာ၌ ၁၉၄၀ နိုဝင်ဘာ (၁၃) ရက်တွင် ဖွားမြင်သည်။ မွေးချင်းမောင်နှမများမှာ သာမောင်၊ သာလှ၊ အောင်သိန်း၊ မစိန်မြိုင်၊ ပန်းညို၊ မအုန်းလှိုင်၊ မအပုံ၊ မိုးဟိန်း၊ လွန်းကြိုင်၊ မြသန်း တို့ဖြစ်သည်။ "ကြံချပ်" ကျေးရွာ မူလတန်း ကျောင်းတွင် စတင်ပညာ သင်ကြားခဲ့ရာ ၁၉၅၃ ခုနှစ်တွင် မူလတန်းအောင်မြင်ခဲ့သည်။ မူလတန်း အောင်မြင်သောနှစ် ၁၉၅၃ ခုနှစ် အသက် (၁၃)နှစ်တွင် ကရင့်လက်နက်ကိုင် တော်လှန်ရေးထဲသို့ ဝင်ရောက်ခဲ့သည်။ KPLA တပ်ရင်း (၁) တွင် တိုက်စွမ်း ရည်ရှိခြင်း၊ ရဲစွမ်းသတ္တိရှိခြင်းကြောင့် ၁၉၅၃ ခုနှစ် (၆)လအတွင်း ဒု တပ်ကြပ် ရာထူးကို ရရှိခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် တပ်ကြပ်ကြီးရာထူးကို ရရှိခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် တပ်စုမှူး ရာထူးကို ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဒုခွဲမှူး အဆင့်မှ တပ်ခွဲမှူးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်း ခံရသည်။ KPLA တပ်ရင်းမှူး မှာ ဗိုလ်မှူးကျော်လှိုင် (ခေါ်) မြပုခက်ဖြစ်ပြီး ဒု ရင်းမှူးမှာ ဗိုလ်မှူးမြသိန်း ဖြစ် သည်။

၁၉၅၆ ခုနှစ် "မောကို" ကွန်ကရက်မှ ဒုတိယလမ်းစဉ်ကို ချမှတ် အတည်ပြုခဲ့ပြီး KNU တပ်ဦးပါတီကို ဖွဲ့စည်းခဲ့ရာ စစ်ရေး၊ နိုင်ငံရေး ပူးတွဲ ဆောင်ရွက်မှုများတွင် ဗိုလ်မှူးမိုးဟိန်းဦးဆောင်သော တပ်ခွဲသည် အမှတ် (၃) ခရိုင်ဖြစ်သော ဟံသာဝတီ၊ တွံတေး၊ ကွမ်းခြံကုန်းဒေသ၊ ဒေးဒရဲ မြို့နယ် တွင် မြို့နယ် အတွင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ စစ်ရေး၊ နိုင်ငံရေး ဦးဆောင်မှုတွင် ရန်သူကို ပြတ်သားစွာတိုက်ခိုက်ပြီး ဒေသလုံခြုံရေးကို ထိန်း သိမ်းခဲ့သည်။ ၁၉၅၈ ခုနှစ် ဗိုလ်ချုပ်နေဝင်းဦးဆောင်ပြီး တပ်အင်အား

၉၀၇၇ ဖြင့် တာတပေါစစ်ဆင်ရေးသည် မြစ်ဂကျွန်းပေါ်ရှိ ကရင့်လက်နက်ကိုင်အင်အားစုအား အပြုတ်တိုက်ရန် ထိုးစစ်ဆင်ခဲ့သည်။ ထိုပိတ်ဆို့ တိုက်ခိုက်ရေးတွင် ရန်သူဘက်မှ ကြည်း၊ ရေ၊ လေ အသုံးပြုပြီး အပြင်းအထန်ပစ်ခတ်ခဲ့သည်။ ၃၇၁-၃၇၂ ရေယာဉ်များပေါ်မှ အမြောက်ကြီးများဖြင့် အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်သဖြင့် ကရင့်လက်နက်ကိုင်များ ကိုင်းတော၊ ကျူတောများထဲတွင် ပြောင်းရွှေ့နေရာယူကြရပြီး အခွင့်သာသလို ပြန်လည်တိုက်ခိုက်ခဲ့ရသည်။

မအူပင်အရှေ့ခြမ်း၊ ရေကျော်ကွင်း၊ မိုးမခချောင်းဖျားရွာကြီးများတွင်လည်းကောင်း၊ တွံတေးနယ်စပ်ဒေသ ပန်းလှိုင်ချောင်းဖျားရှိ အင်းတူးဒေသ၊ အဖျောက်ဇကာကြီး၊ ဝါးတောကျင်ဖိုဒေသ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ကွမ်းခြံကုန်းနယ်မြေ၊ ဆုံရှုန်း၊ ဝါးသခ်၊ ထန်းတပင်၊ ညောင်ဒေါင့်၊ အင်းယားချောင်းတိုက်ပွဲများတွင်လည်းကောင်း၊ ထရော်ချောင်း၊ ကဝက်ကင်း တိုက်ပွဲအသီးသီးတို့တွင်လည်းကောင်း၊ ထိန်ငူတိုက်ပွဲ၊ လက်ကြားကြီး၊ စာဖြူစု၊ ကျောင်းရွာများတွင်လည်းကောင်း၊ ကဒုံ၊ ကညင်ငူ တိုက်ပွဲများတွင် လည်းကောင်း ရန်သူကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်သည်။ တာတပေါ စစ်ဆင်ရေးသည် ရန်သူဘက်မှ အကျအဆုံးများသဖြင့် (၁)နှစ် နှင့် (၆)လ အကြာတွင် ထိုးစစ်ကို ရုတ်သိမ်းလိုက်သည်။

၁၉၅၈ ခုနှစ်တွင် ဗိုလ်မှူးမိုးဟိန်းနှင့် သူ ဦးဆောင်သောတပ်ဖွဲ့သည် ရန်သူကို အများဆုံးတိုက်ခိုက်နိုင်သဖြင့် "တာတပေါ"ဆုကို ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အရှေ့တိုင်းပါတီဌာနချုပ်တွင် ပါတီဗဟိုလုံခြုံရေးတာဝန်ကို ထမ်းဆောင်ရန် တာဝန်ပေးခြင်း ခံရသည်။ အရှေ့တိုင်းဒေသ ဗဟိုလုံခြုံရေးတာဝန်ကို ထမ်းဆောင်ရင်း ရှားစီးဖိုတိုက်ပွဲ၊ ဘုန်းမဒီးတိုက်ပွဲ၊ မြစောညီနောင်တိုက်ပွဲ၊ ပျားစခန်းတိုက်ပွဲ၊ အုပ်သျှစ်ကုန်း တိုက်ပွဲများကို ဦးဆောင်ပြီး တိုက်ခိုက်ခဲ့ရာ ရန်သူ့သေနတ် အများအပြား သိမ်းပိုက်နိုင်ခဲ့သည်။ အရှေ့တိုင်းဗဟိုဌာနချုပ်တွင် နိုင်ငံရေးသင်တန်း (၅)ကြိမ်၊ ပဲခူးရိုးမတွင် စည်းရုံးရေး၊

နိုင်ငံရေးသင်တန်းများကို တက်ရောက်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ပါတီ ဗဟိုကို ပဲခူးတိုင်းသို့ ပြောင်းရွှေ့ရာ ရန်သူ၏ အောင်စိုးမိုး စစ်ဆင်ရေးသည် KNU ပါတီနှင့် ဗကပ ဗဟိုဌာနချုပ်ကို ခြေမှုန်းရန် စတင်ဝင်ရောက်ခဲ့သည်။ တပ်မ ၈၈/၉၉ ကို အသုံးပြုပြီး ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သော်လည်း အကျအဆုံး ဆုံးရှုံးမှုများစွာဖြင့် ရုတ်သိမ်းလိုက်ရသည်။

KNU ပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ တပ်ဖွဲ့များ ပူးပေါင်းပြီး ၁၉၇၁ ခုနှစ်တွင် အောင်နိုင် ပူးတွဲတပ်ကို ဖွဲ့စည်းခဲ့သည်။ ပူးတွဲ စစ်ကြောင်းတွင် KNU ပါတီမှ စစ်ကြောင်းဖွဲ့စည်းခဲ့ရာ စစ်ကြောင်း (၂)တွင် ဗိုလ်မှူး မိုးဟိန်း က ဦးဆောင်ခဲ့သည်။

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ (၁၈)ရက်နေ့မှ စပြီး ပဲခူးတိုင်းကို ရန်သူမှ ဖြတ် (၄)ဖြတ်ဖြင့် တိုက်ခိုက်ခဲ့ရာ KNU ပါတီသည် ပဲခူးတိုင်းကို လက်လွှတ်ခဲ့ရပြီး အရှေ့တိုင်းသို့ ရွှေ့ပြောင်းခဲ့သည်။ ထိုသို့ရွှေ့ပြောင်းရာတွင် လုံခြုံရေး၊ တိုက်ခိုက်ရေး အစီအစဉ်များကို ဗိုလ်မှူးမိုးဟိန်း ၏ တပ်ဖွဲ့များက အဓိက တာဝန်ယူပြီး ခေါင်းဆောင်များနှင့် ပါတီဝင်အားလုံး၏ လုံခြုံရေးအတွက် လုံခြုံစွာ တာဝန်ယူ ထမ်းဆောင်ခဲ့သည်။

၁၉၇၅ ခုနှစ် အောက်တိုဘာလတွင် ပါတီကို ဖျက်သိမ်းပြီး အရှေ့တိုင်း KNU အတွင်း ပူးပေါင်းပြီးနောက် တော်လှန်ရေးတာဝန်ကို ဆက်လက် ထမ်းဆောင်ခဲ့သည်။ အရှေ့တိုင်း KNU အတွင်း တပ်ရင်း (၁၄)ကို ဖွဲ့စည်းရာ ဗိုလ်မှူးမိုးဟိန်းကို တပ်ရင်း (၁၄) တပ်ရင်းမှူးအဖြစ် ခန့်အပ်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် တပ်မဟာ (၇) တပ်ရင်း (၂၂)တွင် ဒု တပ်ရင်းမှူး အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။ ၁၉၇၆ မှ ၁၉၉၀ အထိ တပ်မဟာ (၇)တွင် စစ်ကြောင်းမှူးအဖြစ် တာဝန်ယူခဲ့ပြီး လှိုင်းဘွဲ၊ ထီးကဆောမဲ၊ ကတိုင်တိ၊ ထောကွဲ ဒေသများတွင် တာဝန်ယူ လှည့်လည်တိုက်ခိုက်ခဲ့သည်။

ထွီးဖါးဝီးတိုက်ပွဲတွင် တပ်ရင်း (၂၂)ကို ဦးဆောင်ပြီး (၂)ကြိမ် တိုင်တိုင် တာဝန်ယူခဲ့သည်။

ဗိုလ်မှူးမိုးဟိန်းသည် ၂၀၀၅ ခုနှစ်တွင် မယ်လာဒုက္ခသည်စခန်းသို့ ဝင်ရောက်ပြီးနောက် ဩစတြေးလျသို့ ရောက်နှင့်နေပြီးသော သားနှင့် သမီးတို့မှ Sponsor လုပ်ပေး၍ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ (၁၃)ရက် နေ့တွင် Brisbane မြို့၊ Queensland ပြည်နယ် Australia နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ တိုက်ပွဲတွင်ရခဲ့သော ဒဏ်ရာအနက် ကျောဖက်မှ ဖောက်ဝင်သွားသော ကျည်စနှင့် ပေါင်တွင် ဖောက်ဝင်သွားသော ကျည်စ (၂)ခု ကို ဆရာဝန်မှ မခွဲထုတ်ပေးခဲ့ပေ။

ဗိုလ်မှူးမိုးဟိန်းသည် မိသားစုနှင့်အတူနေထိုင်ရင်း ၂၀၂၂ ခုနှစ် မတ်လ ၃ ရက် Brisbane စံတော်ချိန် နံနက် (၇)နာရီခွဲအချိန်တွင် ကျောက်ကပ်ရောဂါဖြင့် နေအိမ်တွင် ကွယ်လွန်သွားသည်။ ကွယ်လွန်ချိန်တွင် အသက် (၈၅)နှစ် ရှိပြီဖြစ်သည်။

